Karen Information Center

# ကရင်သတင်းစဉ်

လူ့အခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေး၊ ဒီမိုကရေစီအရေး

ဒီဇင်ဘာလ၊ ၂၀၂၀ ခုနှစ် | The Karen News | အတွဲ (၈)၊ အမှတ် (၄)

## ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲ နှင့်ပတ်သက်၍ အမြင်သဘောထား


စောခင်မောင်မြင့်


မန်းထိန်ဝင်းခိုင်


မန်းသန်းဝင်းဦး


နန်းစေးအွာ

၂၀၂၀ အထွေထွေ ရွေးကောက်ပွဲပြီးဆုံးသွားပြီးနောက် ဧရာဝတီ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ် အခြေစိုက် ကရင်နိုင်ငံရေးပါတီ ၄ ပါတီက ခေါင်းဆောင်များ၏ အမြင်သဘောထား၊ ပြောဆိုမှုများကို ကေအိုင်စီသတင်းထောက် စောရှားက ဆက်သွယ်မေးမြန်းထားပါတယ်။

စာမျက်နှာ (၂၁) သို့ ▸▸▸



## အနာဂတ်နိုင်ငံရေးကို ဘယ်လိုလျှောက်လှမ်းကြမလဲ

S.မင်းခိုက်သူ

၂၀၂၀ ပြည့် ရွေးကောက်ပွဲတွင် ကရင်ပါတီများ ရရှိလိုက်သည့် အမြတ်များစွာထဲက ကရင်ပါတီများ၏ နိုးဆော်လှုပ်ရှားပေးမှုကြောင့် ကရင်ပြည်သူလူထုသည် မိမိတို့လူမျိုးပါတီ အနိုင်ရရှိရေးအတွက် စည်းလုံးလာကြသည်။ နိုင်ငံရေးအသိ၊ အမျိုးသားရေးအသိ နိုးကြားလှုပ်ရှားလာကြသည်။ သို့သော် မိမိတို့အမျိုးသား နိုင်ငံရေးတွင် နိုးကြားရမှန်းမသိ၊ မိမိကိုယ်ကို မအားကိုးလိုသော ကရင်အများစုက ကျန်သေးသည်ကို တွေ့ရလေသည် ...

စာမျက်နှာ (၁၇) သို့ ▸▸▸

## တပ်မတော် တပ်စခန်းများကို ၂၀၂၀ နှစ်ကုန်အတွင်း အပြီးပိုင် ရုပ်သိမ်းပေးရန် KNLA တောင်းဆို

စာမျက်နှာ (၈) သို့ ▸▸▸





## Goldman သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာဆုကို ကရင် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ ခေါင်းဆောင် စောပေါလ်စိန်ထွား ရရှိ

စာမျက်နှာ (၈) သို့ ▸▸▸



# ကလေးစစ်သားအသုံးပြုမှု ကာကွယ်တားဆီးရေးဆိုင်ရာ သဘောတူစာချုပ် DKBA ချုပ်ဆို

နိုဝင်ဘာ ၂၀ ရက်၊ ၂၀၂၀ ပြည့်နှစ် စအိုင်ဆူး

ကရင်လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတစ်ခု ဖြစ်သည့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်–DKBA နှင့် မြန်မာနိုင်ငံ ကလေးသူငယ် အခွင့်အရေးများကို ကြီးလေးသော ချိုးဖောက်မှုများအား စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံ တင်ပြရေး နိုင်ငံအဆင့် အထူးတာဝန်အဖွဲ့ (CTFMR) တို့အကြား ကလေးစစ်သား အသုံးပြုမှု ကာကွယ်တားဆီးရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုး ချုပ်ဆိုခြင်း အခမ်းအနားကို နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အွန်လိုင်းဖြင့် ပြုလုပ်ကျင်းပခဲ့ကြောင်း သိရသည်။

ကလေးများကို တပ်သားအဖြစ် စုဆောင်းခြင်း၊ အသုံးပြုခြင်းတို့မှ ကာကွယ်တားဆီးခြင်းနှင့် အဆုံးသတ်ခြင်းဆိုင်ရာ ပူးတွဲလုပ်ငန်းအစီအစဉ်အတွက် ရေးထိုးသည့် အဆိုပါ သဘောတူစာချုပ်ကို ကုလသမဂ္ဂ ထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ အရာရှိများ၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးကော်မရှင် (PC)၊ သံတမန်အရာရှိများ၊ CTFMR ကိုယ်စားလှယ်များနှင့် တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ် ရေးထိုးထားသော DKBA မှ ထိပ်ပိုင်းခေါင်းဆောင်များ ပါဝင် လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်ဟု DKBA က ဆိုသည်။

DKBA အရာရှိတစ်ဦးက 'ကလေးစစ်သား လက်မခံကြောင်းကို လက်မှတ်ထိုးတာပေါ့။ ဒီမနက်လေးပဲထိုးတာ။ ဒီကိစ္စက ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်ကတည်းက နေပြည်တော်မှာ တစ်ခါတွေ့ဆုံတယ်၊ မြဝတီမှာလည်း တခါတွေ့ဆုံတယ်။ အရင်ဆုံး တွေ့ဆုံပြီးတော့မှ ကလေးစစ်သားနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို တွေ့ဆုံ ဆွေးနွေးပြီးတော့မှ လက်မခံကြောင်းကို ဆွေးနွေးကြတယ်။ ဒါပေမဲ့ ဒါက အတည်ပြုလက်မှတ်ထိုးတာပေါ့'ဟု ကေအိုင်စီသို့ ပြောသည်။

အဆိုပါ လက်မှတ်ရေးထိုးခြင်းကို DKBA ဘက်မှ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမိုရှေး၊ ဒု–စစ်ဦးစီးချုပ် ဒုဗိုလ်ချုပ်ကြီး စောစတီးနှင့် CTFMR ၏ ပူးတွဲဥက္ကဋ္ဌအဖွဲ့ဝင် ကိုယ်စားလှယ်

စာမျက်နှာ (၄) သို့ ▶▶▶

# ညီနောင်မဟာမိတ် (၃)ဖွဲ့ ဒီဇင်ဘာလအထိ တစ်ဖက်သတ် အပစ်ရပ်ကြေညာချက် သက်တမ်းတိုး

နိုဝင်ဘာ ၁၂ရက်၊ ၂၀၂၀ပြည့်နှစ်။ စအိုင်ဆူး

ရက္ခိုင့်တပ်တော် (AA)၊ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)နှင့် MNDAA (ကိုးကန့်)တို့ ပါဝင်သည့် ညီနောင်မဟာမိတ် ၃ ဖွဲ့အနေဖြင့် နိုဝင်ဘာလ ၁၁ ရက်နေ့မှစ၍ လာမည့် ဒီဇင်ဘာလကုန်အထိ တစ်ဖက်သတ် အပစ်ရပ်ခြင်းကို သက်တမ်းတိုးလိုက်ကြောင်း သဘောထား ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

နိုဝင်ဘာ ၁၁ ရက်က ထုတ်ပြန်သည့် ကြေညာချက်အရ ၂၀၂၀ ရွေးကောက်ပွဲအပြီး နောက်ထပ် အစိုးရသက်တမ်းကို ဦးဆောင်မည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရနှင့် တပ်မတော်တို့အကြား လက်တွေ့ကျသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းနိုင်ရန်အတွက် ယခုလို တစ်ဖက်သတ် အပစ်ရပ်ခြင်းကို ထပ်မံသက်တမ်းတိုးမြှင့် ခြင်းဖြစ်သည်ဟု ၎င်းတို့က ဆိုသည်။

မြန်မာ့တပ်မတော် အနေဖြင့် အောက်တိုဘာလကုန်အထိ ရပ်ဆိုင်းထားသည့် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ယခုလ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ထပ်မံတိုးမြှင့်လိုက်ကြောင်း ပြီးခဲ့သည့် အောက်တိုဘာလ ၃၀ ရက်နေ့က ထုတ်ပြန် ကြေညာခဲ့ပြီးနောက် ယခုလို ညီနောင် ၃ ဖွဲ့ဘက်မှ သက်တမ်းတိုး ကြေညာချက်များ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

သို့သော် တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှု သက်တမ်းတိုး ရပ်ဆိုင်းမှုတွင် အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် အစိုးရမှ သတ်မှတ်ကြေညာထားသည့် နယ်မြေများအပ ကျန်နယ်မြေများသာ ပါဝင်ကြောင်း ဖော်ပြထားပြီး Covid-19 ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ထာဝရ ငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက်ဟု ဖော်ပြထားသည်။

ယနေ့ ထုတ်ပြန်ချက်တွင်လည်း ရွေးကောက်ပွဲအပြီး အသစ်ဖွဲ့စည်းသွားမည့် အစိုးရသစ်နှင့် မြန်မာ့တပ်မတော်တို့အား ပြည်တွင်းစစ် ချုပ်ငြိမ်းမည့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို အမှန်တကယ် ဆွေးနွေးနိုင်ရန်အတွက် အချက် ၄ ချက်ပါ တောင်းဆိုချက်ကိုလည်း ထည့်သွင်းဖော်ပြထားသည်။

၎င်း တောင်းဆိုချက်များအရ တိုင်းရင်းသားဒေသ အထူးသဖြင့် ရခိုင်ဒေသတွင် ထိုးစစ်ဆင်တိုက်ခိုက်မှုများကို ရပ်တန့်ရန်၊ ဒေသခံ တိုင်းရင်းသား ပြည်သူများအပေါ် ဖမ်းဆီး နှိပ်စက်၊ သတ်ဖြတ်ခြင်းများနှင့် လက်နက်ကြီးငယ်များဖြင့် ပစ်ခတ်ခြင်းအပြင် နေအိမ်မီးရှို့ဖျက်ဆီးခြင်းများကို မပြုလုပ်ရန် ကနဦးတောင်းဆိုထားသည်။

ထို့နောက် ယုံကြည်မှု တိုးတက်ရန်နှင့် တွေ့ဆုံဆွေးနွေးမှုများ လွယ်ကူစေရန် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအပေါ် အကြမ်းဖက်အဖွဲ့အစည်း၊ မတရားအသင်း ကြေညာချက်များကို ပြန်လည် ရုပ်သိမ်းပြီး ပထမအစိုးရ သက်တမ်းတွင် ကြုံတွေ့ခဲ့ရသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အကြပ်အတည်းများကို ပြန်လည်သုံးသပ်ကာ တိုင်းရင်းသားပြည်သူအကျိုးကို ဦးတည်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ရဲဝံ့စွာ ချမှတ်ရန်နှင့် ၎င်းတို့ မဟာမိတ်အဖွဲ့အစည်းနှင့် ရပ်တန့်နေသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ရှေ့ဆက်နိုင်ရေး အစိုးရသစ်အနေဖြင့် အထူးအလေးပေး ဆောင်ရွက်ရန်ကိုပါ တိုက်တွန်းတောင်းဆိုထားသည်။



ညီနောင်မဟာမိတ် ၃ ဖွဲ့အနေဖြင့် တိုက်ပွဲများလျှော့ချပြီး နှစ်ဖက် တွေ့ဆုံဆွေးနွေးမှုများ ဖြစ်ပေါ် တိုးတက်ရန်အတွက် တစ်ဖတ်သတ် အပစ်ရပ်ကြေညာချက်ကို ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် စက်တင်ဘာလက စတင်ထုတ်ပြန်ခဲ့ပြီး ယခု ၂၀၂၀ခု နှစ်အထိ တစ်ဖက်သတ် အပစ်ရပ်စဲကြောင်းကို ၇ ကြိမ်တိုင်တိုင် ဆက်တိုက် သက်တမ်းတိုးမြှင့်ခဲ့ကြောင်း ၎င်းတို့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အလားတူ မြန်မာ့တပ်မတော်နှင့် ကြုံတင်ကန့်သတ်မှု မပါသည့် အပစ်အခတ် ရပ်စဲမှုမျိုးကို ဆွေးနွေးရန် အဆင်သင့်ဖြစ်ကြောင်းနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲပြီး စစ်မှန်သည့် နိုင်ငံရေး ဆွေးနွေးပွဲကို FPNCC (ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေး ညှိနှိုင်းရေး ကော်မတီ) ဦးဆောင်မှုဖြင့် လိုက်ပါဆွေးနွေးရန် အမြဲ အဆင်သင့်ဖြစ်ကြောင်းကိုလည်း ၎င်းတို့၏ သဘောထား ထုတ်ပြန်ချက်၌ ထပ်မံ ဖော်ပြထားသည်။

တပ်မတော်နှင့် ညီနောင်မဟာမိတ် ၃ ဖွဲ့တို့အနေဖြင့် တစ်ဖက်သတ် အပစ်အခတ် ရပ်ဆိုင်းကြောင်း အပြန်အလှန် ထုတ်ပြန်မှုများ ရှိခဲ့သော်လည်း လက်တွေ့ မြေပြင်ဒေသများတွင် စစ်ရေးပဋိပက္ခများ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး အရပ်သားထိခိုက်သေဆုံးမှုနှင့် ထွက်ပြေးတိမ်းရှောင်ရမှုများ ဖြစ်ပေါ်လျက်ရှိသည်။

အလားတူ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့က မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့၊ အစိုးရငြိမ်းချမ်းရေး ကော်မရှင်နှင့် မြန်မာ့တပ်မတော်တို့အကြား တွေ့ဆုံညှိနှိုင်း ဆွေးနွေးမှုများရှိခဲ့ပြီး သဘောတူညီချက် ၇ ချက်အထိ ရရှိခဲ့ဖူးသော်လည်း ဆွေးနွေးပွဲများ ရပ်တန့်သွားပြီး ညီနောင် ၃ ဖွဲ့ အဖွဲ့ဝင် ရက္ခိုင့်တပ်တော် (AA)ကို အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ် ကြေညာပြီးသည့်နောက် ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲများ ပြင်းထန်လာခဲ့ကာ ယနေ့အချိန်ထိ တိုက်ပွဲများ ဖြစ်ပေါ်လျက်ရှိသည်။

ညီနောင်မဟာမိတ် ၃ ဖွဲ့၏ ထုတ်ပြန်ချက်တွင်လည်း ... 

အလားတူ ရွေးကောက်ပွဲအပြီး နောက်တစ်ရက် နိုဝင်ဘာလ ၉ ရက်နေ့တွင် မြန်မာအစိုးရတပ်မတော်မှ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆက်လက်ဆွေးနွေးနိုင်ရန်အတွက် တပ်မတော်နှင့် တွေ့ဆုံဆွေးနွေးရန် ရှိလာပါက ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် တပ်မတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးမှုကော်မတီကို ဖွဲ့စည်းကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

# တိုင်းရင်းသားလူမျိုးစုများ ခွဲခြားဆက်ဆံခံနေရဆဲဟု KHRG ထုတ်ပြန်

နိုဝင်ဘာ ၁၈ ရက်၊ ၂၀၂၀ ပြည့်နှစ် စအိုင်ဆူး

ဘာသာရေး၊ လူမျိုးရေးနှင့် အမျိုးသားရေး ဝိသေသန လက္ခဏာများအပေါ် အခြေခံသည့် တိုင်းရင်းသားလူမျိုးစုများ အပေါ် ခွဲခြားဆက်ဆံမှုများနှင့် ပတ်သက်သည့် အစီရင်ခံစာတစ်စောင်ကို ကရင်လူ့အခွင့်အရေးအဖွဲ့ -KHRG က နိုဝင်ဘာ ၁၈ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။




**"ခြိမ်းခြောက်မှုအောက်မှ လူနည်းစုများ၊ အန္တရာယ်ကျရောက်နေသောမတူကွဲပြားမှုများ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမြစ်တွယ်နေသော ခွဲခြား ဆက်ဆံမှု ပုံသဏ္ဍာန်များ"** ခေါင်းစဉ်ဖြင့် ထုတ်ပြန်သည့် အဆိုပါ အစီရင်ခံစာအရ ဗမာမဟုတ်သည့် တိုင်းရင်းသားများအပေါ် အစိုးရ၏ ဗမာလူမျိုးကြီးဝါဒဆန်စွာ ပြုမူဆက်ဆံမှုများကို အဓိက မီးမောင်းထိုး တင်ပြထားသည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ရှိလာပြီ ဖြစ်သော်လည်း တိုင်းရင်းသားလူမျိုးစုများ အနေဖြင့် ၎င်းတို့၏ အမျိုးသားရေး ဝိသေသလက္ခဏာများအရ ခွဲခြားဆက်ဆံခံနေရပြီး အခွင့်အရေး အကာအကွယ်ပေးမှုများ အားနည်းနေကြောင်း KHRG ဒါရိုက်တာ

စာမျက်နှာ (၄) သို့ ▶▶▶



# ကရင်မီဒီယာများ အားကောင်းလာရေး အားပေးလိုသည်

ပြီးခဲ့သည့် လပိုင်းများအတွင်း အင်တာနက် လူမှုကွန်ရက်စာမျက်နှာများတွင် ကရင်သတင်းမီဒီယာဆိုသည့် စာမျက်နှာသစ်များ ပေါ်ထွက်လာသည်ကိုတွေ့ရသည်။ ထို့အပြင် ဇရာဝတီတိုင်း (ခ) မြစ်ဝကျွန်းပေါ်ဒေသတွင် မီဒီယာလုပ်ငန်းကို ဝါသနာပါပြီး အင်တာနက်သတင်းမီဒီယာ စာမျက်နှာတစ်ခု တည်ထောင်ထားသူ မိတ်ဆွေတစ်ဦးက တရားဝင် မှတ်ပုံတင်ရန် တိုင်ပင်ခြင်းများလည်း ရှိခဲ့သည်။

ထိုသို့ ကရင်နှင့် သက်ဆိုင်သည့် သတင်းများကို ဦးစားပေးတင်ဆက်ရန် ရည်ရွယ်ထားသည့် မီဒီယာများနှင့် မီဒီယာကို ဝါသနာ အရင်းခံဖြင့် လုပ်ကိုင်လိုသူ လူငယ်များ ပေါ်ထွက်လာခြင်းကို အားရဝမ်းသာ ဖြစ်ရသည်။ ၂၁ရာစု ဆက်သွယ်ရေး နည်းပညာခေတ်ကြီးတွင် သတင်းများကို အလွယ်တကူ သိနိုင်သော်လည်း မိမိတို့နိုင်ငံမှာ နှစ် ၅၀ကျော်ကြာ သတင်းလွတ်လပ်ခွင့် ပိတ်ပင်ခံခဲ့ရပြီး လွတ်လပ်သည့် သတင်းစာများ ပေါ်ထွက်လာမှုမှာ ရနှစ်ခန့်သာ ရှိသေးသည်။

သတင်းမီဒီယာဟူသည်မှာ ဝါသနာပါသည့်တိုင် သတင်းစာပညာကို စနစ်တကျ လေ့လာသင်ကြားခွင့်များအပြင် တာဝန်ယူမှု၊ တာဝန်ခံမှုများ ပါဝင်သော မီဒီယာကျင့်ဝတ်ကို အာရုံဆောင်မှတ်သားလိုက်နာကာ ကိုယ်တိုင်လည်း သတင်းစာပညာကို လုပ်ကိုင်ရင်း၊ လေ့လာသင်ယူရင်း ဆောင်ရွက်နေရမည် ဖြစ်သည်။ မျက်မှောက်ခေတ်တွင် သတင်း မီဒီယာဌာနကြီးများ၊ မီဒီယာကုမ္ပဏီကြီးများ ရှိသည့်နိုင်ငံများက ကမ္ဘာ့အရေးအရာများတွင် ဦးဆောင်မှုပြုနေသည်ကို တွေ့ရှိရသည်။ သို့သော် အခြားတစ်ဖက်တွင်လည်း သတင်းမီဒီယာကို အများပြည်သူအား မှန်ကန်တိကျ ခိုင်လုံသော သတင်းသိပိုင်ခွင့်ထက် ဝါဒဖြန့်ချိရေး ယန္တရားအဖြစ် တွင်တွင်ကျယ်ကျယ် အသုံးပြုမှုများကိုလည်း တွေ့နေရသည်။

ကရင်လူမျိုးများသည် တစ်ချိန်က သတင်းမီဒီယာအပိုင်းတွင် အတန်အသင့် အားကောင်းခဲ့သည်ဟု ဆိုရပေမည်။ သမိုင်းကိုပြန်ကြည့်လျှင် ၁၈၄၁ ခုနှစ်က မော်လမြိုင်၌ စတင် ထုတ်ဝေခဲ့သည့် ဆာထုဝေါ်(မိုးသောက်ကြယ်) သတင်းစာကို စကောကရင်နှင့် အင်္ဂလိပ်စာ နှစ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သည့်အပြင် ၁၈၈၅ ခုနှစ်တွင် အမျိုးသားသတင်းစာကို အယ်ဒီတာအဖြစ် ဒေါက်တာတီသံပြာက ထုတ်ဝေခဲ့သည်။ ၁၉၁၀ ပြည့်နှစ်မှ ၁၉၂၀ ပြည့်နှစ်အထိ ဆာထုဟား (Evening Star) သတင်းစာ၊ ရီကော်တာ (Recorder) အပတ်စဉ် သတင်းစဉ်၊ ကရင်မဂ္ဂဇင်းနှင့် ထိုစဉ်က အင်းစိန်နှစ်ခြင်းစာသင်ကျောင်း၏ ဘူလက်တင်(Bulletin)သတင်းစာ၊ ယုဒသန်ကောလိပ် ကရင်ကျောင်းသူ ကျောင်းသားများ၏ နှစ်စဉ်ထုတ် ကရင်မဂ္ဂဇင်းနှင့် ၁၉၆၂တွင် ကရင့်ရှေ့ဆောင်ဂျာနယ် စသည်ဖြင့် အသီးသီး ထုတ်ဝေခဲ့ကြဖူးသည်။ ယင်းသို့ သတင်းဂျာနယ်များ အားကောင်းသည်နှင့်အမျှ ကရင်တိုင်းရင်းသားလူမျိုးများလည်း လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် နိုင်ငံရေး စသည့်နယ်ပယ်စုံမှာ မျက်စိပွင့်နားပွင့်စွာ တွေးခေါ်မြော်မြင်မှုများ တိုးတက်မြင့်မားလာခဲ့သည်။

လက်ရှိအချိန်တွင် ကိုရိုနာဗိုင်းရပ်စ်(ကိုဗစ်)ကြောင့် လုပ်ငန်းတိုင်း ခက်ခဲကြပ်တည်းမှုများရှိရာ မီဒီယာလုပ်ငန်းများမှာလည်း ရပ်တည်ရေးအတွက် ချိနဲ့လာခဲ့သည်မှာ အားလုံးအသိဖြစ်သည်။ ထိုအထဲတွင် တိုင်းရင်းသားမီဒီယာများထဲက ကေအိုင်စီ–ကရင်သတင်းဌာနသည်ပင်လျှင် ကရင်သတင်းစဉ်ဂျာနယ်ကို တစ်လတစ်ကြိမ် ပုံမှန်ထုတ်ဝေဖြန့်ချိမှုမှာ အရေအတွက် လျော့နည်းလာခဲ့သည်။ သို့သော် ဘက်စုံမီဒီယာ ထုတ်လုပ်မှုအားဖြင့် ပုံနှိပ်ထုတ်ဝေခြင်းအပြင် ဝက်ဘ်ဆိုက်စာမျက်နှာ၊ လူမှုကွန်ရက်စာမျက်နှာ စသည့် ဒီဂျစ်တယ်သတင်းထုတ်လုပ်မှုများကို ပိုမို အားပြုလာခဲ့သဖြင့် အွန်လိုင်းပရိသတ်မှာ Facebook စာမျက်နှာ၌ follow နှစ်သိန်းရှစ်သောင်းကျော်နှင့် အပတ်စဉ် လူ ၅ သန်းကျော်ဆီသို့ သာ သတင်းများ ရောက်ရှိတင်ဆက်နိုင်သေးသဖြင့် ပြည်မမီဒီယာများနှင့်နှိုင်းယှဉ်လျှင် အလွန်အားနည်းသေးသည်။

ယနေ့ခေတ်ကဲ့သို့ အင်တာနက်လူမှုကွန်ရက်ကို လွယ်လင့်တကူ အသုံးပြုနိုင်သည့်ခေတ်တွင် သတင်းမီဒီယာအမည်တပ်ကာ အွန်လိုင်းသတင်းစာမျက်နှာများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ကြသော်လည်း မိမိတို့ ရေးသားဖော်ပြသမျှ အချက်အလက်၊ အကြောင်းအရာများနှင့်ပတ်သက်၍ အဆိုးအကောင်းကို တာဝန်ခံမှု၊ တာဝန်ယူမှု အပြည့်ရှိရန် လိုသည်။ ထို့အပြင် အများပြည်သူအတွက် သတင်းမှားများ အယုံမလွယ်စေရန် တိကျခိုင်မာပြီး ဘက်လိုက်မှုကင်းသော သတင်းများဖြစ်ရန်နှင့် မိမိသတင်းကြောင့် အမုန်းပွားမှုများ၊ ပဋိပက္ခများကို လှုံ့ဆော်သည့်အသွင် မရောက်ရှိစေချင်ပေ။ မီဒီယာအဆောက်အအုံတစ်ခု တည်ထောင်တော့မည်ဆိုလျှင် ခိုင်မာသည့် သတင်းခန်းဖွဲ့စည်းမှု၊ အယ်ဒီတာမူဝါဒ၊ သတင်းထောက်များ လိုက်နာသင့်သည့် ကျင့်ဝတ်စည်းကမ်းနှင့်အညီ ရေးဆွဲချမှတ်ကာ ပရော်ဖက်ရှင်နယ်ဆန်ဆန် လုပ်ကိုင်ရမည်ဖြစ်သည်။

လက်ရှိ ဒီမိုကရေစီ အသွင်ကူးပြောင်းချိန်ကာလ ကရင်လူမှုနယ်ပယ်၊ ကရင်ဒေသန္တရနယ်ပယ်များတွင် သတင်းမီဒီယာများ စည်းစနစ်တကျ အားကောင်းခိုင်မာရန်လိုသည်မှာ ပြောဖွယ်မရှိ။ ထို့အတွက် မျိုးဆက်သစ် အနာဂတ်ကရင်လူငယ်လေးများအား မီဒီယာလုပ်ငန်းအပေါ် စိတ်ဝင်တစား လုပ်ကိုင်လိုပါက အပြည့်အဝ အားပေးသလို တစ်ဖက်တွင်လည်း အပျော်တမ်းမဟုတ်ဘဲ ခံယူချက်အပြည့်ဖြင့် မီဒီယာပညာကို အပတ်တကုတ် လေ့လာလျက် ကျင့်ဝတ်နှင့်အညီ အများပြည်သူအကျိုး သယ်ပိုးမည့် သိက္ခာရှိသော ကရင်မီဒီယာများ၊ သတင်းသမားကောင်းများ နေရာမလပ် ပေါ်ထွန်းလာရန်မှာ လွန်စွာ အရေးကြီးကြောင်း အားပေးတိုက်တွန်းလိုပါသည်။

## တစ်ခုတည်းသော ကရင်တိုင်းရင်းသားပါတီဖွဲ့စည်းရေးအကြံပြုချက် မလွယ်ကူဟု ကရင်ပါတီများသုံးသပ်



နိုဝင်ဘာ ၂၅ ရက်၊ ၂၀၂၀ ပြည့်နှစ်
စောထွန်းလင်း

တစ်ခုတည်းသော ကရင်တိုင်းရင်းသားပါတီ ဖွဲ့စည်းရေး ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ၏ တိုက်တွန်း အကြံပြုချက်အပေါ် ဆန္ဒရှိသော်လည်း မလွယ်ကူကြောင်း ကရင်ပါတီများက သုံးသပ်ပြောကြားသည်။

ကရင်ပြည်နယ် အခြေစိုက် ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီက ၂၀၂၀ ရွေးကောက်ပွဲ ကျင်းပပြီးစီးသွားပြီးဖြစ်သလို နောင်အနာဂတ်ကာလ အထွေထွေ ရွေးကောက်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံအတွင်းရှိ ကရင်တိုင်းရင်းသားများ အနေဖြင့် တစ်ခုတည်းသော ကရင်တိုင်းရင်းသားပါတီ ဖွဲ့စည်းရေးကို တိုက်တွန်းကြောင်း နိုဝင်ဘာ ၁၄ ရက်တွင် ကြေငြာချက် တစ်စောင် ထုတ်ပြန်ခဲ့သည်။

ထိုသို့ တိုက်တွန်းချက် အပေါ် ရန်ကုန်မြို့အခြေစိုက် ကရင်ပြည်သူ့ပါတီက ပါတီဗဟိုအလုပ်မှုဆောင် ကော်မတီ အစည်းအဝေးတွင် ခေါင်းစဉ်တစ်ခုအနေဖြင့် ဆွေးနွေးခဲ့ပြီး ပါတီပေါင်းစည်းရေး ဆန္ဒရှိသော်လည်း လတ်တလောတွင် မလွယ်ကူသေးကြောင်း ကရင်ပြည်သူ့ပါတီ -KPP ဒု–ဥက္ကဋ္ဌ စောစေးဝါးက ပြောသည်။

‘တစ်ပါတီတည်း ဖြစ်ရေးကိစ္စကတော့ ကရင်ပါတီတွေကလည်း ဆန္ဒရှိပါတယ်။ နည်းလမ်းတော့ ရှာရမှာပေါ့နော်။ လွယ်လွယ်ကူကူ မဖြစ်ဘူးဆိုတာကတော့ လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက ကြိုးပမ်းခဲ့ပြီးပြီဘဲ။ စိတ်ထဲမှာတော့ တစ်ပါတီတည်းဖြစ်ရေး ဆန္ဒရှိပါတယ်။ ဒီအခက်အခဲကို ဘယ်လိုကျော်လွှားရမလဲ ဆိုတာကတော့ နည်းလမ်းတော့ ရှာရမှာပေါ့နော်။ ထပ်ပြီးတော့ဆွေးနွေးဖို့ အစီအစဉ်ရှိပါတယ်’ဟု ၎င်းကပြောသည်။

လက်ရှိ ပြည်တွင်း၌ တရားဝင် ရပ်တည်နေသော ကရင်ပါတီ ၄ ပါတီရှိပြီး ၎င်းတို့ထဲတွင် ကရင်ပြည်နယ်၌ ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ၊ ကရင်

စာမျက်နှာ (၅) သို့ ▸▸▸

ကရင်သတင်းစဉ်

အမှုဆောင်နာယက
မန်းလင်းမြတ်ကျော်
အယ်ဒီတာချုပ်
နန်းဖော့ဂေ
အမှုဆောင်အယ်ဒီတာ
စောထွန်းလင်း
တာဝန်ခံအယ်ဒီတာ
စောသိန်းမြင့်

သတင်းထောက်များ
စဖန်းရှောင်း နန်းဝေဖြိုးဇာ၊
စအိုင်ဆူး၊ စောမြတ်ဦးသာ၊
စောရှား
ကရင်ပိုင်း
နော်အေးပြုံး

စာစီဒီဇိုင်းအယ်ဒီတာ
ကျော်အဲနယ်
ထုတ်ဝေသူ
စောထွန်းလင်း (၀၂၀၄၈)
အမှတ် (၈) ရပ်ကွက်၊ ထောင်ဝိ
(၁၂) လမ်း၊ ဖားအံမြို့
ကရင်ပြည်နယ်

ပုံနှိပ်သူ
နှစ်သစ်ဦးပုံနှိပ်တိုက် (၀၀၆၀၁)
27(A), Corner of U Hmoo St
and U Tun Nyo St, Dagon
(East) Industrial Zone, Yangon
ဆက်သွယ်ရန်
အမှတ် (၈) ရပ်ကွက်၊
ထောင်ဝိ (၁၂) လမ်း၊
ဖားအံမြို့ ကရင်ပြည်နယ်။

kicnews@yahoo.com,
kicnews97@gmail.com
www.kicnews.org,
www.karennews.org
www.karen.kicnews.org

09973883218, 09452849329,
09764943688

# ကော့ကရိတ်နှင့် ကျုံဒိုးဆေးရုံတွင် ကိုဗစ်လူနာထားရန် အဆောင်ထပ်တိုးချဲ့

နိုဝင်ဘာ ၁၈ ရက်၊ ၂၀၂၀ ပြည့်နှစ်
နန်းဝေဖြိုးဇာ

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ကိုဗစ်ပိုးတွေ့လူနာများ ယခုထက် ထပ်များလာပါက နေရာ အခက်အခဲ ရှိနိုင်သည့်အတွက် လက်ရှိ ကော့ကရိတ်နှင့် ကျုံဒိုးတွင် ကိုဗစ်လူနာထားရှိရန် အဆောင် ထပ်မံတိုးချဲ့မှုများ လုပ်ဆောင်ထားလျက် ရှိသည်ဟု သိရသည်။

လက်ရှိ ကော့ကရိတ်မြို့တွင် ကိုဗစ်လူနာထားရှိရန် ကော့ကရိတ်မြို့အပြင်ဘက် ကမ္ဘရာနေရာ မွေးကုစစ်ဆေးရေးရုံးတွင် လူနာအယောက် ၂၀ စာဆံ့သည့် နေရာတစ်ခု စီစဉ်ထားနေပြီ ဖြစ်သလို ကျုံဒိုးမြို့ အထကကျောင်းတွင်လည်း ပိုးတွေ့လူနာ ၃၀ ဦးစာ ထားရှိရန်အတွက် ဆောက်လုပ်နေပြီဟု ကော့ကရိတ်ခရိုင် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ထက်ဦးက ကေအိုင်စီသို့ ပြောသည်။

'ကျုံဒိုးနဲ့ ကော့ဘိန်း ကိုဗစ်လူနာတချို့လည်း ကော့ကရိတ်ဆေးရုံမှာရှိတယ်။ ကော့ကရိတ်မှာက အယောက် ၂၀ စာ ထားဖို့အတွက် နေရာရှိတယ်။ အခုတော့ လူနာက ၁၀ ယောက်ရှိတာပေါ့၊ ရုတ်တရက် အဲဒီထက် ထပ်များလာရင် ထားဖို့ နေရာ ထပ်ဆောက်ထားတယ်။ ကျုံဒိုးမှာလည်း ထပ်ဆောက်နေပြီပေါ့၊ ပြီးတော့ ကော့ဘိန်းမှာလည်း ထပ်ဆောက်ဖို့ စီစဉ်နေတယ်။ အခုက ကျနော်တို့ သွားကြည့်တုန်းပဲ။ နေရာရရင်တော့ ဆောက်မယ်'ဟု ဒေါက်တာကျော်ထက်ဦးက ပြောသည်။

ယခု ကျုံဒိုးနှင့် ကော့ဘိန်းရှိ ရောဂါပိုးတွေ့ရှိသည့် သက်ကြီးရွယ်အိုလူနာအချို့တွင် ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသပေးမှု ရှိသလို ကော့ကရိတ်ဆေးရုံတွင် ၁၀ ဦး၊ ကျုံဒိုးတိုက်နယ်ဆေးရုံတွင် ၁၃ ဦး၊ ကော့ဘိန်းတိုက်နယ်ဆေးရုံတွင် ၂၈ ဦး ကုသပေးနေကြောင်းလည်း ကော့ကရိတ်ခရိုင် ကျန်းမာရေးဦးစီးဌာနထံမှ သိရသည်။

ထို့အပြင် ကျုံဒိုးမြို့တွင် ကိုဗစ်ရောဂါကူးစက်သူထဲမှ ၁၉ ဦးတွင် ခရီးသွားရာဇဝင်မရှိဘဲ နေအိမ်နှင့်ဆိုင်တွင် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေစဉ် ရောဂါ ပိုးကူးစက်ခံရသည့်အတွက် ပြည်သူများအနေဖြင့် ကျန်းမာရေး ညွှန်ကြားချက်နှင့်အညီ ပူးပေါင်းလိုက်နာရန် လိုအပ်နေပြီးဖြစ်သလို စည်းကမ်း လိုက်နာမှုအားနည်းပြီး ရောဂါ ဖြစ်ပွားမှု ပိုမိုများလာမည်ဆိုပါက Stay at Home ဒေသအဖြစ် သတ်မှတ်ကြေညာခြင်း ခံရမည် ဖြစ်ကြောင်းလည်း ကော့ကရိတ်မြို့ ကိုဗစ်ကာကွယ်၊ ထိန်းချုပ်၊ စောင့်ကြည့်ရေး ကော်မတီမှ ကျုံဒိုးမြို့နေ ပြည်သူများအတွက် နိုဝင်ဘာ ၁၇ ရက်နေ့တွင် အသိပေးစာ ထုတ်ပြန်ထားသည်။

အဆိုပါ ခတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ ဆက်စပ်မှု ရှိခဲ့သူများကိုလည်း စုံစမ်းရှာဖွေဖော်ထုတ်ကာ အသွားအလာကန့်သတ်ခြင်း လုပ်ငန်းများတွင် ပူးပေါင်းကူညီ သတင်းပေးဆောင်ရွက်ရန်လည်း ယင်း ကိုဗစ် ကာကွယ်၊ ထိန်းချုပ်၊ စောင့်ကြည့်ရေး ကော်မတီက ဆက်လက်တိုက်တွန်းသည်။

ကရင်ပြည်နယ် တစ်ပြည်နယ်လုံး အတိုင်းအတာအနေဖြင့် ပြည်နယ် ကျန်းမာရေးဦးစီးဌာန၏ နိုဝင်ဘာ ၁၇ ရက်နေ့ည ထုတ်ပြန်ထားသည့် စာရင်းအရ လက်ရှိ ပြည်နယ်ထဲတွင် ဆေးရုံတက်နေရဆဲ ကိုဗစ်ပိုးတွေ့လူနာ စုစုပေါင်း ၁၄၇ ဦးရှိအနက် ဖားအံနှင့် ကော့ကရိတ်မြို့နယ်တွင် ကိုဗစ်ပိုးလူနာ အများဆုံးတွေ့ရှိရသည်ဟု သိရသည်။



▶ စာမျက်နှာ(၂) "ကလေးစစ်သားအသုံးပြုမှု"မှအဆက်

များမှ လက်မှတ်ရေးထိုးခဲ့ကြပြီး UN ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ အထူး ကိုယ်စားလှယ် Ms. Virginia Gamba ၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် အထူး သံတမန် သံရုံးအဖွဲ့ဝင်များ၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတကာ ကိုယ်စားလှယ်အချို့က အသိသက်သေအဖြစ် ပါဝင်တက်ရောက်ခဲ့ကြသည်။

UN အထူးကိုယ်စားလှယ် Ms. Virginia Gamba က 'ဒီသဘောတူ စာချုပ် ချုပ်ဆိုပြီးတဲ့နောက် ကလေး သူငယ်တွေကို လက်နက်ကိုင် ပဋိပက္ခကြားမှာ ဖယ်ရှားနိုင်ပြီးတော့ အရပ်သားဘဝကို လုံခြုံစွာ ပြန်လည်ဝင်ဆံ့ပေါင်းစည်းနိုင်ဖို့ မျှော်လင့်ပါတယ်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် မြန်မာပြည်မှာရှိတဲ့၊ အရေးကြီးတဲ့ လုပ်ငန်းတွေကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် ကျမအနေနဲ့လည်း ဆက်လက်ပံ့ပိုး ကူညီသွားမှာဖြစ်ပါတယ်'ဟု အခမ်းအနား၏ အဖွင့်မိန့်ခွန်း၌ ထည့်သွင်း ပြောဆိုခဲ့သည်။

အလားတူ NCA ထိုးထားသည့် အခြား ကရင်လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း တစ်ခုဖြစ်သည့် ကေအဲန်ယူ–ကရင်အမျိုးသား အစည်းအရုံး အနေဖြင့်လည်း ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် ကုလသမဂ္ဂမှ ဖွဲ့စည်းထားသော Geneva Call အဖွဲ့ချုပ်နှင့် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကလေးစစ်သားနှင့် အမျိုးသမီး၊ ကလေး ကာကွယ်ရေးဆိုင်ရာ ဝန်ခံမှု သန္နိဋ္ဌာန်ပြုစာချုန်လွှာ နှစ်ခုကို ဖားအံမြို့၌ လက်မှတ်ရေးထိုး ချုပ်ဆိုထားသည်။

မြန်မာနိုင်ငံ အနေဖြင့်လည်း ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က ကလေးစစ်သား စုဆောင်း အသုံးပြုမှု မရှိစေရေး နှင့် အဆုံးသတ်စေရန် ကုလသမဂ္ဂနှင့် အစိုးရတို့ အကြား အလားတူ ပူးတွဲလုပ်ငန်း အစီအစဉ်ကို လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာ့တပ်မတော် အနေဖြင့်လည်း လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးသူငယ် အသုံးပြုခြင်းကို တားမြစ်ပိတ်ပင်သည့် အမိန့်ညွှန်ကြားချက် များစွာကိုလည်း ထုတ်ပြန်ဆောက်ရွက်ခဲ့မှုများ ရှိခဲ့သည်။

ယခင် ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရလက်ထက်တွင် ကလေး စစ်သား ၇၀၀ ကျော်ကို ထွက်ခွင့်ပြုပြီး ကလေးစစ်သား စုဆောင်းမှုနှင့် တပ်မတော် အရာရှိ အချို့ကို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ကြောင်းနှင့် အစိုးရသက်တမ်း ငါးနှစ်အတွင်း ကလေး ၈၀၀ ကျော်ကို တပ်မှထွက်ခွင့်ပေးခဲ့ကြောင်း နိုင်ငံပိုင် သတင်းမီဒီယာများမှတဆင့် အသိပေး ကြေညာခဲ့ဖူးသည်။

အလားတူ ပြီးခဲ့သည့် NLD ၏ ပထမ အစိုးရ သက်တမ်းကာလတွင်လည်း အသက် ၁၈ နှစ် မပြည့်သည့် ကလေးသူငယ်များကို တပ်သားအဖြစ် လက်ခံထားသည့် လုပ်ရပ်များကို ထိထိရောက်ရောက် အရေးယူရန် ၁၂ ဦးပါ ကော်မတီကို သမ္မတ ဦးထင်ကျော်က ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်နေ့က ဖွဲ့စည်းပေးခဲ့ဖူးသည်။

လန်ဒန်အခြေစိုက် Child Soldiers International အဖွဲ့က ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်များ အတွင်း ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာများအရ ကမ္ဘာတစ်ဝှမ်း လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်သည့် လက်နက်ကိုင် တပ်ဖွဲ့ ၅၀ ခန့်တွင် ကလေးစစ်သား အသုံးပြုနေကြကြောင်း ဆိုထားပြီး အာဖရိက နှင့် အရှေ့အလယ်ပိုင်း ဒေသမှ လက်နက်ကိုင် အုပ်စုများမှာ ကလေးစစ်သား အသုံးများကာ အာရှတွင် မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ကလေးစစ်သား အများဆုံး အသုံးပြုနေကြောင်းလည်း ဆိုခဲ့ဖူးသည်။

မြန်မာနိုင်ငံအတွင်း ကလေးစစ်သား အသုံးပြုမှုကို အစိုးရတပ်မတော်အပါအဝင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများတွင်လည်း အသုံးပြုမှုများ ရှိနေခဲ့ကြောင်း အဆိုပါ အစီရင်ခံစာများအရ သိရသည်။

▶ စာမျက်နှာ(၂) "တိုင်းရင်းသား လူမျိုးစုများ"မှအဆက်

နော်ထူးထူးက ယခုလို ပြောသည်။

၎င်းက 'ပြောင်းလဲမှုတွေတော့ ရှိတယ်။ ဒါပေမဲ့ လူနည်းစုတွေမှာ နိုင်ငံသားတစ်ယောက်ရဲ့ အခွင့်အရေး တိုင်းရင်းသားတစ်ယောက်ရဲ့အခွင့်အရေး ရရှိပိုင်ခွင့်မှာ အသိအမှတ်ပြုမှု အပြည့်အဝ မရသေးဘူး။ လူမျိုးကြီးဝါဒ ကြီးစိုးမှု မူဝါဒတွေက အသေအချာ ရှိနေသေးတာပဲ။ ဘယ်မှာ အထင်အရှားတွေ့နိုင်လဲဆိုရင် တိုင်းရင်းသား လူမျိုးတွေရဲ့ မှတ်ပုံတင် နာမည်ရှေ့တွေမှာ သူတို့ရဲ့ တိုင်းရင်းသားအမည်တွေ အစား ဗမာနာမည်တွေကို ထည့်ပေးတာမျိုးတွေ တွေ့နိုင်တယ်'ဟု ကေအိုင်စီသို့ ပြောသည်။

ယနေ့ ထုတ်ပြန်သည့် အစီရင်ခံစာအရ ပြီးခဲ့သည့် စစ်အစိုးရ လက်ထက်ကာလများအတွင်း လူမျိုးကြီးဝါဒများကို စနစ်တကျ ကျင့်သုံးခဲ့ရာမှ ဦးသိန်းစိန်အစိုးရ လက်ထက်မှစ၍ ပြုပြင်ပြောင်းလဲမှုအချို့ ရှိလာခဲ့သော်လည်း အချို့ဒေသများတွင် လူမျိုးကြီးဝါဒ လက်တွေ့ကျင့်သုံးမှုများ ရှိနေသေးသည်ကို တိုင်းရင်းသား လူမျိုးစုများ ကြုံတွေ့နေရဆဲ ဖြစ်သည်ဟု ဆိုထားသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ပညာရေးစနစ်အရ သမိုင်းကြောင်းများ၊ ဘာသာစာပေ၊ ယဉ်ကျေးမှုနှင့် ပတ်သက်၍ ဗမာတိုင်းရင်းသား မဟုတ်သည့် ကျန်တိုင်းရင်းသားများ၏ သမိုင်း၊ စာပေ၊ ယဉ်ကျေးမှုများကို တရားဝင် ပြဋ္ဌာန်းသင်ယူ လေ့လာခွင့် မပေးထားသည့် အချက်များ၊ တိုင်းရင်းသား လူမျိုးစုများ၏ အမျိုးသားရေး လက္ခဏာရပ်များဖြစ်သည့် အမျိုးသားအလံ၊ စာပေ၊ ဓလေ့ထုံးတမ်း၊ နေ့ထူးနေ့မြတ်များအပေါ် ကန့်သတ်ချက်များနှင့် နေရာဒေသ၏ အမည်နာမ ခေါ်ဆို သုံးစွဲမှုများအပေါ် ဗမာမှုပြုခံရခြင်း စသည့် အချက်များကို အဓိက ဖော်ပြထားသည်။

၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်း သတ်မှတ်လိုက်သည့် အမျိုးသား ပညာရေး ဥပဒေအရ တိုင်းရင်းသား စာပေများကို ကျောင်းချိန်ပြင်ပ သင်ကြားခွင့်များ ပေးလာပြီး ၂၀၁၅ ခုနှစ်တွင် တိုင်းရင်းသား အခွင့်အရေး ကာကွယ်ရေး ဥပဒေ ပြဋ္ဌာန်းပေါ်ပေါက်လာသည့်တိုင် ၎င်းဥပဒေများကို လက်တွေ့ ကျင့်သုံးမှုများတွင် အတားအဆီးများ ရှိနေကြောင်းလည်း KHRG က ထောက်ပြသည်။

၎င်းအပြင် အစီရင်ခံစာပါ အခြားအချက်များအရ မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီနှင့် နိုင်ငံသား အခွင့်အရေးများအတွက် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လာသော်လည်း မွတ်စလင် လူနည်းစုများအနေဖြင့် ယနေ့အချိန်ထိ ချန်လှပ်ခံထားရဆဲဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် တရားဝင် စာရွက်စာတမ်းရရှိခံစားပိုင်ခွင့်နှင့် နိုင်ငံသားအသိအမှတ်ပြုခံရမှုများ မရရှိသည့် စိန်ခေါ်မှုများ ဆက်လက် ရင်ဆိုင်နေရကြောင်းလည်း ဖော်ပြထားသည်။

ယနေ့ထုတ်ပြန်သည့် အစီရင်ခံစာကို ယခင်ထုတ်ပြန်ပြီးသား KHRG ၏ တွေ့ရှိချက်များအပြင် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်နှင့် ယခုနှစ်အတွင်း ကွင်းဆင်းလေ့လာ၍ ဒေသခံလူထု ၅၉ ဦးကို မေးမြန်း မှတ်တမ်းရယူထားမှုများကို အခြေခံ၍ စုပေါင်းထုတ်ပြန်သည့် အစီရင်ခံစာ ဖြစ်ကြောင်းလည်း သိရသည်။

ထိုသို့ လူနည်းစု လူမျိုးများ၏ အခွင့်အရေး နှင့် ဝိသေသနလက္ခဏာများကို ကာကွယ်ပေးနိုင်ရန်အတွက် မြန်မာအစိုးရနှင့် ဒေသတွင်း အုပ်ချုပ်ရေး ယန္တရားများမှ တက်ကြွစွာ လုပ်ဆောင်ပေးရန် လိုအပ်ကြောင်းလည်း KHRG ၏အစီရင်ခံစာ၌ တောင်းဆို အကြံပြုထားသည်။

၎င်း အကြံပြုချက်များအရ မတူကွဲပြားသည့် တိုင်းရင်းသား လူမျိုးစုများအားလုံးကို တိုင်းရင်းသားလူမျိုးများအဖြစ် တရားဝင် အသိအမှတ်ပြုပြီး နိုင်ငံသားဖြစ်ခွင့်ကို ကန့်သတ်ထားသည့် ဥပဒေများကိုပါ အစားထိုး ပြဋ္ဌာန်း အတည်ပြုပေးရန် တောင်းဆို အကြံပြုထားသည်။

ထို့အပြင် တိုင်းရင်းသား လူနည်းစုများ၏ ဝိသေသ လက္ခဏာရပ်ဆိုင်ရာ တောင်းဆိုချက်များတွင် ၎င်းတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ နေ့ထူးနေ့မြတ်၊ အမျိုးသားအလံ၊ သမိုင်းကြောင်း၊ ပညာရေး၊ နယ်မြေဒေသ အမည် ခေါ်ဝေါ်သုံးစွဲမှုများအတွက် တရားဥပဒေနှင့်အညီ အသိအမှတ်ပြု ကာကွယ်ပေးရေးနှင့် တိုင်းရင်းသား ဒေသများတွင် တိုင်းရင်းသားများ မလိုလားသည့် ရုပ်ထုများ စိုက်ထူခြင်းများကို ရပ်တန့်ရန်လည်း ဆက်လက် အကြံပြု တိုက်တွန်းထားသည်။

ပြီးခဲ့သည့် ကာလများအတွင်း တိုင်းရင်းသားဒေသများ၌ ဗိုလ်ချုပ်အောင်ဆန်းရုပ်ထု စိုက်ထူခြင်းများ၊ တံတား အမည်ပေးခြင်းများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနှင့် ထိစပ်ဒေသများရှိ ကျောင်းများတွင် တိုင်းရင်းသားအလံ စိုက်ထူထားခြင်းအပေါ် ဖြုတ်သိမ်းခြင်းများ၊ တိုင်းရင်းသား စာပေဖြင့် ဒေသကျေးရွာအမည် စိုက်ထူ ရေးသားခြင်းများကို တားမြစ်ခံရမှု ဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်းကြောင့် အစိုးရအပေါ် တိုင်းရင်းသား လူမျိုးစုများအကြား ဝေဖန်မှုများ မြင့်တက်ခဲ့သည်။

ကရင် လူ့အခွင့်အရေးအဖွဲ့–KHRG ကို ၁၉၉၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး လွတ်လပ်သည့် အဖွဲ့အစည်းဖြစ်ကာ မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ဒေသခံများ ကြုံတွေ့နေရသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းယူ၍ အစီရင်ခံစာ ထုတ်ပြန်ခြင်း၊ ဖြန့်ဝေခြင်းနှင့် လူ့အခွင့်အရေး ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို ပြည်သူများအား အသိပညာပေး လုပ်ဆောင်နေသည့် အဖွဲ့ဖြစ်သည်။

# ကရင်ဂွန္တဝင်တေးသံရှင် မူးထွန့်အွာ ကင်ဆာဝေဒနာ အဆင့်(၄) ရောက်ရှိနေ



နိုဝင်ဘာ ၂၃ ရက်၊ ၂၀၂၀ ပြည့်နှစ်
စောရှား

ကရင် ဂီတလောကတွင် ဂွန္တဝင် တေးသံရှင်ဟု သတ်မှတ်ထားကြသည့် အသက် ၆၀ နှစ်အရွယ် တေးရေး၊တေးဆို နန်းမူးထွန့်အွာ(မူးခ်င့်အွာ)၏ ရင်သားကင်ဆာရောဂါ ဝေဒနာဖြစ်ပွားမှုမှာ အဆင့်(၄)သို့ ရောက်ရှိနေကြောင်း သိရသည်။

ဖားအံမြို့နယ်၊ ကော့တာရွာတွင် နေထိုင်သူ မူးထွန့်အွာသည် လွန်ခဲ့သော နှစ် ၃၀ ကတည်းကပင် ရင်သားနာကျင်မှုများ စတင်ခံစားခဲ့ရသော်လည်း ၎င်းနောက်ပိုင်း နာကျင်မှုများ မရှိတော့သည့်အကြောင်း မူးထွန့်အွာက နိုဝင်ဘာ ၂၃ ရက်နေ့တွင် ကေအိုင်စီသို့ ပြောသည်။

'အခုနှစ်ပိုင်းမှာမှ ရင်သားကပြန်ပြီး နာကျင်လာတယ်။ အဲဒါနဲ့ လွန်ခဲ့တဲ့ ၁၀ ရက်ကျော်က ဆရာဝန်သွားပြတော့ ဆရာဝန်က ပြောတယ်။ ခွဲစိတ်လို့ရပေမယ့် ပြန်ကောင်းတော့မှာ မဟုတ်ဘူး၊ ရောဂါက အဆင့်(၄) ရောက်နေပြီတဲ့။ အဲလိုပြောတော့ ခွဲစိတ်လည်း ဘာထူးတော့မလဲပေါ့။ အိမ်မှာပဲ ပြန်ကုတော့မယ်ဆိုပြီး အခု အိမ်မှာပဲ ဗိန္ဓော (တိုင်းရင်း) ဆေးနဲ့ ပြန်လာကုနေပါတယ်'ဟု ဟာမူ့ မူးထွန့်အွာက ပြောသည်။

နိုဝင်ဘာလ ၃ ရက်နှင့် ၄ ရက်နေ့က ဖားအံမြို့ရှိ တော်ဝင်သုခအထူးကုဆေးရုံတွင် သွားရောက်ပြသခဲ့ခြင်းဖြစ်ပြီး လက်ရှိ အိမ်တွင်ရှိနေသည့်အချိန်၌ ခါးနာကျင်မှု ပိုမိုဖြစ်နေပြီး ရင်သားအနည်းငယ်သာ နာကျင်ကာ စားဝင်အိပ်ပျော်ကာ လှုပ်ရှား သွားလာနိုင်နေကြောင်းလည်း သူမက ဆက်ပြောသည်။

နိုဝင်ဘာ ၂၃ ရက်နေ့တွင် ကရင်အနုသုခုမအသင်း (KCO) တာဝန်ရှိသူများကလည်း ဟာမူ့ မူးထွန့်အွာ နေအိမ်သို့ သွားရောက်ကာ လက်ဆောင်ပစ္စည်းများနှင့်အတူ အားပေးစကားများ ပြောကြားခဲ့ကြပြီး သူမအတွက် စိတ်ပူမှုများဖြင့် လာရောက်ခြင်းဖြစ်ကြောင်း လာရောက်တွေ့ဆုံသူ KCO ဥက္ကဌ၊ အဆိုတော် စောအေစီက ယခုလို ပြောသည်။

'တာနောင့်(အမ) မူးထွန့်အွာအတွက် စိတ်ပူပြီး ကျနော်တို့လာတွေ့တာပါ။ ကရင်ဂန္တဝင် တေးသံရှင်ထဲမှာ ဆရာ ကျော်လိုက်သိန့်(ကျဝ်လိုက်သိင့်) တစ်ယောက်ကို လက်လွှတ်ခဲ့ရပြီးပြီ။ တာနောင့်ကိုတော့ လက်လွှတ်မခံနိုင်ဘူး။ ဒါကြောင့် အကြံဉာဏ်အားဖြင့် လူအားငွေအားဖြင့် ဘာဝိုင်းဝန်း ကူညီရမလဲဆိုပြီး လာတွေ့တာပါ'ဟု ပြောသည်။

ပြည်တွင်းပြည်ပရှိ ကရင်ပရိသတ်များ၏ အားပေးမှုကို အခိုင်အမာရရှိထားသော မူးထွန့်အွာသည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်တွင်သာမက ဩစတြေးလျား၊ မလေးရှား၊ ထိုင်းနိုင်ငံများအထိ သီချင်းများ သွားရောက် သီဆိုဖျော်ဖြေခဲ့ရသူ ဖြစ်သည်။

ယခုလို ရင်သားကင်ဆာဖြစ်ပွားနေသည့် သတင်းကြောင့် စိုးရိမ်ပူပန်နေသည့် ပရိသတ်များကို စိတ်မပူကြရန် မူးထွန့်အွာက ယခုလို ပြောသည်။

သူမက 'ဒါပေမယ့် စိတ်မပူကြပါနဲ့။ ရောဂါက ပျောက်ရင်လည်း ပျောက်ကင်းနိုင်သလို မပျောက်ရင်လည်း မပျောက်ဘူးပေါ့။ ကုသိုလ်ကံနဲ့ပဲ ဆိုင်ပါတော့တယ်။ ဒီတစ်သက်တာမှာ အနုပညာတွေကို လုပ်ခွင့်ရတယ်။ အသက်အရွယ် တောင် ၆၀ ရှိခဲ့ပြီ။ အနားယူရမယ် ဆိုလည်း အနားယူနိုင်ပါပြီ။ နောင်လာမယ့် မျိုးဆက်သစ်တွေအနေနဲ့ အနုပညာအလုပ်ကို လက်ဆင့်ကမ်း လုပ်ဆောင်သွားကြပါ'ဟု ဆိုသည်။

အသက် ၁၈ နှစ်အရွယ်ကပင် သီချင်းများ စတင် သီဆိုခဲ့သည့် အဆိုတော် မူးထွန့်အွာသည် လက်ရှိအချိန်အထိ မိုနိုသီချင်း အမျိုးအစား အများစု ပါဝင်သော သီချင်းအပုဒ်ပေါင်း တစ်ရာကျော် သီဆိုထားခဲ့ကြောင်း သိရသည်။

# နေအိမ်တွင်းနေထိုင်ကြပြီး ဗိုင်းရပ်မပြန့်ပွားရေး ကာကွယ်ကြရန် ကျန်းမာရေးဝန်ကြီးဌာန ပန်ကြားစာထုတ်ပြန်

နိုဝင်ဘာ ၂၀ ရက်၊ ၂၀၂၀ ပြည့်နှစ်
နန်းဝေဖြိုးဇာ

မြန်မာနိုင်ငံတွင် ဆောင်းရာသီသို့ စတင် ကူးပြောင်းကာလရောက်ရှိနေချိန်တွင် သဘာဝအားဖြင့် ဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ပြန့်ပွားမှု ပိုမိုဖြစ်နိုင်သည့်ကာလဖြစ်သည့်အတွက် နေအိမ်အတွင်း နေထိုင်ဖို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ နိုဝင်ဘာလ ၁၉ ရက်နေ့က ပြည်သူများထံ ပန်ကြားစာတစ်စောင် ထုတ်ပြန်ထားသည်။

ပွင့်လင်းရာသီ ရောက်ရှိချိန်တွင် ပြည်သူလူထုများ၏ ရုံးပိတ်ရက်ရှည်ကာလ ရောက်ရှိမည် ဖြစ်သည့်အတွက် ခရီးသွားလာပါက ကိုဗစ်ရောဂါပိုး ကူးစက်မှု ပိုမို ပြန့်ပွားစေနိုင်သောကြောင့် မလိုအပ်ပါက ခရီးသွားလာခြင်း လူစုလူဝေးပြုလုပ်ခြင်း မပြုဘဲ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်နှင့်အညီ နေအိမ်တွင် တတ်နိုင်သမျှ နေထိုင်သွားရန် ကျန်းမာရေး ဝန်ကြီးဌာနက ၎င်းတို့၏ ပန်ကြားချက်တွင် တိုက်တွန်းထားသည်။

ပြီးခဲ့သည့် ရွေးကောက်ပွဲအကြိုကာလနှင့် ရွေးကောက်ပွဲနောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် လူစုလူဝေးများကြောင့် ရောဂါကူးစက်မှု ရှိ၊မရှိကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဘက်မှ စောင့်ကြပ်ကြည့်ရှု အကောင်အထည်ဖော် ကာကွယ်ထိန်းချုပ်နိုင်ခြင်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်းလည်း ထုတ်ပြန်ပြောဆိုထားသည်။

ဖားအံမြို့နယ်၊ အိန္ဒုကျေးရွာသူ နန်းကော်သနောက်ဖော့အွာ **(နာန်ႋကဝ်သှုက်ဖဝ့်အွာ)**က 'ကျမတို့လည်း ရွေးကောက်ပွဲ ကတည်းက လူစုလူဝေးတွေ ကြည့်ပြီး စိုးရိမ်စိတ်တော့ ဖြစ်မိပါတယ်။ ခုလိုပန်ကြားတာလည်း ဝမ်းသာတယ်။ ဒါပေမယ့် ပြည်သူတွေက များသောအားဖြင့် တစ်နေ့လုပ် တစ်နေ့စားတွေများတယ်။ တစ်ယောက်ပဲလုပ်ပြီး တစ်အိမ်လုံး စားလို့မလောက်တဲ့ မိသားစုလည်း ရှိတယ်လေ။ ဒါကြောင့် အပြင်မထွက်ရင်လည်း မရဘူး။ လိုအပ်ချက်တဲ့ ပိုတဲ့လှုပ်ရှားမှုတွေကို ထိန်းချုပ်သင့်တယ်လို့ထင်တယ်'ဟု ကေအိုင်စီသို့ ပြောသည်။

၎င်းအပြင် ပြည်သူလူထုထဲတွင် သတိကြီးစွာထားသူ နည်းပါးသေးသည့်အတွက် ယင်းပန်ကြားချက်ကို ပြည်သူလူထုထံ ရောက်ရှိနိုင်သည့် ထိရောက်သော နည်းလမ်းများကို ဆက်လက် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ခြင်းခတ်သူများ၊ ဈေးအတွင်း လူထူထပ်မှုများကိုလည်း စနစ်တကျ ပြန်စီစဉ်သင့်သကဲ့သို့ ပြည်သူ တစ်ဦးတစ်ယောက်အနေဖြင့် မိသားစုအတွင်း စနစ်ကျစွာ စီမံခန့်ခွဲရန်နှင့် မလိုအပ်ပါက လုံးဝ အပြင်မထွက်ဘဲ အိမ်တွင်းနေထိုင်ကြရန်လည်း လုပ်သွားကြရမည်ဖြစ်ကြောင်း သူမက ဖြည့်စွက် ပြောဆိုခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကိုဗစ်ကူးစက်မှု မပြန့်ပွားရန်အတွက် လိုက်နာရမည့် စည်းကမ်းချက်များကို ရွေးကောက်ပွဲပြီး ကတည်းက ထုတ်ပြန် ကြေညာချက်လည်းရှိသည်ဟု ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာကျော်စွာမြင့်က ကေအိုင်စီသို့ ယခုလို ပြောဆိုသည်။

၎င်းက 'ကျန်းမာရေးဘက်ကတော့ ရှင်းပါတယ်။ ပြောထားပြီးသား။ ဒီဟာလုပ်ရင် ဒီလိုဖြစ်မယ်။ ဒီလိုမလုပ်ပါနဲ့။ ထုတ်ပြန်ချက်မှာလည်း ပြောထားပြီးသား။ ဘယ်သူ့ကိုမှ အပြစ်တင်ခြင်း ဘာတွေမရှိပါဘူး။ ဒါက ကျနော်တို့ ပြောပြီးသား ကျန်တာက ပြည်သူလူထုနဲ့ဆိုင်တာပေါ့နော်'ဟု ကေအိုင်စီသို့ ပြောသည်။

ယခုအချိန်တွင် တိုင်းနှင့်ပြည်နယ်အချို့တွင် ရောဂါ ကူးစက်မှု နေ့စဉ်ရှိလာသလို ကရင်ပြည်နယ်၌လည်း ရောဂါကူးစက်မှု နေ့စဉ်တိုးလာသည့်အပြင် ကျန်းမာရေးဝန်ထမ်း ဆရာဝန်များကိုပါ ပိုးကူးစက်မှု ရှိလာခဲ့သည်။

နိုဝင်ဘာလ ၁၉ ရက်နေ့ကလည်း ကရင်ပြည်နယ်တွင် ကိုဗစ် ကူးစက်မှု ၁၈ ဦး အသစ်ထပ်တိုးလာသလို သေဆုံးသူအသစ်တစ်ဦး ထပ်မံ တိုးလာကြောင်းလည်း ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန၏ ထုတ်ပြန်ထားသည့် စာရင်းအရ သိရသည်။

လက်ရှိ ကရင်ပြည်နယ်တွင် ရောဂါကူးစက်မှု လျင်မြန်စွာဖြစ်ပေါ်လာသည့်အတွက် ပြည်သူများအနေဖြင့် ကိုဗစ်ရောဂါကြိုတင် တားဆီးကာကွယ်ရေး လမ်းညွှန်ချက်များကို တိကျစွာလိုက်နာ ကျင့်သုံးနေထိုင်သွားရန် ကိုဗစ် စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ ကရင်ပြည်နယ် အစိုးရ၏ တရားဝင် လူမှုကွန်ယက် စာမျက်နှာတွင် တိုက်တွန်းထားသည်။



▸ စာမျက်နှာ(၃)မှအဆက်

အမျိုးသား ဒီမိုကရက်တစ်ပါတီတို့ တည်ထောင်ထားပြီး၊ ပြည်နယ် ပြင်ပ၌ ရန်ကုန်မြို့တွင် ကရင်ပြည်သူ့ပါတီနှင့် ဧရာဝတီတိုင်းဒေသကြီးကို အားပြုထားသည့် ကရင်အမျိုးသားပါတီ တို့ဖြစ်သည်။

'ကရင်ပါတီတွေ ပေါင်းစည်းမှ ရွေးကောက်ပွဲ အနိုင်ရမယ်ဆိုတာတော့ လက်တွေ့မကျဘူး။ ဥပမာ– ဧရာဝတီမှာ ကရင်ပါတီနှစ်ခုပေါင်းမဲက NLD ကို မမီဘူး။ ကရင်ပါတီတွေ ရွေးကောက်ပွဲမှာ နိုင်ဖို့ဆိုရင် တခြားပါတီကြီးတွေထဲ ရောက်နေတဲ့ သူတွေ ကိုယ့်ကရင်ပါတီမှာ ပြန်လာ ပူးပေါင်းဖို့လိုတယ်'ဟု ကရင်အမျိုးသားပါတီ အထွေထွေ အတွင်းရေးမှူး မန်းကျော်ငြိမ်းက ပြောသည်။

ပြည်တွင်း၌ ကရင်ပါတီများ ၂၀၁၀ ပြည့်နှစ်တွင် တရားဝင်ပြည်လည် တည်ထောင်ခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲတွင် ကရင်ပြည်နယ်၌ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၊ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ရန်ကုန်မြို့၌ ကရင်ပြည်သူ့ပါတီတို့ အသီးသီးဝင်ပြိုင်ကာ ကိုယ်စားလှယ်အချို့ အနိုင်ရခဲ့ဖူးသည်။

ထို့နောက် ဖလုံ-စဝေါ် ပါတီဝင်အချို့ ခွဲထွက်ကာ ကရင်ဒီမိုကရက်တစ်ပါတီကို တည်ထောင်ခဲ့သလို ရန်ကုန်မြို့တွင်လည်း ၂၀၁၄ ခုနှစ်တွင် ကရင်အမျိုးသားပါတီကို ထပ်မံတည်ထောင်ခဲ့ပြီးနောက် ဖားအံ၌ စည်းလုံးညီညွတ်သော ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီတို့ အသစ် တည်ထောင်လိုက်သည့်အတွက် စုစုပေါင်း ကရင်နိုင်ငံရေးပါတီ ခြောက်ခုအထိ ရှိလာခဲ့သည်။

၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ ကရင်ပါတီများ ပြန်လည်ပေါင်းစည်းရေး ညှိနှိုင်းမှုများ အသီးသီး ပြုလုပ်ခဲ့သော်လည်း ရွေးကောက်ပွဲ နီးလာသည့်အတွက် အချိန်မမီဖြစ်ခဲ့ကာ ကရင်ပါတီခြောက်ခုစလုံး ၂၀၁၅ ရွေးကောက်ပွဲကို ဝင်ပြိုင်ခဲ့ပြီး ထိုစဉ်က ကရင်ပြည်နယ် လွှတ်တော်တွင် ကရင်ပြည်သူပါတီမှ ကိုယ်စားလှယ်တဦးသာ အနိုင်ရခဲ့သည်။

၂၀၁၅ ရွေးကောက်ပွဲပြီးနောက် ကရင်ပါတီများ ပေါင်းစည်းရန် ဆွေးနွေးမှု ပြန်လည်စတင်ခဲ့ပြီး ကရင်ပြည်နယ်တွင် ကရင် ဒီမိုကရက်တစ်ပါတီ၊ ကရင်ပြည်နယ် ဒီမိုကရေစီ နှင့် ဖွံ့ဖြိုး တိုးတက်ရေးပါတီ၊ စည်းလုံးညီညွတ်သော ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီနှင့် ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီမှ ပါတီခေါင်းဆောင်းပိုင်း တစ်ချို့ ပါဝင်သည့် ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီတွင် ပေါင်းစည်း တည်ထောင်လိုက်သည်။

ထိုသို့ ပေါင်းစည်းရာတွင် ဖလုံ–စဝေါ်အနေဖြင့် ပါတီဖျက်သိမ်းခြင်း မပြုလုပ်သော်လည်း ကရင်ပြည်နယ်တွင် ကရင်ပါတီအချင်းချင်း ထိပ်တိုက်မတွေ့ရေးအတွက် ၂၀၂၀ ရွေးကောက်ပွဲတွင် ပြည်နယ်တွင် ဝင်ပြိုင်ခြင်း မပြုဘဲ ပြည်နယ်ပြင်ပတွင်သာ သုံးနေရာ ဝင်ပြိုင်ခဲ့သည်။

# အပြုသဘောဆောင်ဝေဖန်နိုင်ပြီး မဟုတ်တာရှိလျှင် ထောက်ပြပေးရန် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နေရာတွင် ရွေးကောက်ခံရသူ နော်စူစဲန်နာလှလှစိုးပြော



နိုဝင်ဘာ ၂၆ရက်၊ ၂၀၂၀ ပြည့်နှစ်
စောထွန်းလင်း

အပြုသဘောဆောင် ဝေဖန်နိုင်ပြီး မဟုတ်တာရှိပါက ထောက်ပြပေးရန် ၂၀၂၀ ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီးနေရာတွင် ရွေးကောက်ခံရသည့် နော်စူစဲန်နာလှလှစိုးက ပြောသည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးနေရာ အရွေးခံရသူ နော်စူစဲန်နာလှလှစိုး၏ ရှေ့လုပ်ငန်းစဉ်များအကြောင်း နိုဝင်ဘာ ၂၄ ရက်နေ့ ညနေပိုင်းတွင် သီးခြားတွေ့ဆုံမေးမြန်းရာတွင် သူမက ယခုလို တိုက်တွန်းပြောဆိုခဲ့ခြင်း ဖြစ်သည်။

'တယောက်နဲ့တယောက် အပြုသဘောနဲ့ ဝေဖန်ထောက်ပြတာမျိုး လုပ်ပါ။ ဘာလို့လည်းဆိုတော့ ကျမတို့သည် ခေါင်းဆောင်ဖြစ်တဲ့အခါမှာ ဝေဖန်ထောက်ပြမှုကို နားထောင်ရမယ်။ သူတို့သည် ငါတို့ကို ဝေဖန်တာပဲဆိုပြီး ထစ်ခနဲဆို အရေးယူမယ်။ ထစ်ခနဲဆို တရားစွဲမယ်။ အဲ့ဒါက is not the reason။ ဒါ အစိုးရကောင်း တစ်ရပ်ရဲ့ ပုံစံမဟုတ်ဘူး။ အဲ့တော့ ဝေဖန်ပါ။ အပြုသဘောနဲ့ ဝေဖန်ပါ၊ လက်တွဲပါ၊ မဟုတ်တာရှိရင်လည်း ထောက်ပြပါ'ဟု ၎င်းက ပြောသည်။

ရွေးကောက်ပွဲ ကာလတွင် ရန်ကုန်တိုင်းဒေသကြီးအနှံ့ မရောက်ရှိသဖြင့် မိမိအားမတွေ့ဖူးသော်လည်း ယုံကြည်၍ မဲပေးခဲ့သည်ကိုတွေ့ကြောင်း၊ ယင်းသည် မိခင်ပါတီ NLD နှင့် NLD ၏ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ယုံကြည်သည့်အတွက် မဲရခဲ့ခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။

သို့သော်လည်း မိမိအနေဖြင့် မဲပေးသူများနှင့် မဲမပေးသူ အားလုံးအတွက်ကိုပါ လုပ်ဆောင်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲသဘာဝအရ အတွန်းအတိုက်များ ရှိသလို အားလုံး ရန်းကန်ရကြောင်း၊ မိမိနှင့် ပြိုင်ဘက်ကောင်းများကိုလည်း ဂုဏ်ပြုလိုကြောင်း နော်စူစဲန်နာလှလှစိုးက ပြောသည်။

၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာ မဲဆန္ဒနယ်တွင် KPP မှ မန်းသန်းဝင်းဦး၊ NLD မှ နော်စူစဲန်နာလှလှစိုး၊ USDP မှ စောဂျက်ကော့ထူး၊ UNDP မှ နော်အုန်းလှ၊ PPP မှ နော်လင်းသီဂီထွန်းနှင့် UBP မှ ဒေါ်သင်းသင်းခိုင်တို့ ဝင်ပြိုင်ခဲ့ပြီး နော်စူစဲန်နာလှလှစိုးက မဲရရှိမှု ၇၁ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရခဲ့သည်။

'ကျမတို့နိုင်ငံက တိုင်းရင်းသားတွေ အများကြီးနေတဲ့ နိုင်ငံဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးကို ခြုံငုံပြီးတော့လည်း ကြည့်တတ်ရမယ်။ ကျမတို့ အမျိုးသားတွေရဲ့ အခွင့်အရေး တန်းတူညီမျှရေး ကိုလည်း လုပ်ရမယ်။ တစ်ခုထဲကို ကြည့်ရင် ကျမတို့ တစ်ဖက်စွန်းကို ရောက်သွားမှာပဲ။ ကျယ်ကျယ်ပြန့်ပြန့်ကြည့်ပီးတော့ လက်တွဲလုပ်ဆောင်မှ ကျမတို့ လိုချင်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံတော်ကြီးကို အမြန်ဆုံး ရောက်ရှိမှာ ဖြစ်တယ်'ဟု ၎င်းက ပြောသည်။

နော်စူစဲန်နာလှလှစိုး သည် ကရင်အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးအသင်း(KWEG) ကို တည်ထောင်ခဲ့သူတဦးဖြစ်ပြီး ကရင်လူမှုအဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့သူ တဦးဖြစ်ကာ ၂၀၁၄ ခုနှစ်တွင် ရန်ကုန် စည်ပင်သာယာရေး ကော်မတီဝင် ရွေးကောက်ပွဲ ဝင်ပြိုင်ခဲ့ဖူးသည်။

၂၀၁၅ ခုနှစ်တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သို့ ဝင်ရောက်ခဲ့ပြီးနောက် ပါတီနိုင်ငံရေးဘက်သို့ ကူးပြောင်းခဲ့ကာ ၂၀၁၅ ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်း အမျိုးသားလွှတ်တော် အမှတ်–၉ တွင် အရွေးခံရကာ ၂၀၂၀ ရွေးကောက်ပွဲတွင် ရန်ကုန် ကရင်ရေးရာဝန်ကြီးအဖြစ် ထပ်မံ အရွေးခံရခြင်း ဖြစ်သည်။

# လာမည့်အစိုးရသက်တမ်းတွင် ကရင်လူထုဖွံ့ဖြိုးရေး ပညာပေးလုပ်ငန်းများဦးစားပေး လုပ်ဆောင်မည်ဟု ဂါ့မိုးမြတ်မြတ်သူပြော

နိုဝင်ဘာ ၂၆ ရက်၊ ၂၀၂၀ ပြည့်နှစ်
စဖန်းရှောင်း

လာမည့် အစိုးရ သက်တမ်းကာလအတွင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မိမိတို့ ကရင် တိုင်းရင်းသားများ၏ အသိပညာပိုင်းဆိုင်ရာ ပိုမိုဖွံ့ဖြိုးလာစေရေးအတွက် ပညာပေးရေး လုပ်ငန်းများကို အဓိက ဦးစားပေးလုပ်ဆောင် ပေးသွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ကရင်ရေးရာဝန်ကြီး ဂါ့မိုးမြတ်မြတ်သူက ပြောသည်။

ဂါ့မိုးမြတ်မြတ်သူမှာ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲတွင် ဧရာဝတီတိုင်း ဒေသကြီးလွှတ်တော် ကရင်ရေးရာအတွက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် -NLD ကိုယ်စားပြုပြီး ဒုတိယအကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ အများဆုံးဖြစ်သည့် မဲရလဒ်ပေါင်း ၄ သိန်း ၆ သောင်းကျော်ဖြင့် ပြိုင်ဘက်ပါတီများအား အနိုင်ရခဲ့သူလည်း ဖြစ်သည်။

၎င်းက 'ကျမအနေနဲ့ အခုလာမယ့်ကာလတွေမှာ ဖွံ့ဖြိုးရေးက နံပါတ်တစ်ပေါ့။ အဓိက ဦးစားပေးလုပ်သွားမယ့် အလုပ်လည်းဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့ ကရင်လူမျိုးတွေက မျက်စိပိတ် နားပိတ်ခံလာခဲ့ရတာ ကြာလှပြီ။ အသိပညာဗဟုသုတတွေ အားနည်းခဲ့တော့ ကိုယ့်အခွင့်အရေးတွေ လက်လွတ် ဆုံးရှုံးခဲ့ရတာတွေက အများကြီးရှိခဲ့တယ်။ အဲဒီအတွက် ကိုယ့်ကရင်လူမျိုးတွေရဲ့ အခွင့်အရေးတွေ ပိုပြီးသိလာအောင် အပြင်ကို နိုင်ငံတကာနဲ့ယှဉ်ပြီး အသိပညာ ဗဟုသုတတွေ ပိုပြီး ဖွံ့ဖြိုးလာဖို့ ပညာပေးမှု လုပ်ငန်းလေးတွေ လုပ်ပေးသွားမယ်'ဟု ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် အခြားသော ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခု ဖြစ်သည့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း ဦးစားပေး လုပ်ဆောင်သွားမည် ဖြစ်ပြီး အရှိန်ရနေသည့် စာပေယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးရေးကို ဒုတိယ ဦးစားပေးအနေဖြင့် ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်ကြောင်းလည်း ဂါ့မိုးမြတ်မြတ်သူက ဆက်ပြောသည်။

ဧရာဝတီတိုင်း ဒေသကြီးအတွင်း လူမှုဖွံ့ဖြိုးရေး အကျိုးပြုလုပ်ငန်းများကို အများဆုံးကူညီလုပ်ဆောင်ပေးနေသည့် လူမှုအဖွဲ့အစည်းပေါင်း ၆၀ ထက်မနည်း ရှိနေကြောင်းသိရပြီး အစိုးရအနေဖြင့် အဆိုပါလူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက် လုပ်ဆောင်မှုများ အားနည်းနေသေးသည်ဟုလည်း ဒေသတွင်း လူမှုအဖွဲ့အစည်းများဘက်က ပြောဆိုမှုများ ရှိနေသည်။

ပန်းတနော်အခြေစိုက် အဖြူရောင် လူမှုဖွံ့ဖြိုးရေးအဖွဲ့ ဒါရိုက်တာ မန်းဂီးဒယန်က 'ဝန်ကြီးပြောတာကို ကျနော်တို့ အနေနဲ့ လက်ခံကြိုဆိုတယ်။ ဒါပေမယ့် သူတို့ချည်းပဲလုပ်ရင်တော့ သိပ်ထိရောက်မှု မရှိဘူးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ပြီးခဲ့တဲ့ သက်တမ်းကာလအတွင်းမှာ သူတို့ဖာသာပဲ သူတို့လုပ်တယ်။ လူထုက ဘာမှမသိရဘူး။ ပြောချင်တာက ပါတီဆိုဒ်ကနေ မသွားဘဲနဲ့ အဓိက ကျေးရွာတွေမှာရှိတဲ့ ဒေသခံတွေ CSO အဖွဲ့တွေနဲ့ အတူတူလက်တွဲ လုပ်မယ်ဆိုပိုပြီး ထိရောက်နိုင်တာပေါ့။ နောက်ပြီး လူထုအသံကို နားထောင်ပြီး CSO တွေရဲ့ အခန်းကဏ္ဍကို မြှင့်တင်ပေးဖို့လည်း လိုအပ်တယ်'ဟု ပြောသည်။

ထို့အတူ လာမည့်အစိုးရသက်တမ်းကာလအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးလုပ်ဆောင်သွားမည်ဆိုသည့် ဂါ့မိုးမြတ်မြတ်သူ၏ ပြောကြားချက်အပေါ် ကြိုဆိုထောက်ခံမှုများ ရှိသော်လည်း အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ မိမိတို့ကရင်လူထုအပေါ် ထိခိုက်လာစေသည့် ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ မဖြစ်ရန် မျှော်လင့်ကြောင်းလည်း မန်းဂီးဒယန်က ပြောသည်။

ပြီးခဲ့သည့် အစိုးရသက်တမ်း ၅ နှစ်တာကာလအတွင်း ဧရာဝတီတိုင်းဒေသကြီး ကရင်ရေးရာဝန်ကြီး တာဝန် ထမ်းဆောင်ခဲ့သည့် ဂါ့မိုးမြတ်မြတ်သူ အနေဖြင့် ကရင်စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာများတွင် အစွမ်းကုန် ကူညီ ဆောင်ရွက်မှုများ ရှိခဲ့သော်လည်း ကရင်အမျိုးသားရေးဆိုင်ရာကိစ္စများ လုပ်ဆောင်ရာတွင် ကန့်ကွက်မှုများ ရှိခဲ့သည့်အတွက် ကရင်ပြည်သူလူထု၏ ဝေဖန်မှုကိုလည်း ခံခဲ့ရသည်။



# NLD ၏ပြည်ထောင်စုအရေး စာပေးပို့မှု သတိထားကာကြိုဆိုပါကြောင်း ကရင်ပါတီများပြော

နိုဝင်ဘာ ၁၃ ရက်၊ ၂၀၂၀
ပြည့်နှစ်။ စောရှား

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)မှ **"နောင်အနာဂတ် မြန်မာနိုင်ငံအတွက် ရှေ့ရှုရမည့် ပြည်ထောင်စုအရေးကိစ္စ"**နှင့် ပတ်သက်၍ တိုင်းရင်းသားနိုင်ငံရေးပါတီများသို့ စာပေးပို့ခြင်းကို သတိကြီးစွာထားကာ ကြိုဆိုပါကြောင်း ကရင်ပါတီများက ပြောကြားလိုက်သည်။

ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရာတွင် တိုင်းရင်းသားများအားလုံး ပါဝင်ရမည်ဖြစ်သောကြောင့် NLD ၏ ယခုစာ ထုတ်ပြန်ခြင်းအပေါ် အပြုသဘောဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း ကရင်အမျိုးသားပါတီ–KNP တွဲဘက် အတွင်းရေးမှူး မန်းမင်းရဲထွေးက ပြောသည်။

'ကျနော်တို့ တိုင်းရင်းသားအဖွဲ့တွေအနေနဲ့ ဝေဖန်သုံးသပ်သတိကြီးစွာထားပြီးတော့ သူတို့နဲ့ ဆက်ဆံသွားမယ်။ အားလုံးသည် ရိုးသား ဖြူစင်ဖို့လိုတယ်။ တဖက်ဖက်ကနေ ချုပ်ကိုင်မှုမရှိရဘူး။ ပွင့်လင်းမြင်သာမှု ရှိရမယ်။ စေတနာ အရင်းခံ ရှိရမယ်။ လုပ်ငန်းစဉ်ကတော့ တဆင့်ချင်းတော့ သွားရမှာပေါ့လေ'ဟု ကေအိုင်စီသို့ ယနေ့ ပြောသည်။

ထို့အပြင် ပြည်ထောင်စု အရေးသည် အားလုံးမှ ဝိုင်းဝန်းဖြေရှင်းရမည်ဆိုသော အနက်အဓိပ္ပာယ်ရှိကာ လေးနက်သည့် တွေ့ဆုံဆွေးနွေးခြင်းများ ဖြစ်လာမည်ဆိုပါက တိုင်းပြည် အနာဂတ်အတွက်ပါ ကောင်းမွန်လာမည်ဖြစ်ကြောင်းလည်း မန်းမင်းရဲထွေးမှ ဆက်ပြောသည်။

NLD မှ နိုဝင်ဘာ ၁၂ ရက် ညပိုင်းတွင် ထုတ်ပြန်ခဲ့သည့်စာအရ နောင်အနာဂတ်၌ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပေါ်ထွန်းရေးအတွက် မမိုတ်မသုန် ဆက်လက်ကြိုးပမ်းသွားမည့် NLD ၏ ရည်မှန်းချက်များသည် တိုင်းရင်းသားပါတီများ၏ ရည်မှန်းချက်နှင့် တူညီကြသည်ဟု ဖော်ပြပါရှိသည်။

ထို့ကြောင့် အဖွဲ့ချုပ်(NLD) အနေဖြင့် နောင်အနာဂတ်တွင် တိုင်းရင်းသား လူမျိုးစုများ၏ ဆန္ဒများကို အလေးထား ဆောင်ရွက်သွားမည့်အပြင် အဖွဲ့ချုပ်က ဖော်ဆောင်မည့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုအရေးကို တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ဆက်လက်ဖော်ပြထားသည်။

၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ NLD မှ တိုင်းရင်းသားပါတီများနှင့် ပူးပေါင်းရန် အစီအစဉ်မရှိကြောင်း ပါတီ တာဝန်ရှိသူက ပြောကြားခဲ့သော်လည်း လက်ရှိ အနိုင်ရသည့် အချိန်တွင် တိုင်းရင်းသားပါတီများ ပူးပေါင်းပါဝင်ရန် စာထုတ်ပြန်ခြင်းအပေါ်

တစ်ဘက် စာမျက်နှာသို့ ▶

# ဖလုံ – စဝေါ်ပါတီ၏ တစ်ခုတည်းသော ကရင်ပါတီ ဖွဲ့စည်းရေး တိုက်တွန်းချက် ကရင်အဖွဲ့များ ကြိုဆို

နိုဝင်ဘာ ၁၇ ရက်၊ ၂၀၂၀ ပြည့်နှစ်
စောရှား

မြန်မာနိုင်ငံအတွင်းရှိ ကရင် နိုင်ငံရေးပါတီများအနေဖြင့် တစ်ခုတည်းသော ကရင်ပါတီ ဖွဲ့စည်းရေးအတွက် ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ–PSDP ၏ တိုက်တွန်းချက်ကို ကရင်အသင်းအဖွဲ့ ကွန်ရက်အသီးသီးက ကြိုဆိုလိုက်ကြသည်။

နိုဝင်ဘာ ၁၄ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ဖလုံ–စဝေါ် ပါတီ၏ ကြေညာချက်အား လှိုက်လှဲစွာကြိုဆိုလိုက်ပြီး အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်စေလိုကြောင်း ကရင်ပြည်နယ်၊ စာပေနှင့်ယဉ်ကျေးမှုအသင်း၏ အတွင်းရေးမှူး နန်းမြင့်တင်က ကေအိုင်စီသို့ ယခုလို ပြောသည်။

‘ကရင်တစ်ပါတီပဲ ဖြစ်သွားမယ်ဆို ဝင်ပြိုင်မယ့် ပါတီကိုယ်စားလှယ်လောင်းလည်း တစ်ဦးပဲဖြစ်သွားမယ့်အတွက် မဲထည့်တဲ့အခါ လူထုတွေ မဝေဝါးတော့ဘူးပေါ့။ တစ်ပါတီထဲဖြစ်ဖို့ကလည်း မူဝါဒအားဖြင့် ပြန်ညှိရဦးမှာ ဖြစ်ပေမယ့် အမြန်ဆုံး အကောင်အထည်ဖော်နိုင်မှသာ ကြိုတင်ပြင်ဆင်တဲ့ အချိန်ရမှာ ဖြစ်ပါတယ်’ဟု နိုဝင်ဘာ ၁၇ ရက်နေ့တွင် ပြောသည်။

လက်ရှိတွင် ၂၀၁၀ ခုနှစ်၌ ဖွဲ့စည်းခဲ့သည့် ကရင်ပြည်နယ်အခြေစိုက် ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ၊ ရန်ကုန် အခြေစိုက် ကရင်ပြည်သူ့ပါတီ–KPP၊ ၂၀၁၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ရန်ကုန်အခြေစိုက် ကရင်အမျိုးသားပါတီ (KNP)နှင့် ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ပြည်နယ်အခြေစိုက် ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ– KNDP ဟူ၍ ကရင်နိုင်ငံရေးပါတီ ၄ ပါတီ ရှိသည်။

နားလည်မှုရှိရှိဖြင့် ကရင်ပါတီများ စုစည်းကာ တစ်ပါတီတည်းဖြစ်ပေါ်လာပါက လူထုဆန္ဒကို တန်ဖိုးထားရာ ရောက်သကဲ့သို့ အောင်မြင်မှုများလည်း ဖြစ်ထွန်းလာမည် ဖြစ်သော်လည်း ကရင်ပါတီများ အမည်အမျိုးမျိုးဖြင့် ပြောင်းလဲယှဉ်ပြိုင်နေသည့်အပေါ်တွင် စိုးရိမ်မှုရှိနေကြောင်း ကရင်အနုပညာရှင်အသင်း(KCO) နာယက စောဝင်းစိုးက ပြောသည်။

‘ကရင်ပါတီဖက်က ရွေးကောက်ပွဲတစ်ကြိမ် ဝင်ရင် အမည်တစ်မျိုး၊ နောက်တစ်ကြိမ် အမည်သစ် နောက်တစ်မျိုး၊ အခု နောက်တကြိမ် တစ်မျိုး ထပ်ဖြစ်ဦးမယ်ဆိုရင် လူထုတွေ မျက်စိလည်၊ အတွေးဝေဝါးစေနိုင်ပါတယ်။ အခု KNDP တောင် လူတော်တော်များများ သိနေပြီးခါမှ နောက်တစ်ခါ အမည်သစ် နောက်တစ်မျိုးဆို လူထုတွေ ထိုးထွင်းသိမြင် နားလည် အားပေးဖို့ကတော့ ကြိုးစားမှုအပေါ်မှာပဲ မူတည်တော့တယ်’ဟု ပြောသည်။

ကရင့်သမိုင်း တင့်တယ်ရန်၊ ကြိုးစားမှု ပေါက်မြောက် အောင်မြင်ရန်၊ ကရင့်အခွင့်အရေး လက်ဝယ်ပိုက်နိုင်ရန် KCO အနေဖြင့် ၂၀၁၅ ခုနှစ်တွင် ဖလုံ–စဝေါ်ပါတီ၊ ၂၀၂၀ တွင် KNDP ပါတီတို့အား ဝန်းရံအားပေးခဲ့သလို ရှေ့ခရီးစဉ်တွင်လည်း ကရင်ပါတီကိုသာ အစဉ်အမြဲ အားပေးနေမည် ဖြစ်ကြောင်း စောဝင်းစိုးက ဆက်ပြောသည်။

ထို့အပြင် ၂၀၂၀ ရွေးကောက်ပွဲတွင် ကရင်နိုင်ငံရေးပါတီများကို လူအား၊ နည်းပညာအားများဖြင့် ပံ့ပိုးကူညီခဲ့သည့် နိုင်ငံလုံးဆိုင်ရာ ကရင်လူငယ်ကွန်ရက် (KYN) ကလည်း ဖလုံ–စဝေါ်ပါတီ၏ တစ်ခုတည်းသော ကရင်ပါတီ တိုက်တွန်းချက်ကို ကြိုဆိုပါကြောင်း KYN ကရင်ပြည်နယ် ဆက်သွယ်ချိတ်ဆက်ရေး တာဝန်ခံ စောသန့်သောင်က ပြောဆိုလိုက်သည်။

ကရင် နိုင်ငံရေးပါတီများ ပြန်ပေါင်းပြီး တစ်ခုတည်းသော ကရင်ပါတီအဖြစ် ရပ်တည်ရန် ဒုတိယအကြိမ် ပါတီစုံ ရွေးကောက်ပွဲပြီးသည့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလမှ စ၍ ၂၀၂၀ ခုနှစ်အထိ ၅ နှစ်အတွင်း ၁၁ ကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေး အဖြေရှာခဲ့ကြသော်လည်း ယခုအချိန်ထိ ပေါင်းစည်းနိုင်ခြင်း မရှိသေးပေ။

# NLD ၏ဖိတ်ခေါ်ချက် သဲသဲကွဲကွဲဖြစ်အောင်လေ့လာဦးမည်ဟု KPP ပြော

နိုဝင်ဘာ ၂၀ ရက်၊ ၂၀၂၀ ပြည့်နှစ်
စောထွန်းလင်း

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ အနာဂတ် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖော်ဆောင်ရာတွင် ပါဝင်ရန် ဖိတ်ခေါ်ချက်အပေါ် သဲသဲကွဲကွဲ လေ့လာပြီးမှ ဆုံးဖြတ်သွားမည်ဟု ကရင်ပြည်သူ့ပါတီ (KPP) ဒု–ဥက္ကဋ္ဌ စောစေးဝါးက နိုဝင်ဘာ ၂၀ ရက်တွင် ပြောသည်။

အဆိုပါကိစ္စ နှင့်ပတ်သက်၍ ကရင်ပြည်သူ့ပါတီ၏ နိုဝင်ဘာ ၁၉ ရက်က ပါတီရုံးချုပ်ခွဲတွင် ပြုလုပ်သည့် ဗဟိုအလုပ်မှုဆောင် အစည်းအဝေး၌ ခေါင်းစဉ်တစ်ခုအနေဖြင့် ဆွေးနွေးခဲ့ပြီးနောက် ယခုလို ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်ဟု စောစေးဝါးက ပြောသည်။

‘NLD က တိုင်းရင်းသားပါတီတွေနဲ့ ပူးတွဲဆောင်ရွက်မယ်ဆိုတဲ့ ကိစ္စက သူ့ရဲ့ကြေငြာချက်ပေါ် မူတည်တာပေါ့နော်။ ပြောရမယ်ဆိုရင် တရားဝင်စာတော့ မရောက်သေးဘူး။ အခြေအနေတွေအားလုံး သဲသဲကွဲကွဲ ဖြစ်အောင် လေ့လာပြီးမှပဲ တခုခု ဆုံးဖြတ်မယ်။ ဘာလို့လဲဆိုတော့ အခုက လောလောဖြစ်နေတယ်။ ဘာမှ သဲသဲကွဲကွဲမရှိဘူး’ဟု ၎င်းက ပြောသည်။

ရွေးကောက်ပွဲအနိုင်ရ NLD ပါတီသည် နိုဝင်ဘာ ၁၂ ရက်နေ့စွဲဖြင့် **“နောင်အနာဂတ်မြန်မာနိုင်ငံအတွက် ရေးရှုရမည့် ပြည်ထောင်စုအရေး ကိစ္စ”**ဟု အမည်တပ်ထားသည့် စာတစ်စောင်ကို တိုင်းရင်းသားပါတီ ၄၈ ခုသို့ ပေးပို့ခဲ့သည်။

အဆိုပါစာတွင် ရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများ တက်တက်ကြွကြွ ပါဝင်ခဲ့သည်ကို သတိမူမိကြောင်း၊ ပြည်နယ်များတွင် တိုင်းရင်းသားပါတီ အချို့ ကျေနပ်ဖွယ် ရွေးကောက်ပွဲရလဒ်ကို ရခဲ့ကြသော်လည်း အချို့မှာ ရည်မှန်းထားသည့်အတိုင်း ဖြစ်မလာသည်ကို သိရကြောင်း၊ မည်သို့ဆိုစေ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် အနာဂတ် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် တိုင်းရင်းသားပါတီများ၏ ရည်မှန်းချက်များသည် အဖွဲ့ချုပ်ရည်မှန်းချက်နှင့် တူညီသည့်အတွက် တိုင်းရင်းသားပါတီများအနေဖြင့် အဖွဲ့ချုပ်က ဖော်ဆောင်မည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု အရေးကို တက်တက်ကြွကြွ ပူးပေါင်းပါဝင်မည်ဟု မျှော်လင့်ပါသည်ဟု ဖော်ပြထားသည်။

ကရင်ပြည်သူ့ ပါတီကို ၂၀၁၀ မေလတွင် ရန်ကုန်မြို့၌ တရားဝင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ် ၆ နေရာ အနိုင်ရရှိခဲ့သော်လည်း ၂၀၁၅ နှင့် ၂၀၂၀ ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်တစ်ဦးသာ အနိုင်ရရှိခဲ့သည်။

# မြို့နယ်အလိုက် လူငယ်ကော်မတီများဖွဲ့စည်းရန် ကရင်အမျိုးသားပါတီစီစဉ်

နိုဝင်ဘာ ၁၉ ရက်၊ ၂၀၂၀ ပြည့်နှစ်
စောထွန်းလင်း

ဧရာဝတီတိုင်း ဒေသကြီးတွင် အားပြုတည်ထောင်သည့် ကရင်အမျိုးသားပါတီ အနေဖြင့် မြို့နယ်အလိုက် လူငယ်ရေးရာကော်မတီများ ဖွဲ့စည်းသွားမည်ဟု ပါတီအထွေထွေအတွင်းရေးမှူး မန်းကျော်ငြိမ်းက နိုဝင်ဘာ ၁၉ ရက်တွင် ပြောသည်။

ထိုသို့ မြို့နယ်အလိုက် ပါတီ လူငယ်ကော်မတီများ ဖွဲ့စည်းရန် ၂၀၂၀ ရွေးကောက်ပွဲပြီးနောက် နိုဝင်ဘာ ၁၅ ရက်နေ့တွင်ပြုလုပ်သည့် ပါတီဗဟိုအလုပ်အမှုဆောင် အစည်းအဝေးတွင် ပါတီရှေ့လုပ်ငန်းစဉ်အဖြစ် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

‘အခု ၂၀၂၀ ရွေးကောက်ပွဲမှာ ၂၀၁၅ ထက် လူငယ်တွေပါတီကို ဝန်းရံမှု အားကောင်းလာတယ်။ နိုင်ငံရေး နိုးကြားတက်ကြွလာတယ်။ နောက်ပိုင်းမှာလည်း ကျနော်တို့က အသက်အရွယ်ပိုင်းအရ စကားပြောလာပြီ။ ဒါကြောင့် လူငယ်တွေကို မွေးထုတ်သွားဖို့ ရည်ရွယ်ပြီး မြို့နယ်အလိုက် လူငယ်ကော်မတီတွေကို ဖွဲ့စည်းသွားမှာပါ’ဟု မန်းကျော်ငြိမ်း က ပြောသည်။

ထိုသို့ မြို့နယ်အလိုက် ပါတီလူငယ်ကော်မတီ ဖွဲ့စည်းပြီးနောက် ပါတီဗဟို လူငယ်ကော်မတီကို ဆက်ဖွဲ့စည်းသွားမည်ဟု ပါတီတာဝန်ရှိသူများက ပြောသည်။

ကရင်အမျိုးသားပါတီ KNP မှ မြောင်းမြမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် အမှတ်–၂ တွင် ဝင်ရောက်ပြိုင်ခဲ့သူ ကရင်လူငယ် စစွဲမက်က ‘အခုလို ဖွဲ့မှာကောင်းတယ်။ လူငယ်တွေကို ပါလာစေချင်တယ်။ ကျနော် မနိုင်ပေမယ့် မဲခြောက်ထောင်ငါးရာကျော်ရတယ်။ ပါတီကြီးတွေပြီးရင် ကျနော်ပဲ။ လူငယ်တဦးအနေနဲ့ ပါတီမှာ ဆက်လုပ်မယ်၊ တဖက်ကလည်း အသက်မွေးဝမ်းကျောင်း အလုပ်ကို ဆက်လုပ်မယ်’ဟု ပြောသည်။

ကရင်အမျိုးသားပါတီ အနေဖြင့် ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ရခြင်းမှာ ပါတီကြီးများကဲ့သို့ အင်အားမရှိခြင်း၊ မဲဆွယ်စည်းရုံးရေးလုပ်ရန် အခက်အခဲများရှိခြင်း၊ ဧရာဝတီတိုင်းတွင် ကရင်လူမျိုးများသည် ပြန့်နှံ့နေထိုင်ပြီး ကရင်လူဦးရေများသည့်မြို့မှာ အနည်းငယ်သာ ရှိသည့်အတွက် ကရင်မဲများ သီးသန့်ဖြင့် အနိုင်ရရန် မလွယ်ကူခြင်း စသည့် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ကြောင်း၊ သို့သော်ပါတီအနေဖြင့် ၂၀၁၅ ထက် မဲပိုရလာသည်ကို တွေ့ရသည်ဟု ပါတီ ဗဟိုကော်မတီဝင်များက ပြောသည်။

ကရင်အမျိုးသား ပါတီကို ၂၀၁၄ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကရင်နိုင်ငံရေးသမားများဖြင့် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အထွေထွေ ရွေးကောက်ပွဲများ ဝင်ပြိုင်ခဲ့သော်လည်း အနိုင်ရရှိခဲ့ခြင်း မရှိပေ။

▶ တစ်ဘက် စာမျက်နှာမှအဆက်

တွင် သတိကြီးစွာထားတာ ကြိုဆိုရမည်ဖြစ်ကြောင်း ပြည်နယ်အခြေစိုက် ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူး စောကြည်လင်းက ပြောသည်။

‘ငြိမ်းချမ်းရေးအတွက် လမ်းဖွင့်ပေးတဲ့ အနေအထားပေါ့ကွာ။ အားလုံးပူးပေါင်းပြီး လုပ်ကြရအောင်ဆိုပြီး ပြောတာဖြစ်တဲ့အတွက် သဘောရိုးနဲ့ဆိုရင်တော့ လှိုက်လှိုက်လှဲလှဲ လက်ခံ ကြိုဆိုရမယ့်ကိစ္စဆိုပေမယ့် သတိထားပြီး ကြိုဆိုရတာပေါ့။ တကယ်တမ်း သဘောရိုးနဲ့ ဟုတ်ကော ဟုတ်ရဲ့လားဆိုတာ ခံခဲ့ရတဲ့လူက သိတာကိုး’ဟု ပြောသည်။

ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ–KNDP တွဲဘက် အတွင်းရေးမှူး နော်သဇင်တုပ် ကလည်း ‘အခုကတော့ သတင်းစကားပဲရှိသေးတယ်။ လုပ်ငန်းစဉ် မပါလာသေးဘူးပေါ့နော်။ သူတို့က လူမြင်ကောင်းအောင် ဖိတ်ခေါ်တာလား။ ဆန္ဒအစစ်အမှန်လား ဆိုတဲ့အရာက ကျမတို့ မသိဘူးပေါ့နော်။ တကယ်လို့ လုံးဝလုပ်လို့မရတဲ့ လမ်းကြောင်းတစ်ခုမှာ ပူးပေါင်းကြရမယ်ဆိုရင်တောင် ကျမတို့က တော်တော်ကြီးကို တိုင်တိုင်ပင်ပင်နဲ့ သတိထားပြီးတော့ သွားရမယ့် ခရီးတစ်ခု ဖြစ်တယ်’ဟု ပြောသည်။

NLD မှ တိုင်းရင်းသားပါတီ ၄၈ ပါတီသို့ စာပေးပို့ခဲ့သည့်အထဲတွင် ရန်ကုန်အခြေစိုက် ကရင်ပြည်သူ့ပါတီ–KPP၊ ကရင်အမျိုးသားပါတီ–KNP၊ ကရင်ပြည်နယ်အခြေစိုက် ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ–PSDP၊ ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ–KNDP စသည့် ကရင်ပါတီအားလုံး ပါဝင်သည်။



# Goldman သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာဆုကို ကရင် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ ခေါင်းဆောင် စောပေါလ်စိန်ထွား ရရှိ

ဒီဇင်ဘာ ၁ ရက်၊ ၂၀၂၀ ပြည့်နှစ်။ စအိုင်ဆူး

ကမ္ဘာတဝှမ်း သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းမြှင့်တင်ရာတွင် ထူးချွန်သူများကို ပေးအပ်ချီးမြှင့်သည့် Goldman သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာဆုကို အရှေ့တောင် အာရှတွင် ကရင်သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာလှုပ်ရှားမှု ကွန်ရက် (KESAN)၏ ဒါရိုက်တာ စောပေါလ်စိန်ထွားကို ပေးအပ်ခဲ့သည်။

Goldman ဆုအတွက် ကမ္ဘာတစ်ဝှမ်းမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမြှင့်တင်သူများ ထဲမှ ထူးချွန်သူ ၆ ဦးကို နိုဝင်ဘာလ ၃၀ ရက်နေ့က အွန်လိုင်းဖြင့် ဆုပေးအပ်ခဲ့ရာတွင် စောပေါလ်စိန်ထွားလည်း ပါဝင်ရရှိခဲ့ခြင်း ဖြစ်သည်။

စောပေါလ်စိန်ထွား သည် ကရင်ပြည်နယ်အတွင်း သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် မြှင့်တင်ရေးအတွက် ကရင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လှုပ်ရှားမှုကွန်ရက် (KESAN)ကို ပူးပေါင်း ထူထောင်ခဲ့သူလည်း ဖြစ်ပြီး ဒေသခံ ကရင်ဌာနတိုင်းရင်းသားများ ပူးပေါင်း၍ ဖာပွန်ဒေသ၌ သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်ကို တည်ထောင်ခဲ့ရာတွင် အဓိက ဦးဆောင်ပါဝင်ခဲ့သူ ဖြစ်သည်။

ဒေသခံဌာနေ ကရင်တိုင်းရင်းသားများနှင့် ပူးပေါင်း၍ ဧက ၁.၃ သန်းရှိသည့် သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်ကို ၂၀၁၈ ခုနှစ်တွင် သတ်မှတ် အတည်ပြုနိုင်ခဲ့ရာတွင် KESAN သည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

ယမန်နေ့ပြုလုပ်သည့် အွန်လိုင်းဆုပေးပွဲ၌ စောပေါလ်စိန်ထွားက 'ကျနော်တို့က ကျနော်တို့ရဲ့ အသက်မွေး ဝမ်းကျောင်းနဲ့ ကောင်းမွန်တဲ့ ဘဝနေထိုင်မှုအတွက် သဘာဝတရားအပေါ်မှာ လုံးဝမှီခိုနေရတဲ့ ဌာနေတိုင်းရင်းသားတွေ ဖြစ်တယ်။ ကျနော်တို့ သဘာဝတရားကို စားသုံးတယ်၊ သဘာဝတရားနဲ့ ရှင်သန်တယ်။ သဘာဝ တရားကို ကာကွယ်တယ်။ ဘာကြောင့်လဲဆိုရင် ကျနော်တို့ဆီမှာ ထိုင်း–မြန်မာ နှစ်ဖက်စလုံးက ဆယ်စုနှစ်များစွာ ဒီ သဘာဝတရားအပေါ် အမြတ်ထုတ်နေကြသည့် တိုင်အောင် ကျနော်တို့မှာ ကြွယ်ဝ ချမ်းသာတဲ့ ဇီဝမျိုးကွဲတွေ နဲ့ ပြည့်နေသေးလို့ပဲ'ဟု ထည့်သွင်းပြောဆိုခဲ့သည်။

အလားတူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဇီဝမျိုးကွဲများ ရေရှည်တည်တံ့ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (UNDP) က ပေးအပ်သည့် ၂၀၂၀ ခုနှစ်၏ အီကွေတာဆုကို သံလွင်ငြိမ်းချမ်းရေးဥယျာဉ်မှ ရရှိခဲ့သေးသည်။

ယခုနှစ်အတွက် Goldman သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဆုကို မြောက်အမေရိကတိုက်အတွက် မက္ကဆီကို နိုင်ငံသူ Leydy Pech၊ ကျွန်းစုနိုင်ငံများအတွက် ဘဟားမားစ် နိုင်ငံသူ Kristal Ambrose၊ ဥရောပတိုက်အတွက် ပြင်သစ်နိုင်ငံသူ Lucie Pinson၊ အာဖရိကတိုက်အတွက် ဂါနာနိုင်ငံသား Chibeze Ezekiel၊ တောင်နှင့်အလယ်အမေရိကဒေသအတွက် အီကွေဒေါနိုင်ငံသူ Nemonte Nenquimo တို့လည်း အသီးသီးရရှိခဲ့သည်။

# တပ်မတော် တပ်စခန်းများကို ၂၀၂၀ နှစ်ကုန်အတွင်း အပြီးပိုင် ရုပ်သိမ်းပေးရန် KNLA တောင်းဆို

ဒီဇင်ဘာလ ၁ ရက်၊ ၂၀၂၀ ပြည့်နှစ်။ စအိုင်ဆူး

ငြိမ်းချမ်းရေး နှင့် နယ်မြေအေးချမ်းတည်ငြိမ်ရေးကို ရှေးရှုသည့်အနေဖြင့် ကျေးရွာများအတွင်း ယခင် စခန်းချ တပ်စွဲထားသည့် တပ်စခန်းများနှင့် အသစ်တိုးချဲ့ထားသည့် တပ်စခန်းများကို ယခု ၂၀၂၀ နှစ်ကုန်အတွင်း အပြီးအပိုင် ရုပ်သိမ်းပေးရန် ကရင် အမျိုးသား အစည်းအရုံး– KNU ၏ လက်နက်ကိုင်တပ်ဖွဲ့ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA)က ယနေ့ သဘောထားကြေညာချက် တစ်စောင်ထုတ်ပြန်ကာ တောင်းဆိုလိုက်သည်။

အစိုးရ၊ တပ်မတော်နှင့် ကရင်အမျိုးသား အစည်းအရုံး– KNU တို့အကြား NCA အပစ်ရပ် သဘောတူ လက်မှတ် ရေးထိုးထားနိုင်သော်လည်း ယနေ့အချိန်ထိ NCA ပါ တပ်ပိုင်းဆိုင်ရာ သဘောတူညီချက်များကို အကောင်အထည်ဖော်နိုင်ခြင်း မရှိဘဲ NCA အပေါ် အခွင့်အရေးယူသည့် ချိုးဖောက်မှုများအပေါ် ပြင်ဆင်ဆောင်ရွက်ရန် KNLA ဘက်က ယခုလို ထုတ်ပြန်ခြင်း ဖြစ်သည်ဟု ဆိုသည်။

KNLA ၏ ပြောခွင့်ရ ဗိုလ်မှူးချုပ် မန်းရှာထုဝေါင်က 'ကျနော်တို့ NCA လက်မှတ်ရေးထိုးပြီးတဲ့ နောက်ပိုင်းမှာ မြန်မာ့တပ်မတော်ဘက်က အခွင့်ကောင်းယူပြီးတော့ ကျနော်တို့ အချို့ဒေသမှာ မလိုလားအပ်တဲ့ တပ်စခန်းအသစ်တိုးချဲ့တာတွေ စခန်းအခိုင်အမာ တည်ဆောက်မှုလုပ်တာတွေ တွေ့ရတယ်။ နောက်ပြီး ညှိနှိုင်းမှုမရှိဘဲ ထင်သလို စိတ်တိုင်းကြသွားလာလှုပ်ရှားတာတွေ ဒီကနေ့အထိ ရှေ့တိုး လုပ်ဆောင်နေတာတွေ့ရတယ်။ ဒီလို တစ်ဖက်သတ်ဆန်တဲ့ အပြုအမူက နှစ်ဖက်တပ်တွေအကြား ယုံကြည်မှုကို ပျက်ပြားစေပြီးတော့ NCA သဘောတူညီချက်ကိုလည်း ချိုးဖောက်ရာကျတယ်။ ဒီကနေ မလိုလားအပ်တဲ့ စစ်ရေးပဋိပက္ခတွေကိုလည်း ဖြစ်ပေါ်လာစေနိုင်တယ်'ဟု ကေအိုင်စီသို့ ပြောသည်။

ထိုသို့ မလိုလားအပ်သည့် စစ်ရေး ပဋိပက္ခများ ထပ်မံဖြစ်ပွားမှုများ မရှိစေရန် တပ်မတော်အနဖြင့် NCA ပါ ကတိကဝတ်များကို ထိန်းသိမ်း လိုက်နာဆောင်ရွက်စေလိုပြီး အသစ်ဖွဲ့စည်းလာမည့် အစိုးရသစ်အနေဖြင့်လည်း ငြိမ်းချမ်းရေးလိုလားသည့်ဆန္ဒရှိပါက တပ်မတော်အပေါ် ပြန်လည်ထိန်းကျောင်းမှုပြုရန် တာဝန်ရှိကြောင်းလည်း ဗိုလ်မှူးချုပ် မန်းရှာထုဝေါင်က ဆက်ပြောသည်။

KNLA ၏ ထုတ်ပြန်ချက်အရ မကြာမီဖွဲ့စည်းမည့် အစိုးရသစ်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးအပေါ် အရေးတကြီး ကြိုးပမ်းလုပ်ဆောင်ရန် မျှော်လင့်ကြောင်းနှင့် အစိုးရသစ်အနေဖြင့် အမြန်ဆုံး စဉ်းစားဆောင်ရွက်ရမည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်သော အချက် (၅) ချက်ကိုပါ ထည့်သွင်းတောင်းဆိုထားသည်။

အဆိုပါ အချက်များအရ NCA ပါ သဘောတူညီချက်များမှ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း အကောင်အထည် ဖော်နိုင်ခြင်းမရှိသေးဘဲ စစ်ရေးဆိုင်ရာ သွားလာလှုပ်ရှားမှုများကို သတ်မှတ်သဘောတူညီချက်အတိုင်း မလုပ်ဆောင်ဘဲ ဒေသခံ ပြည်သူများနှင့် ဆက်စပ်သည့်ဒေသများမှာ တပ်စခန်းချခြင်း မပြုရန်၊ တပ်စခန်းသစ်နှင့် တပ်အင်အား တိုးချဲ့ဆောင်ရွက်ချက်များကို မပြုလုပ်ရန် အစရှိသည့် သဘောတူညီချက်များအပေါ် မြန်မာ့တပ်မတော်ဘက်မှ ချိုးဖောက်မှုများ ရှိကြောင်း ပြောဆိုထားသည်။

ထိုသို့ တပ်စခန်း ရုပ်သိမ်းပေးရေး တောင်းဆိုချက်အပြင် နှစ်ဖက် သဘောတူညီချက်များအတိုင်း လေးစား လိုက်နာမှု မရှိဘဲ ဆက်လက် ချိုးဖောက်မှုများ ရှိပါက နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများသည် အစိုးရ နှင့် မြန်မာ့တပ်မတော်၏ ငြိမ်းချမ်းရေး တည်ဆောက်ရေးဆိုင်ရာ ပျက်ကွက်မှုသာ ဖြစ်ကြောင်း နှင့် KNLA အနေဖြင့် အမျိုးသားနှင့် နယ်မြေလုံခြုံရေးအတွက် မလွှဲမသွေ ခုခံကာကွယ်သွားမည် ဖြစ်ကြောင်းလည်း ထုတ်ပြန်ချက်၌ ဖော်ပြပါရှိသည်။

NCA အပစ်ရပ် လက်မှတ်ရေးထိုးထားသော်လည်း တပ်မတော် နှင့် KNLA တို့အကြား နယ်မြေကျော်လွန် လှုပ်ရှားသည့် အကြောင်းပြချက်များဖြင့် ထိတွေ့ပစ်ခတ်မှုများ မကြာခဏ ဖြစ်ပွားခဲ့ပြီး အရပ်သား ထိခိုက်သေဆုံးမှုနှင့် ထွက်ပြေးတိမ်းရှောင်မှုများလည်း ရှိခဲ့ပြီး NCA အပေါ် ချိုးဖောက်မှုများ ပြုသည်ဟုဆိုကာ အပြန်အလှန် စွပ်စွဲပြောဆိုမှုများလည်း မကြာခဏ ပေါ်ပေါက်လျက်ရှိသည်။

၎င်းအပြင် အရပ်သား ပစ်သတ်ခံရမှုများ ဖြစ်ပွားခဲ့မှုကြောင့် ကရင်ပြည်နယ်၊ ဖာပွန်ဒေသတွင် သောင်းနှင့်ချီသည့် ဒေသခံများမှ ၎င်းတို့ဒေသ၌ မြန်မာတပ်မတော် စခန်းများ ရုပ်သိမ်းပေးရန် တပ်မတော်စခန်းရှေ့များ၌ ချီတက် ဆန္ဒပြမှုများလည်း ပြီးခဲ့သည် ဇူလိုင်လအတွင်း ဖြစ်ပွားခဲ့သေးသည်။

NCA အပစ်ရပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် ၁၀ ဖွဲ့နှင့် အစိုးရ၊ တပ်မတော်တို့အကြား ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစု ပင်လုံ အစည်းအဝေးကို စတုတ္ထအကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့ပြီး ရွေးကောက်ပွဲ အလွန် တက်လာမည့် အစိုးရသစ်နှင့် ရှေ့ဆက် လုပ်ဆောင်နိုင်မည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၃)ကိုလည်း သဘောတူ လက်မှတ်ရေးထိုးထားသည်။

# ကုန်သွယ်မှုမြန်ဆန်စေရန် ထိုင်းကုန်တင်ယာဉ်များကို မြဝတီကုန်သွယ်ရေးဇုန်အထိ ဝင်ခွင့်ပြုမည်

နိုဝင်ဘာ ၂၃ ရက်၊ ၂၀၂၀ ပြည့်နှစ် နေနော်

ထိုင်း–မြန်မာ နယ်စပ် ကုန်သွယ်မှုအား ယခင်က နှစ်ဖက် BCF ဇုန်တွင်သာ ကုန်စည်ဖလှယ်ခွင့် ပြုထားပေးသော်လည်း ယခုအခါ နှစ်နိုင်ငံ ကုန်သွယ်မှု မြန်ဆန်စေရန်အတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ထိုင်းကုန်တင်ယာဉ်များကို မြဝတီနယ်စပ်ကုန်သွယ်ရးဇုန်အထိ ဝင်ခွင့် ပြုထားကြောင်း သိရသည်။

Covid -19 ကာလအတွင်း ရောဂါကူးစက်မှု မဖြစ်စေရန် BCF ဇုန်အချင်းချင်း ကုန်သွယ်ခွင့်ပြုထားသည့်အတွက် မတော်တဆ ကိုဗစ်ကူးစက်သွားလျှင် BCF ဇုန်တစ်ခုလုံးကို လော့ဒေါင်း (ပိတ်ချ) နိုင်သည့်အတွက် အဆင့်ဆင့်တင်ပြပြီး ထိုင်းကုန်တင်ယာဉ်များကို ကုန်သွယ်ရေးဇုန်အထိ သွားလာခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ပြောသည်။

'အဓိကတော့ ကုန်သွယ်မှုဆောင်ရွက်လိုတာ ပေါ့နော်။ လက်ရှိမှာတော့ နှစ်ဘက် BCF ဇုန်အချင်းချင်း ကုန်ပစ္စည်းတင်သွင်းနေမှု ဆောင်ရွက်နေတာပေါ့။ ကုန်ပစ္စည်းချိန်းပြောင်းရတဲ့အတွက် ကုန်သွယ်မှု နှောင့်နှေးမှုဖြစ်နေတာပေါ့။ လိုအပ်ချက်ကို ဖြည့်ဆည်းပေမဲ့ အခက်အခဲတော့ရှိပါတယ်။ ကိုဗစ်ကူးစက်မှုမဖြစ်အောင် BCF ဇုန်အတွင်းမှာ ကုန်သွယ်မှုလုပ်ခဲ့တာ မလုပ်တတ်ရင် ကိုဗစ်ကူးစက်မှုတွေဖြစ်ခဲ့ရင် BCF ဇုန်ကြီးကို Lockdown ချရရင် ကုန်သွယ်မှုလုံးဝ ရပ်သွားနိုင်တာပေါ့။ ပြည်နယ် အစိုးရအဖွဲ့ကနေပြီးတော့ ယနေ့ နိုဝင်ဘာ၂၃ ရက် နံနက် ၆:၀၀ နာရီကစပြီးတော့ ပုံမှန်ကုန်သွယ်မှုလုပ်ငန်း ဖြစ်တဲ့ ထိုင်းကုန်တင်ယာဉ်တွေကို မြဝတီ ကုန်သွယ်ရေးဇုန်ထိ သွားခွင့်ပြုထားတာ ဖြစ်ပါတယ်'ဟု မြဝတီခရိုင် အုပ်ချုပ်ရေးမှူးက ပြောသည်။



မြန်မာ–ထိုင်း နှစ်နိုင်ငံ ကုန်သွယ်ယာဉ်များအား အောက်တိုဘာလ ၁၁ ရက်နေ့မှစ၍ Covid -19 မပြန့်ပွားစေရန် အခြေအနေအရ မြဝတီ–မဲဆောက် အမှတ် ၂ ချစ်ကြည်ရေးတံတား BCF Zone Cargo ဝင်းအတွင်း၌သာ ကုန်ပစ္စည်း အချိန်းအပြောင်းလုပ်ခွင့်ပြုခဲ့သည်။ ယင်းသို့ ကုန်သွယ်မှု အကန့်အသတ်များကြောင့် ယခုဘဏ္ဍာနှစ်သစ်တွင် ကုန်သွယ်မှုပမာဏ တစ်လအတွင်း ဒေါ်လာသန်း ၃၀ ကျော် လျော့နည်းလာခဲ့ကြောင်းလည်း စီးပွားကူးသန်းဝန်ကြီးဌာနမှ ထုတ်ပြန်သော ကုန်သွယ်မှုစာရင်းများ အရ သိရသည်။

ယခင် ကိုဗစ်ရောဂါပိုး ကူးစက်ပြန့်ပွားမှု ဂယက်ကြောင့် အောက်တိုဘာလ ၁၁ ရက်နေ့မှစ၍ နှစ်နိုင်ငံ ကုန်သွယ်မှုအား အမှတ် ၂ တံတား နှစ်ဘက် BCF ဇုန်တွင်သာ ကုန်ဖလှယ်ခွင့်ပြုထားရာမှ ယခုလို ထိုင်းကုန်တင်ယာဉ်များကို နိုဝင်ဘာ ၂၃ ရက်နေ့မှစ၍ မြဝတီ ကုန်သွယ်ရေးဇုန်အထိ သယ်ဆောင်ခွင့်ရရှိသဖြင့် ကုန်သည်လုပ်ငန်းရှင်များအတွက် ကုန်ကျစရိတ်လျော့ကျလာခြင်း၊ ကုန်ပစ္စည်းအပျက်အစီး လျော့နည်းလာခြင်းနှင့် ကုန်သွယ်မှု မြန်ဆန်လာနိုင်ကြောင်း ကုန်သည်တစ်ချို့က သုံးသပ် ပြောကြားသည်။

ထိုသို့ ထိုင်းကုန်တင်ယာဉ်များကို မြဝတီနယ်စပ် ကုန်သွယ်ရေးဇုန်အထိ ဝင်ခွင့်ပြုထားသော်လည်း မြန်မာကုန်တင်ယာဉ်များကိုမူ ထိုင်းဘက်ခြမ်း အမှတ် ၂ တံတားထိပ် BCF ဇုန်တွင်သာ ကုန်ဖလှယ်ခွင့် ပြုထားသည့်အတွက် တစ်နိုင်တစ်ပိုင် နယ်စပ်ကုန်သည်များမှာ အခက်အခဲရှိနေဆဲဖြစ်ပြီး ယာဉ်မောင်းအချို့မှာလည်း အလုပ်လက်မဲ့ ဖြစ်နေကြောင်း သိရသည်။

# ၂၀၂၀ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ပဒိုမန်းငြိမ်းမောင် နှင့်ဆက်သွယ်မေးမြန်းခြင်း



၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ကရင်ပါတီများ အရေးနိမ့်ရသည့်အကြောင်းအရင်းနှင့်ပတ်သက်၍ ကရင်ပြည်သူ့ပါတီ -KPP ကိုယ်စားပြုပြီး ပန်းတနော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပဒိုမန်းငြိမ်းမောင်အား ကေအိုင်စီ သတင်းထောက် စဖန်းရှောင်း မေးမြန်းထားသည်များကို စုစည်းဖော်ပြလိုက်ပါသည်။

**ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ ဧရာဝတီတိုင်း ဒေသကြီးအတွင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတဲ့ ကရင်ပါတီတွေ ဘာဖြစ်လို့ ရှုံးနိမ့်ရပါလဲ။**

၂၀၂၀ ရွေးကောက်ပွဲမှာ ဧရာဝတီတိုင်းမှာရှိတဲ့ ကရင်နိုင်ငံရေးပါတီတွေအနေနဲ့ အနိုင်မရခြင်း အကြောင်းကတော့ ဧရာဝတီတိုင်းမှာရှိတဲ့ ကျနော်တို့ ကရင်အမျိုးသားတွေဟာ နိုင်ငံရေးအသိအမြင် အင်မတန် နိုးကြားပြီးတော့ အင်မတန်ရှေ့ရောက်နေတယ်။ ကျနော်တို့ဧရာဝတီတိုင်းက ကရင် အမျိုးသားတွေဟာ အမျိုးသားရေးစိတ်ဓာတ်အပေါ်မှာ အခြေမခံတော့ပဲ ပြည်ထောင်စုစိတ်ဓာတ်၊ ပြည်ထောင်စုအသိ အဲဒါမျိုးနဲ့ သိပ်ပြီးအဆင့်မြင့်တဲ့ အခါကျတော့ တိုင်းရင်းသားပါတီတွေ၊ ကိုယ့်ကရင်အမျိုးသားပါတီတွေအပေါ်မှာ သိပ်ပြီးတော့ သူတို့ စဉ်းစားချက်မရှိဘူး၊ ဒါကြောင့်မို့ ကျနော်တို့ကို မဲမပေးဘူးလေ။

သူတို့က သူတို့ရဲ့စဉ်းစား တွေးခေါ်မှုတွေက အင်မတန်မှ အဆင့်မြင့်ပြီး ရှေ့ရောက်နေတယ်။ ဥပမာ ကျနော်တို့ ရခိုင်အမျိုးသားတွေဆို သူတို့ အမျိုးသားအပေါ်မှာ အခြေခံစဉ်းစားတဲ့အတွက် ရခိုင်အမျိုးသားပါတီတွေကို ဝိုင်းရံပြီး မဲပေးခဲ့တယ်။ ရခိုင်အမျိုးသားပါတီတွေ အပြတ်အသတ် အောင်ပွဲခံခဲ့တယ်။ အလားတူပဲ ချင်း၊ ကချင်၊ ရှမ်း၊ မွန်၊ ပအိုဝ်း၊ ကရင်နီ တိုင်းရင်းသားအသီးသီးတွေဟာ သူတို့ဒေသတွေမှာ သူတို့တိုင်းရင်းသားတွေကို အမျိုးသားရေးစိတ်ဓာတ်နဲ့ ဝိုင်းရံတဲ့အခါကျတော့ သူတို့အောင်ပွဲခံခဲ့ကြတယ်။ ကျနော်တို့ ကရင်တွေ အမြင်ကျတော့ အင်မတန် ခေတ်ရှေ့ပြေးပြီးတော့ ပြည်ထောင်စုအမြင်၊ ပြည်ထောင်စု စိတ်ဓာတ်နဲ့ ဝိုင်းရံပြီးတဲ့အခါကျတော့ ကျနော်တို့ကို မဲမပေးဘူး။

**ကရင်အမျိုးသားတွေအနေနဲ့ ဘာဖြစ်လို့ဒီလိုခံယူချက်၊ အမြင်တွေ ရှိလာရလဲဆိုတာ သုံးသပ်ပေးပါအုံး။**

ဟာ... ဧရာဝတီတိုင်းဆိုတာက အင်မတန်မှ ယဉ်ကျေးမှု မြင့်တယ်လေ။ ယဉ်ကျေးမှု မြင့်တော့ တွေးခေါ်မှုလည်း မြင့်တာပေါ့။ လူနေမှု အဆင့်အတန်းတွေကလည်း မြင့်၊ စဉ်းစားတွေးခေါ်မှုကလည်း မြင့်၊ နိုင်ငံတကာ ဆက်ဆံမှုလည်းရှိ၊ အဲဒါကြောင့်မို့ သူတို့အတွေးတွေက အင်မတန် ခေတ်ရှေ့ပြေးပြီး အမျိုးသားရေးအပေါ်မှာ အခြေမခံတော့ဘူးလေ။ သူတို့က နိုင်ငံတော်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ဒီလိုအဆင့်အတန်း မြင့်မြင့်ပဲ စဉ်းစားတွေးခေါ်တော့တယ်လေ။

တကယ်တမ်း ပြောရမယ်ဆိုရင်တော့ဗျာ၊ 'ကျနော်တို့ကရင်လူမျိုးက အင်မတန်မှသွေးခွဲလို့ကောင်းတဲ့ လူမျိုး၊ ရိုးသားခြင်းဂုဏ်ဆိုတာက ရိုးသားခြင်းရဲ့ ဟိုးတစ်ဖက်က ထုံအနံ့ဖျင်းခြင်းလေ။' ကရင်ဟာ တပည့်မွေးလို့ကောင်းတယ်၊ ကရင်ဟာ သွေးခွဲလို့ကောင်းတယ်။ အင်္ဂလိပ်ခေတ်တုန်းကလည်း ကရင်ကိုကောင်းကောင်း မွေးခဲ့တယ်၊ အားပေးခဲ့တယ်။ သွေးခွဲခဲ့တယ်။ ဒါတွေက အထင်အရှားရှိခဲ့တယ်။ ဒါကြောင့်မို့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ရွေးကောက်ပွဲပြီးတော့ ပြန်ဆင်ခြင်မိတာက ကျနော်တို့ကရင်တွေရဲ့ရိုးသားမှု၊ ဖြူစင်မှုဟာ အသုံးချခံရတာ။ ကိုယ့်ကရင်တွေက တဖက်က မြင့်တာကမြင့်တာပဲ၊ နိမ့်တာကနိမ့်တာပါပဲ။ အဲဒီလိုဖြစ်နေတယ် ကိုယ့်ကရင်တွေက။

**ရွေးကောက်ပွဲမတိုင်ခင် မဲဆွယ်စည်းရုံးမှုတွေမှာ ဧရာဝတီတိုင်းဒေသကြီးက ကရင်ပါတီတွေကို ကရင်အမျိုးသားတွေက တခဲနက်ဝိုင်းရံအားပေးခဲ့ကြတယ်။ ရလဒ်ကောင်းမယ်လို့လည်း အများက ထင်မြင်ယူဆခဲ့ကြတယ်။ ဒါပေမယ့် လက်တွေ့မှာ ကရင်ပါတီတွေ ရှုံးနိမ့်ခဲ့တယ်။ အဲဒါ ဘာကြောင့်ပါလဲ။**

အဲဒါကတော့ ဒီလိုရှိတယ်။ ဝန်းရံမှုကတော့ အများကြီး အားရကျေနပ်ဖို့ကောင်းတယ်။ ကျနော်တို့ ကရင်လူငယ်တွေကလည်း အင်မတန် နိုးကြားတက်ကြွပြီးတော့ ကရင်နိုင်ငံရေးပါတီတွေ၊ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်တွေကို အများကြီး ထောက်ပံ့ပေးခဲ့ကြတယ်။ ဒါပေမယ့်လို့ ကျနော်တို့ စည်းရုံးရေးဆင်းပြီဆိုလို့ရှိရင် စည်းရုံးရေးဆင်းပြီးတာနဲ့ နောက်ကနေလိုက်ပြီးတော့ ကျနော်တို့ကို နိုင်ငံရေးအရ အဆင့်အတန်းမရှိတဲ့ ကောလာဟလတွေနဲ့ လိုက်လံတိုက်ခိုက်တယ်။ အဲဒါတွေကို ကျနော်သိလည်း သိတယ်။ ဒါတွေကိုလည်း မချေဖျက်နိုင်ခဲ့ဘူး။ ဘာတွေတိုက်ခိုက်လဲဆိုတော့ ဥပမာ ကျနော့်ကိုဆို ကျနော်နိုင်လို့ရှိရင် ကျနော်က စစ်တပ်နဲ့နီးစပ်တဲ့လူ၊ ကျနော်နိုင်ရင် ကြံ့ခိုင်ဖွံ့ဖြိုးရေးနဲ့ပေါင်းသွားမယ်၊ အဲဒါမျိုးတွေပေါ့။ နောက်တစ်ခါ ကျနော်စည်းရုံးလှုပ်ရှားမှုတွေကို ကြံ့ခိုင်ရေးက နောက်ကနေ ထောက်ပံ့ပေးတယ်စသည်ဖြင့် အဲဒါမျိုးတွေနဲ့ လူထုထဲမှာ လိုက်လံဖြန့်ချိတယ်။

ဒါကတော့ အကောင်အထည်နဲ့ သက်သေသက္ခာရနဲ့ပြလို့မရပေမယ့် ဒါကတော့ဖြစ်ခဲ့တာ အမှန်ပဲ။ နောက်တခါ ဘာတွေထပ်တွေ့ရလဲဆိုရင် ကျနော်ဟာ NLD က လွှတ်ထားတဲ့လူ၊ အဲဒါမျိုးပေါ့။ ဆိုတဲ့အခါကျတော့ ကျနော်တို့ နိုင်ငံရေးသိက္ခာအရ လိုက်လံတိုက်ခိုက်တဲ့အခါကျတော့ ကျနော်တို့ကို ထောက်ခံတဲ့ ကိုယ့်အမျိုးသားပြည်သူတွေက ဇဝေဇဝါဖြစ်ခဲ့တယ်။ ဒီလိုအဖြစ်အပျက်မျိုးက ကျနော်တို့ အတိုက်အခိုက် ခံရသလိုမျိုး ထူးဆန်းတာက မြန်မာပြည်ရဲ့ မြောက်ပိုင်း ဟိုးကချင်ပြည်နယ်ကနေ တောင်ပိုင်းအထိ ကျနော်တို့ တိုင်းရင်းသားတွေ စွပ်စွဲတိုက်ခိုက်ခံရတာက တစ်ပုံစံတည်း ဖြစ်နေတယ်။

**ကိုယ်ကိုယ်တိုင်ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ရွေးကောက်ပွဲရလဒ်တွေနဲ့ပတ်သက်ပြီးတော့ရော ဘယ်လိုမြင် ပါလဲ။**

ကျနော်ကတော့ ရွေးကောက်ပွဲအနေနဲ့ နိုင်ခြင်းရှုံးခြင်းကတော့ ရှုံးတယ်လို့ သတ်မှတ်ရင် ရှုံးတယ်။ ဒါပေမယ့် ကျနော်ကတော့ နိုင်တယ်။ ကျနော်ဘာဖြစ်လို့နိုင်လဲဆိုရင် အင်မတန်မှ တန်ဖိုးဖြတ်လို့မရနိုင်တဲ့ အောင်မြင်မှုတွေရခဲ့တယ်။ အဲဒါကဘာလဲဆိုတော့ ကျနော်ကရင်လူငယ်တွေကို စုစည်းနိုင်ခဲ့တယ်။ ကရင်လူငယ်တွေ နိုးကြားလာတယ်။ နိုင်ငံရေးအသိတွေ၊ ကရင့်သမိုင်းဆိုင်ရာတွေ ကရင်အမျိုးသားရေးလှုပ်ရှားမှုဆိုင်ရာတွေ ဒါတွေကို ကျနော်အများကြီး အမွေပေးနိုင်ခဲ့တယ်။ ကျနော့်ကို ဝန်းရံတဲ့ ကရင်လူငယ် ရာနှင့်ချီ ရှိတယ်။ ပြီးတော့ ကျနော့်ရွေးကောက်ပွဲ အောင်နိုင်ရေးမှာ တက်တက်ကြွကြွနဲ့ ဝန်းရံခဲ့တယ်။ ကျနော် အများကြီး လုပ်နိုင်ခဲ့တယ်လို့ ယုံကြည်တယ်။

**ရွေးကောက်ပွဲပြီးသွားပြီဆိုပေမယ့် ရွေးကောက်ပွဲအလွန် ကာလတွေမှာရော ကိုယ့်ကရင်တွေအနေနဲ့ ဘာတွေ ပြင်ဆင်လုပ်ဆောင်သင့်တယ်လို့ အကြံပြုပြောချင်လဲ။**

ပထမဆုံးကတော့ ကရင်နိုင်ငံရေးပါတီတွေပေါ့။ အခုမြစ်ဝကျွန်းပေါ်မှာ ကရင်ပါတီ ၂ ပါတီ ဖြစ်နေတယ်။ အဲဒီဟာကလည်း အဓိက အားနည်းချက်ဖြစ်တယ်။ ဒါတွေကို ပေါင်းစည်းနိုင်မှ ဖြစ်မယ်။ ပေါင်းစည်းနိုင်ဖို့ ကျနော် ၂၀၁၅ ကတည်းက အစဉ်တစိုက်ကြိုးပမ်းခဲ့တယ်။ မရရှိခဲ့ဘူး။ ဒါပေမယ့် ဒါကတော့ သူ့အမြင်၊ ကိုယ့်အမြင်၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ သဘောတရားရေး ဘာညာ စကားကြီး စကားကျယ်တွေ လျှောက်ပြော နေကြတာပေါ့ဗျာ။

ကျနော့်အမြင်ကတော့ ကျနော်တို့ အမျိုးသားမျက်နှာ၊ အမျိုးသား အကျိုးစီးပွားကို ကြည့်မယ်ဆိုရင် ကျနော်တို့မပေါင်းနိုင်စရာအကြောင်း မရှိဘူးလို့ ကျနော်မြင်တယ်။ ဒါကြောင့် ကရင်အမျိုးသားကို ဦးဆောင်မယ်ဆိုတဲ့ ကရင်နိုင်ငံရေးပါတီတွေက စည်းလုံးညီညွတ်မှုကို မတည်ဆောက်နိုင်ရင်တော့ ကရင်အမျိုးသားထုတစ်ရပ်လုံးကို ဦးဆောင်မှုပေးနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကရင်အမျိုးသား စည်းလုံးညီညွတ်ရေးဟာ ကရင်နိုင်ငံရေးပါတီတွေရဲ့ ပေါင်းစည်းရေးအပေါ်မှာ အများကြီး မူတည်တယ်။ ပေါင်းစည်းနိုင်မှသာလျှင် တစ်မျိုးသားလုံးကို ဦးဆောင်ခေါ်ဆောင်သွားနိုင်မယ်လို့ ကျနော်တော့ ယုံကြည်ပါတယ်။

ကရင်လူထုကိုကျတော့ သူတို့ယုံကြည်ရာ သူတို့လုပ်ပါလေ့စေပေါ့ဗျာ။ ကျနော်ပြောခဲ့သလိုပဲ စဉ်းစားတွေးခေါ်မှုမြင့်တော့ ကိုယ့်ကရင်အချင်းချင်း အထင်မကြီးဘူးပေါ့။ ပြောချင်တာက KNU မှာ ချမှတ်ထားတဲ့ လမ်းစဉ် ၄ ရပ်ထဲမှာ ကရင့်ကံကြမ္မာ ကရင်ဖန်တီးရမယ်ဆိုတဲ့ ဟာကိုပဲ ကိုးကားပြီး ပြောချင်ပါတယ်။ ကရင့်ကံကြမ္မာကို ဘယ်သူမှ လာမဖန်တီးပေးဘူး၊ ကရင်ကိုဘယ်သူမှ လာကယ်မှာမဟုတ်ဘူး။ ကရင်ကိုကယ်မှာ ကရင်ပဲ ဖြစ်တယ်။ ကရင့်အရှင်သခင်ဟာ ကရင်ပဲ ဖြစ်တယ်။ ဟိုလူ့အထင်ကြီး ဒီလူ့အထင်ကြီးနဲ့ဆို ကရင်က ဒီဘဝ ဒီဘဝနဲ့ပဲ ပြီးသွားမယ်လို့ ကျနော် ပြောချင်တယ်။

**အဖူးကိုယ်တိုင် လက်နက်ကိုင်တော်လှန်ရေးကို နှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့တယ်။ အခု လွှတ်တော်တွင်းနိုင်ငံရေးလမ်းကြောင်းကနေလည်း ကိုယ်တိုင်ပါဝင်လှုပ်ရှားတဲ့အနေနဲ့ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံခဲ့တယ်။ လက်တွေ့မှာ အဲဒီ ၂ ခု ဘယ်လိုသွားသင့်လဲဆိုတာ ပြောပေးပါ။**

ကျနော်တို့ကရင်အမျိုးသားအပါအဝင် တိုင်းရင်းသားတွေ ဒီကနေ့သွားနေတဲ့ လွှတ်တော်တွင်းလမ်းကြောင်းကတော့ တိုင်းရင်းသားအသီးသီးရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို လွှတ်တော်တွင်း နိုင်ငံရေးလမ်းကြောင်းကနေ သွားတယ်။ နောက်ပြီး NCA ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း လွှတ်တော်ပြင်ပ နိုင်ငံရေးလမ်းကြောင်းကနေ သွားနေတယ်။ ရည်မှန်းချက်ချင်းကတော့ အတူတူပဲ။ ဒါတွေကို ဟန်ချက်ညီညီနဲ့ လက်တွဲပြီးသွားကြဖို့လိုတယ်လို့ ပြောချင်ပါတယ်။

စာမျက်နှာ (၁၅) သို့ ▸▸▸

ကရင်အမျိုးသားကို ဦးဆောင်မယ်ဆိုတဲ့ ကရင်နိုင်ငံရေးပါတီတွေက စည်းလုံးညီညွတ်မှုကို မတည် ဆောက်နိုင်ရင်တော့ ကရင်အမျိုးသားထုတစ်ရပ်လုံးကို ဦးဆောင်မှုပေးနိုင်မှာ မဟုတ်ပါဘူး ...

# ကရင်ပြည်နယ်၏ ရွေးကောက်ပွဲရလဒ် အပေါ်ဆန်းစစ်ခြင်း

စောထွန်းလင်း



နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲကြီးတွင် ကရင်ပြည်နယ်၌ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၇ နေရာ၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် ၁၂ နေရာ၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ၁၄ နေရာနှင့် တိုင်းရင်းသားလူမျိုးရေးရာ မဲဆန္ဒနယ် ၃ နေရာ စုစုပေါင်း ၃၆ နေရာရှိပြီး ကိုယ်စားလှယ်လောင်း စုစုပေါင်း ၁၉၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ရွေးကောက်ပွဲအပြီး ရလဒ်များကို ပြည်နယ်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့ရာ ပြည်သူ့လွှတ်တော် ၇ နေရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က ၆ နေရာ၊ အမျိုးသားလွှတ်တော် ၁၂ နေရာတွင်လည်း ၁၁ နေရာကိုလည်းကောင်း၊ ပြည်နယ်လွှတ်တော် ၁၄ နေရာတွင် ၁၁ နေရာနှင့် တိုင်းရင်းသား ရေးရာ ၃ နေရာတွင် ၂ နေရာ၊ စုစုပေါင်း နေရာ ၃၀ တွင် အနိုင်ရခဲ့သည်။ အနိုင်ရမှု ရာခိုင်နှုန်းမှာ ၈၃ ရာခိုင်နှုန်းကျော်ဖြစ်သည်။

ကျန် ၆ နေရာတွင် ဖာပွန်မြို့နယ် မဲဆန္ဒနယ် ၄ နေရာစလုံးကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) က အနိုင်ရခဲ့ပြီး ကရင်ပြည်သူ့ပါတီ (KPP) က သံတောင်ကြီး ပြည်နယ်လွှတ်တော် အမှတ်(၁) နှင့် မွန်အမျိုးသားပါတီက မွန်တိုင်းရင်းသားရေးရာ ဝန်ကြီးနေရာတို့သာ အနိုင်ရရှိခဲ့သည်။

ရွေးကောက်ပွဲတွင် ကရင်ပြည်နယ်၌ အကြိတ်အနယ်ဖြစ်ပေါ်ခဲ့သည့် မဲဆန္ဒနယ်များ၊ ကိုယ်စားလှယ်လောင်း အများဆုံးမဲဆန္ဒနယ်နှင့် မဲအများဆုံးရသည့် ကိုယ်စားလှယ်လောင်းများ စသည့် အခြေအနေများကို ဆန်းစစ်ကြည့်ရန် လိုအပ်မည်ဖြစ်သည်။

## အကြိတ်အနယ်ရှိဆုံး မဲဆန္ဒနယ်များ

ကရင်ပြည်နယ်အတွင်း အကြိတ်အနယ်ရှိဆုံး မဲဆန္ဒနယ်မှာ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အမျိုးသားလွှတ်တော် အမှတ်(၉) မဲဆန္ဒနယ် ဖြစ်သည်ကို တွေ့ရသည်။ အဆိုပါ မဲဆန္ဒနယ်တွင် NLD မှ နန်းမိုးမိုးထွေး၊ KNDP မှ စောမြင့်ဟန်၊ USDP မှ ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ (UBP) မှ ဦးမြတ်ကျော်တို့ အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ နေရာတွင် မဲပေးခွင့်ရှိသူ ၁၂၃,၈၆၁ ဦးရှိသည့်အနက် မဲလာပေးသူ ၅၈,၇၄၆ ဦးရှိသည့်အတွက် မဲပေးမှုရာခိုင်နှုန်းမှာ ၄၇.၄၃ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။

မဲပေးသူများထဲတွင် ခိုင်လုံမဲ ၅၄,၀၄၁ မဲရှိသည့်အတွက် ပယ်မဲ ၄,၇၀၅ မဲရှိသည်ဟု မှတ်ယူနိုင်သည်။

မဲရလဒ်များအရ NLD က ၂၀,၁၄၆ မဲ၊ KNDP က ၂၀,၁၄၁ မဲ၊ USDP က ၁၃,၀၉၁ မဲနှင့် UBP က ၆၆၃ မဲ အသီးသီးရရှိကာ NLD က ၅ မဲအသာဖြင့် အနိုင်ရသွားသည်။ မဲရလဒ် ကွာခြားမှု အနည်းဆုံးဖြစ်ကာ NLD နှင့် KNDP တို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရသည်။

ဒုတိယ အကြိတ်အနယ်အရှိဆုံး မဲဆန္ဒနယ်မှာ ဖာပွန်၊ ပြည်နယ်လွှတ်တော် အမှတ်(၂) ဖြစ်ပြီး ကိုယ်စားလှယ် ခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ USDP မှ စောမျိုးမြင့်က ၄,၀၃၀ မဲ၊ ဒုတိယနေရာတွင် NLD မှ စောညီညီမောင်က ၃,၇၃၇ မဲ ရရှိပြီး မဲကွာခြားမှုမှာ ၂၉၃ မဲသာရှိသည်ကို တွေ့ရသည်။

ထို့အပြင် အကြိတ်အနယ်ရှိဆုံး မဲဆန္ဒနယ်မှာ ဖာပွန် အမျိုးသားလွှတ်တော်အမှတ်(၅) ဖြစ်ပြီး USDP နှင့် NLD တို့ အဓိကယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါနေရာတွင် မဲပေးခွင့်ရှိသူ ၂,၂၈၃၀ ဦးရှိသည့်အနက် မဲလာပေးသူ ၁၆,၀၃၈ ဦးရှိကာ ခိုင်လုံမဲ ၁၅,၄၇၆ ရှိသည့်အတွက် ပယ်မဲ ၅၆၂ မဲဖြစ်သည်။

မဲရလဒ်များမှာ USDP မှ ဦးစိုင်းသန်းနိုင်က ၇,၇၄၁ မဲ၊ NLD မှ ဦးစည်သူဟန်က ၆,၀၃၂ မဲ၊ KNDP မှ စောကျော်စိုးလင်းက ၁,၂၇၈ မဲ၊ UBP မှ ဦးစိုင်းသိန်းကြွယ်က ၃၆၅ မဲရရှိခဲ့ရာ USDP က ၁,၂၅၁ မဲ အသာဖြင့် အနိုင်ရသွားသည်။

လှိုင်းဘွဲ့မြို့နယ် အမျိုးသားလွှတ်တော်–အမှတ်(၉)နှင့် နယ်မြေတူသည့် လှိုင်းဘွဲ့ ပြည်နယ်လွှတ်တော် အမှတ်(၂) မဲဆန္ဒနယ်တွင်လည်း NLD မှ လက်ရှိ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ စောချစ်ခင်နှင့် KNDP ဥက္ကဋ္ဌ မန်းအောင်ပြည်စိုးတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြပြီး NLD က ၂၀,၄၉၉ မဲ၊ KNDP က ၁၉,၁၂၉ မဲ၊ USDP မှ စောစိုးဝင်းက ၁၃,၀၇၆ မဲ၊ တသီးပုဂ္ဂလကိုယ်စားလှယ် စောကျော်လွင်ဦးက ၁,၇၉၇ မဲနှင့် UBP မှ ဦးအောင်တိုးဝင်းက ၆၉၈ မဲရရှိကာ မဲကွာခြားချက် ၁,၃၇၀ မဲအသာဖြင့် NLD က အနိုင်ရသွားသည်။

ထို့အပြင် သံတောင်ကြီးမြို့နယ် ပြည်နယ်လွှတ်တော် အမှတ်(၁) တွင်လည်း ကရင်ပြည်သူ့ပါတီ KPP နှင့် NLD တို့ အကြိတ်အနယ်ရှိခဲ့ပြီး KPP မှ စောခရစ္စတိုဖာက NLD မှ စောယောဟန်ကညောစေးကို ၁,၃၈၄ မဲ အသာဖြင့် အနိုင်ရခဲ့သလို၊ သံတောင်ကြီး ပြည်နယ်အမှတ်(၂) တွင်မူ NLD မှ စောမောင်ထူးက KPP မှ စောဂျေအောင်းမြင့်ကို ၁,၄၈၁ မဲ အသာဖြင့် အနိုင်ရသွားခဲ့သည်။

## မဲပေးမှုရာခိုင်နှုန်း အများဆုံးနှင့် အနည်းဆုံး မဲဆန္ဒနယ်

ပြည်နယ်အတွင်း မဲဆန္ဒနယ် ၃၆ နေရာရှိသည့်အနက် ဖာပွန်နှင့် သံတောင်ကြီးမြို့နယ်တို့တွင်သာ မဲပေးမှု ရာခိုင်နှုန်းများသည်ကိုတွေ့ရပြီး ကျန်မြို့နယ်များတွင် မဲပေးမှုရာခိုင်နှုန်း ၅၀ ရာခိုင်နှုန်း ဝန်းကျင်သာ ရှိသည်။

ပြည်နယ်အတွင်း မဲပေးမှုရာခိုင်နှုန်း အများဆုံး မဲဆန္ဒနယ်မှာ ဖာပွန်မြို့နယ် အမှတ်(၁) မဲဆန္ဒနယ်ဖြစ်ပြီး အဆိုပါနေရာတွင် မဲပေးခွင့်ရှိသူ ၇,၇၉၀ ဦး ရှိသည့်အနက် မဲလာပေးသူ ၆,၃၅၃ ဦး ရှိသည့်အတွက် မဲပေးမှု ရာခိုင်နှုန်း မှာ ၈၁.၅၅ ရာခိုင်နှုန်းရှိကာ ပြည်နယ် တစ်ခုလုံးတွင် မဲပေးမှု အများဆုံး မဲဆန္ဒနယ် ဖြစ်သည်။ အဆိုပါ မဲဆန္ဒနယ်တွင် USDP မှ ဦးစိုင်းသန်းနိုင်က အနိုင်ရသွားသည်။

ပြည်နယ်အတွင်း မဲပေးမှုရာခိုင်နှုန်း အနည်းဆုံး မဲဆန္ဒနယ်မှာ မြဝတီမြို့နယ် အမျိုးသားလွှတ်တော် အမှတ်(၁၁) မဲဆန္ဒနယ် ဖြစ်ပြီး အဆိုပါနေရာတွင် မဲပေးခွင့်ရှိသူ ၁၀၃,၄၅၅ ဦးရှိပြီး မဲလာပေးသူ ၄၈,၈၈၀ ဦးရှိသည့်အတွက် မဲပေးမှုရာခိုင်နှုန်းမှာ ၄၇.၂၅ ရာခိုင်နှုန်း သာရှိပြီး ကရင်ပြည်နယ် တစ်ခုလုံးတွင် မဲပေးမှု အနည်းဆုံး မဲဆန္ဒနယ် ဖြစ်သည်ကိုတွေ့ရသည်။ အဆိုပါ မဲဆန္ဒနယ်တွင် NLD မှ လက်ရှိ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အနိုင်ရသွားသည်။

## ကိုယ်စားလှယ်အများဆုံးဝင်ရောက်ယှဉ်ပြိုင်သည့် မဲဆန္ဒနယ်များ

ပြည်နယ်အတွင်း မဲဆန္ဒနယ် ၃၆ နေရာတွင် ကိုယ်စားလှယ် အများဆုံးဝင်ပြိုင်သည့် မဲဆန္ဒနယ်များမှာ ဖားအံမြို့နယ်၏ မဲဆန္ဒနယ်မြေများဖြစ်ပြီး ဖားအံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်နှင့် အမျိုးသားလွှတ်တော် အမှတ်(၆) တွင် ခုနစ်ဦးစီ၊ ဖားအံမြို့နယ် ပြည်နယ်လွှတ်တော် အမှတ် ၁ နှင့် အမှတ် ၂ တို့တွင် ကိုးဦးစီနှင့် ဗမာတိုင်းရင်းသားရေးရာ၌ ကိုးဦး အသီးသီးဝင်ပြိုင်ခဲ့ကြသည်ကိုတွေ့ရသည်။

ထူးခြားသည်မှာ ထိုသို့ ကိုယ်စားလှယ် အများအပြားဝင်ပြိုင်ကြသည့် မဲဆန္ဒနယ် အားလုံးတွင် NLD ကိုယ်စားလှယ်များအားလုံး မဲရာခိုင်နှုန်း ၅၀ ရာခိုင်နှုန်းကျော်ဖြင့် အပြတ်အသတ် အနိုင်ရသွားသည်ကိုတွေ့ရသည်။ ကိုယ်စားလှယ်များသော်လည်း မဲမကွဲဟု ဆိုနိုင်သည်။

## မဲကွဲ၍ပြိုင်ဘက်အသာရခဲ့သည့် မဲဆန္ဒနယ်များ

ကရင်ပြည်နယ်အတွင်း တိုင်းရင်းသားပါတီ အချင်းချင်း မဲကွဲသွားသည့်အတွက် အခြားပါတီက အနိုင်ရသွားသည့် မဲဆန္ဒနယ်သုံး နေရာခန့်ရှိသည်ကို ယခုရွေးကောက်ပွဲတွင် တွေ့ရသည်။

သံတောင်ကြီးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် ၂ တွင် ကရင်ပြည်သူ့ပါတီနှင့် ကယန်းအမျိုးသားပါတီတို့ မဲကွဲသွားပြီး NLD က အနိုင်ရရှိသွားသည်။

အဆိုပါ မဲဆန္ဒနယ်၏ မဲရလဒ်များမှာ NLD မှ စောမောင်ထူးက ၈,၇၇၇ မဲ၊ KPP မှ စောဂျေအောင်းမြင့်က ၇,၂၉၆ မဲနှင့် ကယန်းအမျိုးသားပါတီမှ နန်းဝေဝေထွန်းက ၃,၅၆၆ မဲ၊ USDP မှ စောကျော်ရွှေက ၁,၆၀၉ မဲနှင့် UBP စောဂေထူးက ၅၂၄ မဲ အသီးသီးရရှိခဲ့ပြီး ကရင်နှင့် ကယန်းမဲပေါင်းမှာ အနိုင်ရကိုယ်စားလှယ်ထက် မဲပိုများသည်ကို တွေ့ရသည်။

အလားတူ ကြာအင်းဆိပ်ကြီး အမျိုးသားလွှတ်တော် အမှတ် ၄ တွင်လည်း ကရင်နှင့် မွန်ပါတီတို့ မဲကွဲမှုဖြစ်ခဲ့သည်ကိုတွေ့ရသည်။

အဆိုပါ မဲဆန္ဒနယ်၏ မဲရလဒ်များမှာ NLD မှ စောယှားဖောင်အွာက ၁၇,၆၃၆ မဲ၊ မွန်ညီညွတ်ရေးပါတီမှ ဒေါ်ဝေသီဖြိုးက ၉,၇၁၉ မဲ၊ KNDP မှ စောမြင့်ထွေးက ၉,၀၂၁ မဲ၊ USDP မှ စောမြဝင်းက ၇,၂၃၂ မဲနှင့် UBP မှ ဒေါ်အေးသွယ်က ၃၃၄ မဲတို့ အသီးသီးရရှိခဲ့သည်။ ထို့ကြောင့် မွန်နှင့် ကရင်ပါတီနှစ်ခုပေါင်းမဲမှာ အနိုင်ရကိုယ်စားလှယ်ထက် ပိုများသည်ကို တွေ့ရသည်။

ထို့အပြင် ကြာအင်းဆိပ်ကြီး ပြည်နယ်လွှတ်တော် အမှတ် ၂ တွင်လည်း မွန်နှင့်ကရင်တို့ မဲကွဲခဲ့သည်ကို တွေ့ရသည်။ အဆိုပါ မဲဆန္ဒနယ်၏ မဲရလဒ်များမှာ NLD မှ ဦးတင်မျိုးဦးက ၁၆,၉၆၇ မဲ၊ KNDP မှ စကျော်စွာက ၁၀,၃၆၃ မဲ၊ မွန်ညီညွတ်ရေးပါတီမှ ဦးချမ်းမွန်က ၁၀,၂၀၇ မဲ၊ USDP မှ ဦးခိုင်ဝင်းက ၆,၂၃၆ မဲ၊ UBP မှ ဦးအောင်ဇော်ထွန်းက ၂၄၉ မဲ တို့ အသီးသီးရရှိခဲ့သည်။ ထို့ကြောင့် တိုင်းရင်းသားပါတီနှစ်ခု၏ မဲမှာ အနိုင်ရကိုယ်စားလှယ်ထက် ပိုများသည်ကို တွေ့ရသည်။

အလားတူ ကော့ကရိတ်မြို့နယ် အမျိုးသားလွှတ်တော်အမှတ် ၂ တွင် မွန်နှင့် ကရင်ပါတီနှစ်ခု ပေါင်းမှာ အနိုင်ရ NLD ထက် မဲ ပိုများသလို ကော့ကရိတ် ပြည်နယ်လွှတ်တော် အမှတ် ၂ တွင်လည်း မွန်ပါတီနှင့် တသီးပုဂ္ဂလ ကိုယ်စားလှယ် (KNDP ကိုယ်စားလှယ်လောင်းအဖြစ် လျှောက်ထားရာတွင် ကန့်ကွက်ခံရ၍ တသီးပုဂ္ဂလ ဝင်ပြိုင်သူ) တို့၏မဲမှာ အနိုင်ရကိုယ်စားလှယ်ထက် ပိုများသည်ကို တွေ့ရသည်။

အထက်ပါအချက်အလက်အရ ကရင်ပြည်နယ်၏ မဲဆန္ဒနယ်မြေများတွင် ပြည်သူလူထု၏မဲပေးမှုသည် ပျမ်းမျှ ၅၀ ရာခိုင်နှုန်း နှင့်အထက်ရှိခဲ့သဖြင့် ရွေးကောက်ပွဲတွင် ပြည်သူများ၏ပါဝင်မှု မြင့်မားသည်ဟု ဆိုနိုင်သည်။

သို့သော်လည်း ရွေးကောက်ပွဲရလဒ်အရ ၎င်းပြည်နယ်တွင် တိုင်းရင်းသားပါတီများထက် NLD က လွှမ်းမိုးမှုပိုမိုကြီးမားနေသည်ကိုတွေ့ရပြီး တိုင်းရင်းသားပါတီများအနေဖြင့် နေရာအနည်းငယ်တွင် အနိုင်ရသင့်သည့် အခြေအနေ ရှိခဲ့သော်လည်း မဲကွဲခြင်း ကြုံတွေ့ခဲ့ရကာ ပြိုင်ဘက်ကို အသာရစေခဲ့ကြောင်းလည်း တွေ့ရသည်။

ထို့ကြောင့် ကရင်ပြည်နယ်ရှိ တိုင်းရင်းသားပါတီများအနေဖြင့် မဲကွဲသည့်ပြဿနာကို လတ်တလော အဖြေရှာရန် လိုအပ်မည်ဖြစ်ပြီး လာမည့် ရွေးကောက်ပွဲများတွင် ပြည်နယ်အတွင်း အသာရနိုင်ရေးအတွက်ကိုမူ NLD ကဲ့သို့ နိုင်ငံရေးဩဇာထူထောင်နိုင်ရန် လိုအပ်နေကာ ထိုသို့ နိုင်ငံရေးဩဇာထူထောင်နိုင်မှသာ ပြည်သူများအပေါ် လွှမ်းမိုးနိုင်မည်ဖြစ်ကြောင်းနှင့် လာမည့် ရွေးကောက်ပွဲများတွင် အသာရရှိနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**စောထွန်းလင်း**



၂၀၁၃ စက်တင်ဘာလမှ စတင်ထုတ်ဝေသည်

# ၂၀၂၀ ရွေးကောက်ပွဲအပြီး
# အရပ်ဖက်အဖွဲ့များ၏ အမြင်သဘောထားများ




စောသောကြာ



နော်တကော်ထူး



နော်မာမာချို



စောကျော်လင်း

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ၂၀၂၀ နိုဝင်ဘာလ ၈ရက်နေ့တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည် နယ်နှင့် တိုင်းဒေသကြီးများအထိ အသီးသီး ကျင်းပခဲ့ကြသည်။ အဆိုပါရွေးကောက်ပွဲ၏ လတ်တလော ရလဒ်နှင့် အခြေအနေများအပေါ် ကရင်အရပ်ဖက်အဖွဲ့များ၏ အမြင်သဘောထားများကို မေးမြန်းတင်ဆက်လိုက်ပါသည်။

### နော်မာမာချို
**(သံတောင်ကြီး အမျိုးသမီးအဖွဲ့ ဒါရိုက်တာ)**

အခုကတော့ အစ်မတို့သံတောင်ကြီးမှာတော့ ကိုယ့်တိုင်းရင်းသားပါတီ အနိုင်ရဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့် အခုလက်ရှိ ကရင်ပါတီ တစ်နေရာပဲ ရတယ်ပေါ့နော်။ အဲဒီဟာအတွက် စိတ်လည်း မကောင်းဘူး။ ကိုယ့်ဒေသပဲဖြစ်ဖြစ်၊ ကိုယ့်ပြည်နယ်ပဲဖြစ်ဖြစ်ပေါ့။ အဲဒီအတွက်ကို ကရင်လူမျိုးတွေအတွက် အများကြီးလုပ်ဖို့လည်း လိုသေးတယ်။ အခု လက်ရှိမှာ ကရင်ပါတီ တစ်ယောက်ထဲရတယ်ဆိုတော့ တော်တော်လေး အားမရှိဘူးပေါ့။ တကယ်လို့ လွှတ်တော်တက်တဲ့ အချိန်အခါ ဆိုလို့ရှိရင်လည်း မဲခွဲဆုံးဖြတ်တဲ့နေရာမှာ ဒီအရာက အင်အားမရှိဘူးပေါ့။

များသောအားဖြင့် ပါတီငယ်လေးတွေက အစိုးရ မဖွဲ့နိုင်ဘူးပဲ ပြောတဲ့အခါကျတော့ တချို့ကလည်း အဲလိုနားယောင်မိတယ်။ တကယ်တော့ တိုင်းရင်းသားပါတီပဲဖြစ်ဖြစ်၊ လွှတ်တော်ထဲမှာ ဖက်ဒရယ်ဒီမိုကရေစီ သွားချင်တယ်ဆိုရင် အရောင်မျိုးစုံ၊ အသံမျိုးစုံ ပါဖို့လိုတယ်လေ။ အခု တစ်ပါတီပဲ ဖြစ်နေတဲ့အခါကျတော့ တိုင်းရင်းသား အသံ မှေးမှိန်မယ်ဆိုတာ အဓိကအချက်ပေါ့။

တိုင်းရင်းသားပါတီဖြစ်ဖြစ်၊ ကရင်ပါတီပဲဖြစ်ဖြစ် တတ်နိုင်သလောက် နားလည်အောင် ပြောပြတာပဲပေါ့နော်။ နားလည်အောင်ပြောပြတဲ့အခါမှာ တိုင်းရင်းသားတွေက ဘာဖြစ်လို့ ပါတီကြီးတွေကိုပဲ ပေးလဲဆိုတာကတော့ သူတို့ရဲ့ ရွေးချယ်မှုပဲပေါ့။ အခုလက်ရှိမှာက ဘယ်သူမှလူကို မကြည့်တော့ဘူးလေ။ ကိုယ့်ဒေသကို လုပ်ပေးနိုင်မယ့်လူကို မကြည့်ဘူးတော့ဘဲနဲ့ ပုံရိပ်တစ်ခုနဲ့ပဲ အကုန်လုံးက ထုခဲ့တာပဲ။ လွှတ်တော်ကိုယ်စားလှယ်က အဖြူလား၊ အမဲလား ဆိုတာ ဘယ်သူမှ မကြည့်ခဲ့ဘူးလေ။ ကရင်ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ လွှတ်တော်တက်ခွင့်မရတော့တဲ့အပေါ်မှာ ဒေသအတွက် တောင်းဆိုတာပဲဖြစ်ဖြစ်၊ ကရင့်အတွက် လွှတ်တော်ထဲမှာ တောင်းဆိုတာပဲဖြစ်ဖြစ် ကရင်ပြည်သူလူထုအတွက်တော့ အများကြီး နစ်နာဆုံးရှုံးတယ်။ အဲဒီအတွက်လည်း စိတ်မကောင်းဘူးပေါ့။

တိုင်းရင်းသားရေးရာဝန်ကြီး ရွေးတဲ့အခါမှာလည်း ရေးရာဝန်ကြီးဟာ ဖြူသလား၊ မဲသလား သိမှာ မဟုတ်ဘူး။ သိလည်းမသိဘူး။ ဒါပေမယ့် အဲဒီပါတီတစ်ခုကိုပဲ ပေးရမယ့်အခါကျတော့ ပေးလိုက်ကြတာပေါ့။ အခုကတော့ ကိုယ့် ခေါင်းဆောင်ကို ရွေးချယ်တဲ့အခါမှာ သေချာလေး ကိုယ့်အကျိုးကို လုပ်ပေးနိုင်တဲ့လူကို ရွေးချယ်ဖို့လိုတယ်။ ဒီအသိပညာလေးလည်း အားနည်းနေသေးတာပေါ့နော်။

ကရင်ပါတီဘက်ကလည်း ပြောရမယ်ဆိုလို့ရှိရင် ဒါကိုယ့်ရဲ့လိုအပ်ချက်လည်း ပါတာပေါ့နော်။ စည်းရုံးရေးလည်း အားနည်းတယ်။ မဲအသိပညာပေးလည်း အားနည်းတယ်။ နောက်တစ်ခု သိလိုက်ရတာက ပယ်မဲတွေလည်း အများကြီးရှိတယ်ဆိုပြီး သိလိုက်ရတဲ့အခါကျတော့ မဲအသိပညာပေးလည်း များများပေးရမယ်၊ တိုင်းရင်းသားတွေဘက်ကလည်း စည်းရုံးရေးလုပ်ဖို့လိုတယ်။ လုပ်တဲ့အခါမှာ သေချာခိုင်မာအောင်လည်း လုပ်ရမယ်ဆိုတာ သိလိုက်ရတာပေါ့။

### စောသောကြာ
**(မွန်ပြည်နယ် ကရင်လူငယ်ကွန်ရက်)**

ကရင်ပါတီ မနိုင်တာက စိတ်မကောင်းဘူးပေါ့။ အဓိက ကိုယ့်ကရင်ပြည်သူလူထုတွေကလည်း နိုင်ငံရေး၊ အမျိုးသားရေး အခြေခံ အားနည်းနေကြတယ်။ တော်တော်လေးကို အားနည်းတယ်။ တစ်ချို့ကတော့ လက်ချည်တာ၊ ဒုံးကတာကို အမျိုးသားရေးလို့ထင်နေကြတယ်။ ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် နိုင်ငံရေးအခြေခံတော့ ရှိရမှာပေါ့။ အမျိုးသားရေး လုပ်လိုက်ရင် အစွန်းရောက်တယ်လို့ပြောကြတယ်။ ကရင်ပါတီကို ဘာကြောင့် မဲထည့်ဖို့လိုလဲဆိုတာက တစ်ခုခုဖြစ်ရင် ငါတို့ထိန်းကြောင်းလွယ်တယ်။ ပြောလို့လွယ်တယ်။ NLD ပဲ တက်တဲ့အခါကျတော့ ငါတို့က NLD ကို ထိန်းကြောင်းလို့မရဘူး ခက်တယ်လေး။ ကရင်မဲဆန္ဒရှင်တွေကလည်း ကရင်ပါတီတွေကို ဘယ်လိုထင်လဲဆိုတော့ ကရင်ပါတီတွေက အစိုးရမဖွဲ့နိုင်လို့ မဲမထည့်ဘူးပေါ့။ နောက်တစ်ခုက ကရင်ပါတီတွေက ကြံ့ဖွံ့နောက်မြီးဆွဲတွေ။ ကရင်ပါတီကို မဲထည့်ရင် စစ်တပ်အောက် ပြန်ရောက်သွားမယ်။ အဲလိုမြင်ကြတာပေါ့။ လူထုတွေက တစ်ဖက်ပါတီကြီးရဲ့ မှိုင်းတိုက်တဲ့ဒဏ်ကို ခံရတာပေါ့။ ပြီးတော့ မဲတန်ဖိုးကိုလည်း တော်တော်များများ မသိဘူးပေါ့။ သူတို့သိတာက NLD နိုင်ဖို့ပဲ။

ကရင်ပါတီရှုံးတဲ့အပေါ်မှာ မွန်ပြည်နယ်အနေနဲ့ ပြောရမယ်ဆိုရင် ဆုံးရှုံးမှုတွေတော့ ရှိတာပေါ့။ ပြီးတော့ NLD သက်တမ်း ၄ နှစ်ကျော်မှာ ရေးရာဝန်ကြီးကလည်း ကရင့်အရေးဆိုရင် စာပေယဥ်ကျေးမှုလောက်ပဲ လုပ်တယ်။ အခုတက်လာမယ့် မွန်ပြည်နယ် ကရင်တိုင်းရင်းသားရေးရာဝန်ကြီးကလည်း မွန်ပြည်နယ်မှာလည်း မနေဘူး။ မွန်ပြည်မှာရှိတဲ့ ကရင်အဖွဲ့တွေနဲ့ ရင်းနှီးမှုလည်း မရှိထားဘူး။ အကုန်အသစ်ဖြစ်တော့ ကိုယ့် ကရင်အတွက်တော့ နစ်နာမှာပေါ့။ တစ်ခြားပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးကတော့ အဟောင်းတွေဖြစ်တယ်။ သူတို့လည်း ၅ နှစ်ဆိုတော့ ကရင်အရေး လုပ်ရမယ့်အရာတွေ သိသလောက်တော့ သိပြီး။ ရန်ကုန်တိုင်းက တက်လာမယ့် ရေးရာဝန်ကြီးကလည်း သူက ကရင်အရေးတွေ ထဲထဲဝင်ဝင် လုပ်ဆောင်ထားတဲ့လူဆိုတော့ အဆင်ပြေတယ်။ မွန်ပြည်နယ်မှာက အသစ်ဆိုတော့ ကရင်အရေး လုပ်နိုင်မယ်ဆိုရင် လက်ချည်ပွဲကျင်းပမယ်၊ နှစ်သစ်ကူးလုပ်မယ်၊ ကရင်စာပေတွေ အဲဒီလောက်ပဲ လုပ်နိုင်အုံးမယ်။

ကရင်ပါတီတွေကလည်း လိုအပ်ချက်အများကြီး ရှိတာကို တွေ့ရတယ်။ မွန်ပြည်နယ်အနေနဲ့ ပြောရမယ်ဆိုရင် ကရင်ပါတီက ရွေးကောက်ပွဲနီးမှ ထလုပ်တယ်။ ဒေါက်တိုင်ကို မတည်ဆောက်ဘူး။ တစ်ပွဲထိုးတွေ လုပ်တယ်။ အခု ကရင်ပါတီတွေ မနိုင်တော့ လွှတ်တော်မှာ ကရင်အသံပါဖို့က တိုင်းရင်းသားမဟာမိတ်ပါတီကိုပဲ အားကိုးရတော့မှာပေါ့။ သူတို့တွေလည်း တိုင်းရင်းသားတစ်စုံလုံးစာ ပြောပေးနိုင်ရင်တော့ ကောင်းတာပေါ့။ သူတို့က တိုင်းရင်းသားတစ်စုံလုံးအရေးကိုပဲ ပြောမယ်လို့ ထင်ပါတယ်။

### နော်တကော်ထူး
**(ကရင်ပြည်နယ်အရပ်ဖက်အဖွဲ့အစည်းများ ကွန်ရက် – KSCN၊ ကော့ကရိတ်တာဝန်ခံ)**

ကရင်ပြည်နယ် မဲရရှိတဲ့အခြေအနေကတော့ ပြောရမယ်ဆိုရင် နိုင်ငံရေးရေချိန်မြင့်တယ်လို့ပဲ ကျမတို့ ဆိုလို့ရတာပေါ့နော်။ ဥပမာ ကျမတို့ တိုင်းရင်းသားတွေလိုချင်တဲ့ အခြေခိုင်မှု၊ မူဝါဒခိုင်မာမှုဆိုင်ရာ မသွားနိုင်ကြသေးဘူးလေ။ လွန်ခဲ့တဲ့ ၅ နှစ်တာကာလလည်း မျှော်မှန်းသလောက် မဖြစ်လာဘူးလေ။ ဒီအပေါ်မှာ တိုင်းရင်းသားတွေလိုချင်တဲ့ နိုင်ငံရေးအာမခံမှုက ပိုပြီး လိုအပ်လာတာတွေကို လူတွေက ပိုသိလာတယ်။ အဲဒီနိုင်ငံရေးအာမခံချက်ဆိုတာ မူဝါဒပိုင်းဆိုင်ရာ ချနိုင်တာဆိုတာကလည်း ပါတီကြီး ဖြစ်ဖို့လိုတယ်လေ။ အစိုးရမဖွဲ့နိုင်ဘူးဆိုတာကလည်း လွှတ်တော်ထဲမှာ သွားပြီးတော့ တကယ့်လူထုလိုလားတဲ့ ဆုံးဖြတ်ချက်က တော်တော်လေး မကျဘူးပေါ့လေ။ အဲဒီစဉ်းစားချက်တွေကလည်း ပိုပြီးတော့ မြင့်လာတယ်လို့ ကျမတော့မြင်တယ်ပေါ့နော်။

လက်ရှိထွက်လာတဲ့ ရလဒ်က တိုင်းရင်းသားရဲ့အခြေခံမှုကိုတော့ လုပ်ရင်လုပ်သလောက်တော့ သူတို့အပေါ်မှာပဲ မူတည်တာပေါ့။ နိုင်ငံရေးရေချိန် လုပ်ရင်လုပ်သလောက်တော့ ကျမတို့ တိုင်းရင်းသားတွေရဲ့ အခြေခံမှုကို ရမှာပေါ့။ လက်ရှိရတဲ့ ရလဒ်က လူတွေကတော့ ပါတီကိုပဲကြည့်ပြီး ပေးတာ လူကိုကြည့်ပြီးပေးတာ မဟုတ်ဘူး။ လူကိုကြည့်ပြီး ပေးရင်တော့ ကိုယ့်တိုင်းရင်းသားတွေ ရမှာပေါ့။ ပြီးတော့ ကြိုတင်မဲမှာလည်း တော်တော်စကားပြောတယ်။ ပြည်ပမှာ ရောက်တဲ့လူက နိုင်ငံရေး ရေချိန် ပိုပြီးတော့ စဉ်းစားတယ်။ သူတို့တွေက သူများတိုင်းပြည်ရဲ့ အသီးအပွင့်ကို ခံစားဖူးပြီးဆိုတော့ ကိုယ့်ဆီကလူတွေကို အဲဒီအသီးအပွင့်တွေကို ခံစားစေချင်တော့ ဒီအခြေခံမှုပဲ ရချင်တယ်။ ဥပမာ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ တိုင်းရင်းသားတွေလိုချင်တဲ့ နိုင်ငံရေး အာမခံချက်တွေကို သူတို့ရေးဆွဲနိုင်ပြီးဆိုရင် သေချာတယ်။ ပါတီကြီးတွေက လွှတ်တော်ထဲမှာ သိပ်ပြီး အားနည်းသွားမယ်။ တိုင်းရင်းသားပါတီတွေက ပိုပြီးတော့ များလာမယ် သေချာတယ်။ လွှတ်တော်မှာ တိုင်းရင်းသားတွေ တအားလိုအပ်တယ်ဆိုတာ လူထုတွေသိအောင် ကျမတို့လို လူမှုအဖွဲ့အစည်းတွေ ပိုပြီးတော့ မျှဝေဖို့လိုမယ်လို့ ထင်တယ်။

ကိုယ့်ကရင်လူမျိုးပါတီတွေကို ကရင်လူထုတွေ နိုင်စေချင်တာပဲပေါ့။ ဒါပေမယ့် လတ်တလော နိုင်ငံရေးအခင်းအကျင်းရယ်။ ပြီးတော့ ကရင်လူထုတွေရဲ့ Mindset တွေက ကရင်ပါတီရဲ့ နောက်ကွယ်က လက်မဲကြီးကဘာလဲ။ စဉ်းစားလာကြ

စာမျက်နှာ (၁၅) သို့ ▶▶▶

# ကာ.အိုင်မဲခါ ဖုံပျုဂ်ဖါ

စဝ်ယင့်သာအဲဆိုင်

**ဆံ့ခွါင်လဝ်ဝီ.(ဆံ့ခွါင်ခၚ်းထာ်)**

နဲ့ရေံ ၂၀၂၀ ကၚ်း စုဂ်ထၚ်းကၚ်းခိ့လ်ုကၚ်းယိုဝ် ဓးဍုံၚ် ဓေကိုဝ်ကၚ်းသိုဝ်အေးလ်ု။ ကိုဝ်ကၚ်းကၚ်း စာ် စိုဝ် ဆံ့ယဝ်ထၚ်းထိုဝ် ယွဲသယ်ယှာလၚ်ဓေယိုဝ်သိုဝ် စူးသယ်ဝဝ်ထၚ်း ဓၚ်ဓၚ်ဓၚ်ဓၚ်-- ဆၚ်ထိ့ခဝ့်ဍုဝ် ဍေအ်ုလၚ် လ်ုယိက်လ်ုမဝ်. လာထာင့်ခုက်ဖောဟ် မ့်ထံၚ်ကျ်တာ. မွာဲဖုံဆိုဒ်ဖောဟ်သယ် ကၚ်းဟှောဝ်ကၚ်း ဍောဟ် အ်ုမူ.ကီလဝ့်မွာဲယှာ. --။

လာ.ကၚ့်စိုဝ် ဖုံဆိုဒ်ဖောဟ်သယ်အ်ုဟှၚ်. ဖုံ အ်ုခေါဟ်အ်ုကာ.လ်ုယှာ့ ကျေစိုဒ်ကုက်မာဝယ်ဖှေ် ဖုံ ကၚ်းထၚ်းသၚ့်မူ.ကီ လာ.ကၚ့်သီး ဆိုဒ်ယှာ.ယှံၚ် ဟှယ့်ထၚ်းဍိုဝ်ကောဝ်.ထလ်ုဓုၚ် ကၚ့်လၚ်စာၚ်းလၚ် လ်ုကောဝ်.လိုၚ်ဓး ကာ.အိုင်မဲခါထၚ်းစွး လာနိုဝ်ဝေန် စိုၚ် (၈)သၚ့် လ်ုကီကျ် ခိၚ်.ဟှၚ်မူ့လီမူ့လာ (ပၚ်ကိုယ် ရုပ်ရည်)သယ်လၚ်မာ. မာယှိ့သာ ဍေဖုံအ်ုယံၚ့် ကဲ ထၚ်းမိၚ် ဖုံပျုဂ်ဖာ်ကျ် ဍုးဓးကိုဝ်ဟှာယုဂ်လ်ု။

**မာလောဟ်လိက်ဖုံ ခၚ်းလၚ်လုံ**

ဆိုဒ်ဖောဟ်ကိုဝ်ဆိုဒ်ဍေ ခေအ်ုသီးလိက်လာဲ ဆံ့ခွါင် မုံဟှုၚ်.ခိုၚ့် မ့်ဍောဟ်ယှာ.သိုဝ်အ်ုဟှၚ်.ကျ် လ်ုကောဝ်. အ်ုလိုၚ်အ်ုစိၚ်(အ်ုလူ.အ်ုဃှိ)ဓး လာ.ကၚ့်သီး ကုက်ကျေစိုဒ်သီးဝေ့ တုံယှာ.ယှာ.လ်ု။ ဖုံဆိုဒ်ဖောဟ် ယိုဝ်သီး မာလောဟ်သီးဝေ့ လိက်ဖုံကိုဝ်ကၚ်း ကိုဝ်ယဝ်ဍေလ်ု။

လ် အ်ုမာလောဟ်လိက်ဖုံခ့ါ ဆိုဒ်ဟှၚ်. ဆံ့ပုံ ယောတ်ဖဝ့်တိုၚ် လ်ုသေ့ယှာ့ထဝယ် ဟှောဝ်ဟှောဝ်ဓးဓးကျ် ထံၚ် လ်ုထိ့ဟှၚ်.ခါန်.ဟှၚ်. လွဝ်စုဂ်ထာ် ဆံၚ်းဆံၚ်းလ် ဓုၚ် လိက်ဖုံဆာ.သယ် လၚ်စိုဝ်လၚ်အုဂ်ဝေ့ဍုး အးအး လေံလ်ု။

အ်ုကာထုက်ကျ် ဖုံသာဓၚ်း လိက်လာဲဆံ့ယှိ့လာ ဆာ.သယ် ဖုံအၚ်းမိုၚ့်ကဲအၚ်းအ်ုသီးယုဂ်သီး ထံၚ် ခုဂ် သေ့ယှာ့လၚ်သာအေးလ်ု။ အ်ုသီးအ်ုကျုးသယ် ဖ်ုအောဝ် လၚ်ခွိက်သီးဝေ့ ဍေအ်ုဖုံဆေဝ်.လ်ု။ ဆံၚ်းမံၚ်းသီးဝေ့ ဖုံမ့်အၚ်းတာၚ်ဖှေ် အ်ုသီးအ်ုကျုးဆေဝ်.လ်ု။

စၚ်စိုဝ် မာလောဟ်လာ.ကၚ့်လိက်ဖုံ လဝ်လၚ်သာ အဲလၚ်ဆိုဒ်လာ.ကၚ့်သီး ဆိုဒ်အ်ုဟှၚ်. ဆံ့ဖံၚ်ဖှေဝ်ကျ် အေလ်ုသေ့ယှာ့ဆံၚ့်မံၚ်းဓးစာ်စိုဝ် ခၚ်းမ့်လၚ်လုံဝေ့ဍုး ကျ်ုဍုာ်လ်ု။

**ထုၚ်းလီ.ပွါ်သာ အးကၚ်းလာ**

ဖုံဆိုဒ်ဖောဟ်သယ်ယိုဝ် အေမွာဲဍေဆံ့ပါမုက်ကျ် ထုံ.ဆာ့သာ ကဲတုံယှာ.လ်ု။ ဓးဆာင့်သာ ဍေဆံ့ထုၚ်းလီ. ထုၚ်းထာၚ် တုံ.ဆံ့ယှိ့လာကျ်အိုဝ် ကုက်ဟှယ်ဖှူ.ဟှယ်ဝါ အ်ုခိၚ်အ်ုခ့ါလုက်ဟှံၚ်ခွိက်မျာ့ အ်ုကၚ်းယှာလိုၚ်အေး လ်ု။ ထုၚ်းလီ.လာ.ကၚ့်တုံ.တုံယှာ.ယှာ.သီး ထံၚ် ကားဆံ့ယှိ့လာ အ်ုခဝ့်ပုံယဝ့်သေ့အေးလ်ု။

ဓးလဲစာ်စိုဝ် တုံ.ထာခေါဟ်သယ် ကိုဝ်ဓံၚ်ကိုဝ်ဓံၚ် ဍေကျ် ဓးဆာင့်သာ ဆိုဒ်ဆ၊ ထူရူ့၊ ထိ့ဟှၚ်.ခါန်. ဟှၚ်. ပါဝေ့ထွာ.လ်ု။ ထာခေါဟ်အ်ုခီ.အ်ုလယ့် ဟှောဝ် မာ.လ်ု။ အေဟှိုၚ့်ဓးထာခေါဟ်ဟှာဟှာကျ် သာအဲဆိုဒ် အေအ်ုသှိုဝ်လဝ့်စာ်စိုဝ် ဆံၚ့်မံၚ်းသီးဝေ့ဖုံၚ့်လ်ု။ သေ့ ယှာ့သီးဝေ့ ဆံ့ပုံယောတ်လ်ု။ ဍုးစိုဝ်သီးဝေ့ ဖဝ့်တိုၚ် လ်ု။

လာ.ကၚ့်စိုဝ် ဖုံထုၚ်းလီ.ပါမုက်လ်ုစံၚ်းကျ်အိုဝ် လ်ုကျ်ုထိ့ ကျ်ုခၚ်းကၚ်မိၚ် (လ်ုကျ်ုခေါဟ်ကျ်ုခါၚ့် ကၚ်မိၚ်)ဓးတာ. “ဆံ့ယှိ့လာမွာဲဆိုဒ်ကုံယိုၚ့်” ဆံ့ခွါင်ကျ် သေ့ယှာ့အ်ုကေ့ဝေ့ အ်ုလူ.အ်ုဃှိအေးလ်ု။

လ်ုသေ့ယှာ့ဓး ဆံ့ယှိ့လာအ်ုလူ.အ်ုဃှိလ်ုဓုၚ် ဍေထိ့ ဟှၚ်.ခါန်.ဟှၚ်. မဲသးလ်ုအ်ုဓးဍုဝ်တာ. ဓေဖုံလဝ် သိုဝ် ပါပျုဝေ့လုက်ဆိၚ့်လ်ု။ ထုၚ်းလီ.လာ.ကၚ့်

အးကၚ်းအးလာသီး ဆံ့အ်ုသာအ်ုဝေ့ ဖဝ်.ဓေကျ်သိုဝ်ဍုာ် လဝ့်စာ်စိုဝ် ထုၚ်းလီ.ပွါ်ပှုဝ်သာလုက်ဟှံၚ် အ်ုခိၚ်အ်ုခ့ါတာ. လ်ု။

**ယိုင်ဆိုဒ်ထာခေါဟ် သာဖိုၚ်အောဟ်**

ဍောဟ်ဍောဟ်ပေဝ့်ပေဝ့် ဓၚ်းဓၚ်းယှာ.ယှာ. အေမွာဲဆိုဒ်ဆထာခေါဟ် (အမျိုးသားရေးသီချင်း)ကျ် ယိုင်ဖ်ုအဝ် ကိုဝ်ယှာနိုဝ် သဝ့်ဟှောဝ်မာ.လ်ု။ ဓေထာ ခေါဟ် အ်ုခဝ့်ပုံယဝ့်အ်ုကျ်သိုဝ် လံၚ်မာပျုကဲအေးလ်ု။ ထံၚ် ကားသီး သေ့အေးလ်ု။ မွာဲထာခေါဟ်မုက်ကျ် မာသီးဝေ့တာ.လ်ု။

ဆူ့ကေဝ်ထာခေါဟ်ဆာ.သယ် ကုက်ကေဝ်ထလာ. ကၚ့် ထာခေါဟ်အ်ုခွါင်ဖုံး ထာခေါဟ် အ်ုယး အ်ုခီ. အ်ုလယ့် ဟှောဝ်ဍုးဝေ့ထံၚ်အ်ုဟှောဝ်သေ့ ဖုံဂမှိုၚ်.သယ် လံၚ်မာပျု အေလ်ုကဲဓးစာ်စိုဝ် ကာၚ်ကာဆံ့ ကၚ်. မိၚ်အေးလ်ု။

ယိုင်ဆိုဒ်ဆထာခေါဟ်ဆာ.သီးခဝ့်ဍုဝ် ဓေဖုံဂမှိုၚ်. သာအဲဆိုဒ် မ့်အ်ုထၚ်းသိုဝ် ဆဝ့်ပဝ်ဖှေ်သီးဝေ့ ဍေထာ ခေါဟ်ကျ်လ်ု။ ဖုံဂမှိုၚ်.သယ်သီး ဟှိုၚ့်ဓးဝေ့ထာခေါဟ် မုက်ကျ် သုၚ်းထုံ့သာထုံ့ ဖ်ုအဝ်ဍုယ်စူးပြာပြာလ်ု။

လာ.ကၚ့်စိုဝ် လ်ုအ်ုသီးသာဖိုၚ် ဆိုဒ်ဆဆံ့တုၚ်.ဆိုၚ့်၊ ဆိုဒ်ဆဟှၚ်. ဆံ့ပုံယောတ်လ်ုအ် ထိ့ထိ့ဆာဆာဓး လ် ဓုၚ် ဖိုၚ်သာတုံဖှုကဲဍုာ်လ်ု။ သာဖိုၚ် လၚ်အောဟ်လၚ်ကူး လ်ုဆိုဒ်ဖင့်ခေါဟ်စွးကျ်တာ. ဍေဆိုဒ်ဆ ထာခေါဟ်ယိုဝ် စာၚ်းသာယာၚ်မာ.လ်ု။ လဝ်ခဝ့်ကျ် “ဓးသေ့ယှာ့ဝယ် ကိုဝ်ဟှာ မ့်ဓးတိုဒ်ကုံလေၚ့်” မွာဲ အ်ုတိုဒ်ကုံလေၚ့် ဖုံလဲ--၊ သှာကျ် မွာဲဖုံလဲ-- ဖုံဆိုဒ်ဖောဟ်သယ် မွာဲအ်ုသေ့ယှာ့ဆေဝ်.ဟှူး--။

**ခါၚ်.စူးလာ.ကၚ့် လ်ုကျ်ုခွၚ့်**

ဆံ့ဆိုၚ်ကျုဂ် အေထံၚ်လာခုဂ်ဖဝ်.စာ်စိုဝ် ဖုံဆိုဒ် ဖောဟ်သယ်ယိုဝ် အးဍုးဆံ့ ခါၚ်.စူးထွာ.လ်ု။ ကိုဝ်ကၚ်း ကိုဝ်လာဍေ ခါၚ်.စူးထူရူ့ယိုဝ် မာဟှာဟှံၚ် ဍုဂ်လၚ်မာ. သီးဝေ့ဍုးအေးလ်ု။ လ်ုကၚ်းကၚ်းလ်ုဓုၚ်ဓုၚ်ကျ် ဓေ စုံးမ့်ကဲထၚ်းသိုဝ် တာ်ခေါဟ်တာ်ကာ.ဆာ.သယ်ခဝ့် ဓး ယောဝ့်ဆံ့ တုံယှာ.လ်ု။

တ်ုဝါန့်ဖောဟ်ဆာ.(ဂမှိုၚ်.)ခဝ့်ဍုဝ် ဓးဍုဂ်လၚ်ဆိုၚ် ဓေဝ်သယ် ကိုဝ်ဟှိုၚ်းဍေလ်ု။ ဍေလာခုဂ်ခါၚ်.စူး အ်ုဟှၚ်. ကျ် လဝ်အးလဝ်ယှာဆံ့ အ်ုကၚ်ဟှာအေးလ်ု။ လေဝ်ကုံဟှယ့်ကုံ ခါၚ်.ကုံစူးမဝ့်မ့်လ်ု။ ဍောဟ်ထောတ် ဝီးလာ(ဝိလာ)(ယောတ်ဝိကိုဝ်လာ) “ပြူ.လာပြူ.လာ ဟှယ့်ထာၚ်ဟှယ့်ထာၚ်” ထွာ.လ်ု။

ဓးကျ်လဲကိုဝ်ထာၚ်ဝိလာကျ်--ဝိလာကျ် မွာဲအ် လေဝ်အ် ထံၚ်ခဝ့်လဲ-- ဝိလာဟ်ုစာ်ဆံ့ကျ် မွာဲကျ်လဲ-- ဓေကျ်သိုဝ် သေ့ယှာ့ထုဂ်ထၚ်း ဆံ့အၚ်းစာအေးလ်ု။

လ်ုသေ့ယှာ့ထုဂ်ထၚ်း ဆံ့အၚ်းစာဓးလ်ုဓုၚ် မ့်သေ့ ယှာ့ ဆံၚ့်မံၚ်းအၚ်းကၚ်ခိၚ့်ဖာသီးဝေ့ မွာဲအေးလ်ု။ စၚ် စိုဝ် ခါၚ်.လာ.ကၚ့်စူး ကိုဝ်ကၚ်းကိုဝ်လာသီး ဍေဆိုဒ်မဲ သး ယောဝ်.လ်ုဓးဓး၊ ဍေဆိုဒ်ဆံ့သေ့ယှာ့ လ်ုကျ်ု လ်ုခွၚ့်ဓးစာ်စိုဝ် အ်ုခဝ့်ပုံယဝ့် အ်ုကၚ်မိၚ်အေးလ်ု။ လုက်ဟှံၚ်အ်ုခ့ါ လုက်ဟှံၚ်စေဝ် ပွါပှုဝ်သာ တာ.လ်ု။ ခါၚ်.စူးထူရူ့ယိုဝ် အ်ုလူ.အ်ုဃှိဍောဟ်လာ.ကၚ့်သီး ဖုံဆိုဒ်ဖောဟ်သယ် ပါကဲဆံ့ပါမုက်တာ.လ်ု။

**ကံၚ်သိုဝ်ကုံယိုၚ့် သာလ်ုခိုၚ့်**

ဖုံဆိုဒ်ဖောဟ်သီးယိုဝ် ဓးဆာင့်သာ ဍေထူရူ့ ဆံ့ကံၚ်ဆံ့သိုဝ်ကျ်အိုဝ် ကံၚ်သိုဝ်ကုံယိုၚ့်သီးဝေ့ကိုး.လ်ု။ ဆာၚ့် မွာဲအ်ုဟှောဝ်၊ ထွံၚ်မွာဲအ်ုဟှောဝ် အ်ုဝေ့အးမိၚ် ဆေဝ်.လ်ု။ အ်ုယံၚ့်ဍေအ် အ်ုထံၚ်ဍေအ်ုကျ် ဟှောဝ်ဍုးဆံ့ ထွာ.လ်ု။ စာ်လၚ်သာဖုံ ကံၚ်သိုဝ်ထၚ်းဖုံကုံယိုၚ့်ဟှံၚ်

သာလ်ုဟှုၚ်.ခိုၚ့်ဓး လ်ုဆိုဒ်ဆဖင့်ခေါဟ် အ်ုအးတုံယှာ. လ်ု။

ပါလၚ်အ်ုသီးသာကျ် အေကံၚ်သိုဝ်ထၚ်း ကီးဖုံ ဆာင့်ဖုံကျ် မွာဲအဲလၚ်ဆိုဒ်ယုဂ်လ်ု။ ဆံ့ဍုးစိုဝ်အ်ုထံၚ်ကျ်လ်ု။ ဆံ့ကံၚ်ဆံ့သိုဝ် ဍေသာဆံ့သေ့ယှာ့ကျ် လံၚ်လောဟ်သာ ဓးဍုာ်အေးလ်ု။ ကံၚ်သိုဝ်ထၚ်းဆာင့်ဖုံယုဂ် လ်ုဆိုဒ် ဆဖင့်ဖေါဟ်ဆံ့သေ့ယှာ့ အ်ုကၚ်မိၚ်အေးစာ်စိုဝ် ဟ်ုမ့်စာ် လ်ုဟ်ုမှီဟ် အ်ုဖိုတ်အ်ုဆင့်အ် ဟ်ုလဝ်သေ့အေး လ်ု။

ဓးလဲစာ်စိုဝ် ခဝ့်လ် လာနိုဝ်ဝေန်စိုၚ် ယောတ်ထၚ်း (၁)သၚ့်ကျ် ထံၚ်ဟှာစိုဝ်(၁၂)သၚ့် အ်ုထၚ်.ဖိုၚ်ကျ်အိုဝ် ဖုံဆိုဒ်ဖောဟ်သယ် မာလအိုင်မေၚ်စိၚ်.ဆာ့မာ.လ်ု။ သိုဝ်ထၚ်းဆာင့်ဖုံ ဖ်ုလဝ်.သာ ဍေထောဟ်ယုးဟှၚ်၊ မွာဲအ်ုကြိုဒ်ဟှူး လ်ုကြိုဒ်ဟှူး အၚ်းကၚ်ခိၚ့်ဖာအေး။ ဆိုဒ်ဆံ့သေ့ယှာ့ အေအ်ုသှိုဝ်လဝ့်စာ်စိုဝ် မာသီးဝေ့ သာဓေကျ်သိုဝ် မ့်စုၚ်းမွာဲအေးလ်ု။

စၚ်စိုဝ်ကျ် ကံၚ်ထၚ်းသိုဝ်ထၚ်း ဖုံဆံ့ကံၚ်ဆံ့သိုဝ်ဟှံၚ် သာဟှုၚ်.ဟှုၚ်.ခိုၚ့်ခိုၚ့် လ်ုဆိုဒ်ဆဖင့်ခေါဟ် လ်ုအ်ုဓး အ်ုခေါဟ်ကျုံၚ်ကျ် ဖုံဆိုဒ်ဖောဟ်သယ် ကြိုဒ်ဓးကောဝ်. လၚ်.ယုဂ်သီး ကောဝ်.လၚ်.အေးလ်ု။

**သာခါ်မာဓေါ် မဲသးဍုာ်**

ဆံ့လ် သာသီးယိုဝ် အ်ုကွာအ်ုဍောဟ်လ်ု။ ဆံ့ကိုဝ်မိၚ်ကိုဝ်စိၚ်ကျ် လဝ်ထာၚ်ဆံ့ခွါင်ဍေသာထွာ.လ်ု။ သာအဲဆိုဒ်မွာဲအ်ုဟှောဝ်၊ သာလ်ုအဲဆိုဒ်သီးမွာဲအ်ုဟှောဝ်၊ သာဟှောဝ်အွာလ်ုဖုံဖင့်ခေါဟ် မွာဲအ်ုဟှောဝ်၊ သာအိုင်ခါ် လ်ုဖုံဖင့်ခေါဟ်သီးမွာဲအ်ုဟှောဝ် ဆံ့ကဲထၚ်းသာလုက်ဆိၚ့် လုက်ခွါကျ် မွာဲဝေ့သာအၚ်းမိုၚ့်ထွာ.လ်ု။

ဆံ့လ် သာသီးယိုဝ် အေဟှောဝ်ခဝ့်ကျ် ဓးကၚ်မိၚ် အေးလ်ု။ မ့်ဟှောဝ်ကောဝ်.မ့်ယှူးကောဝ်.ဖုံသယ်လ်ု။ အေ အိုင်ခါ်ထၚ်းဖဝ်.စာ်စိုဝ် မ့်ဓးထံၚ်.ဓးထာ်ပျု ဖုံသယ်ဍုာ် လ်ု။

အ်ုဍုံၚ်ဓေသေ့လဲစာ်စိုဝ် ဓးဆာင့်သာ (၂၀၂၀)ကၚ်း လာနိုဝ်ဝေန်စိုၚ်(၈)သၚ့် ဆံ့ရှဲ.စိုၚ်ထၚ်း ဟှံၚ်ခေဝ် ကုံဆာ.လ်ုဓုၚ်ယိုဝ် မှီဟ်သယ် အ်ုကေ့သုၚ်းသာ လ်ုဆိုဒ်ဆဖင့်ခေါဟ် ဓေသေ့လဲကျ် ဍုးဓးဃှိမဲလ်ု။

ကျ်ုမ့်နိုၚ်အ်ုဟှၚ်.၊ ယံမ့်နိုၚ်အ်ုဟှၚ်.ကျ် ဓးသာဆံ့အး (ဓးသာနိုၚ်) သာအိုင်ခါ်ထၚ်းလ်ုဓုၚ် ဓးကၚ်ကၚ် ကဲ လာ.ကၚ့် ဖုံဆိုဒ်လ်ုဟှာသီး ဓေဖုံဂမှိုၚ်.သယ် သာ မ့်ဍိုၚ်ဍုၚ်(ဇဝေဇဝါ)သိုဝ် မာဓေါ်ထပျုဝေ့ ဆိုဒ်ဖောဟ် မဲသးသယ်ဍုာ်လ်ု။ ကျ်တဝ်ဝေ့ ဂမှိုၚ်.သယ် ဆိုဒ် ဆံ့သေ့ယှာ့ မ့်အ်ုအးဓးခိုဝ်းကျ် ကၚ်းလၚ်စွါစွါဝေ့ ဆံ့ခွါင် သေ့အးမိၚ်မာ.လ်ု။

လ်ုဂမှိုၚ်.သယ်ခဝ့် ဆံ့မွာဲဝေ့ သာအိုင်ခါ်ဆာ.သယ် မာဓေါ်ထအ်ုသီးမဲသးဍုဝ် ဓေဆံ့လဝ်သိုဝ် မာသီးဝေ့ လ်ု။

**မာလၚ်စိုၚ် ဖိ့ဖူ့ခံၚ်.အယ်**

ဖုံဆိုဒ်ဖောဟ် အ်ုထံၚ် ခါန်.ပုံယၚ်ဖိုၚ်ယိုဝ် ဆံ့လဝ် ဝေ့ဍုး(ဆံ့ထံၚ်ကာၚ်းကေဝ်ကာၚ်းထဝေ့) ဆံ့ဝီ.ဆံ့ကာ အ်ုကာၚ်း(၃) အ်ုအးထုက် ဆိုဒ်လ်ုဆိုဒ်ဆေဝ်.လ်ု။

အေဟှံၚ်ဍုဝ် လ်ုခေါဝ်လာအွာစူးဖိုၚ်ခ့ါ လ်ုသေ့လိက် သေ့ပညာ အ်ုဖိုတ်အ်ုဆင့်အ်ုလ်ုစံၚ်းကျ် ကျေစိုဒ်မာဝေ့ ထိ့ဟှၚ်.ခါန်.ဟှၚ်.သီးလ်ုကာ ဓေဖုံဆိုဒ်ဖောဟ်သယ် လ်ုအ်ုထၚ်.ဓးဖုံလၚ်.ခါၚ့်သိုဝ် ဆိုဒ်ဆံ့သေ့ယှာ့ အ်ုဝေ့ ဍောဟ်ဍောဟ်ကျ်တာ. အၚ်းကိုၚ်ထၚ်းကောဝ်.ဝေ့ ဖုံကၚ်းထၚ်းသၚ့်မူ.ကီကျ် ထံၚ်အ်ုကောဝ်.လ်ု။

မူ.ကီယိုဝ် လ်ုဖုံဆိုဒ်ဖောဟ်အ်ုဟှၚ်. ဖှဟ်ဖှာ့ ထုံယဝ်.သံ့ဖှာဝေ့တုံယှာ.လ်ု။ အ်ုကျ် အ်ုထာ်မွာဲ ဖိ့ဖူ့ ခံၚ်.အယ်လ်ု။ ဖုံအ်ုခေါဟ်အ်ုကာ.လ်ုယှာ့ မာဝယ် ဆံ့မာလ်ုဖးကျ် မူ.ဆာ့လ်ုကီယိုဝ် ဖုံဆိုဒ်ဖောဟ်သယ် ထံၚ်သေ့ ယှာ့အ်ုကေ့ အ်ုလူ.အ်ုဃှိအေးလ်ု။

ကျနော်တစ်ယောက်ထဲ အမြင်ကတော့ ဒီရလဒ်က ကျနော်တို့ သိနေပြီးပေါ့နော်။ ဘာလို့ ဒီလိုဖြစ်နေရတာလဲဆိုတာ အဓိကတော့ ကရင်ပါတီနဲ့ ကရင်လူထုနဲ့က ထိမနေဘူးလို့ ကျနော်မြင်တယ်။ ထိစပ်မှုနည်းတယ်လို့ ကျနော်မြင်တယ်။ အဓိကတော့ ရွေးကောက်ပွဲနီးလာမှ ကျင်းပဖို့ ဒီလူထုနဲ့ ထိတွေ့လာတဲ့အပိုင်းတွေပေါ့နော်။ အဲဒီမတိုင်ခင်မှာတော့ ကရင်လူထုတွေနဲ့ နည်းနည်း ဝေးကွာတဲ့ပုံစံမျိုးတော့ ဖြစ်နေတယ်။ အဲဒါ ကျနော်တစ်ယောက်ထဲအမြင်ပေါ့နော်။ အဲဒါကြောင့် ဒီရလဒ်က ဒီလိုမျိုးပဲထွက်လာခြင်းဖြစ်တယ်လို့ ကျနော်ယူဆတယ်ပေါ့နော်။ နောက်တစ်ခုက ဒီရွေးကောက်ပွဲက တရားမျှတမှု မရှိဘူးလို့တော့ ပြောလို့ရတယ်။ ဘာလို့လဲဆိုတော့ ပါတီကြီးတွေက အသာစီးယူထားပြီးတော့မှ တခြားပါတီတွေ၊ တိုင်းရင်းသားပါတီတွေအတွက်က အခွင့်အရေးဆုံးရှုံးတယ်။ တန်းတူအခွင့်အရေးမရဘူးပေါ့နော်။ ပြောချင်တာက ကိုဗစ်ကာလလည်းဖြစ်နေတယ်။ မဲဆွယ်စည်းရုံးတဲ့နေရာမှာလည်း ကန့်သတ်ချက်တွေ အများကြီးဖြစ်နေတယ်ပေါ့နော်။ အဲဒါကြောင့် ဒီရလဒ်ထွက်လာတယ်လို့ ထင်ပါတယ်။

ကရင်လူထုတွေမှာလည်း မဲဆွယ်စည်းရုံးတဲ့ကာလတွေက အချိန်မရှိဘူး။ ယှဉ်ပြိုင်တဲ့အခါမှာ နှစ်နာဆုံးရှုံးမှုတွေ အများကြီးရှိတယ်။ ပြည်သူလူထုတွေကလည်း ရှိနေတဲ့သူကိုပဲ သိကြတာလေ။ နောက်တစ်ချက်ကတော့ ပါတီကြီးတွေရဲ့ ဝါဒဖြန့်မှု၊ ဒီပါတီကိုမှ အစိုးရ မဖွဲ့နိုင်ဘူးဆိုရင် မဲကွဲသွားမယ်ဆိုရင် စစ်ဖိနပ်အောက်ပဲ ပြန်ရောက်မယ်ဆိုတဲ့ ဝါဒဖြန့်မှုတွေ၊ နောက်တစ်ခုက ပါတီငယ်လေးတွေကပဲ တိုင်းရင်းသားပါတီ နိုင်မယ်ဆိုရင်ရော ဒီလူဦးရေ ဒီလောက်နဲ့ ဘယ်လိုလုပ် အစိုးရဖွဲ့နိုင်မှာလည်း အဲ့လိုမျိုးပြောဆိုချက်တွေကပေါ့နော်။ အဓိက အဲ့ဒါတွေက အဓိက သက်ရောက်မှုရှိတယ်လို့ ကျနော်က မြင်ပါတယ်။ အဲ့လိုအခြေအနေကြောင့် အဲ့လိုဝါဒဖြန့်မှုတွေရယ် ပြီးတော့ ကရင်ပါတီတွေနဲ့ ကရင် ကိုယ်စားလှယ်တွေက ထိတွေ့မှုမရှိဘဲနဲ့ ဒီပါတီကြီးတွေကပဲ ထိတွေ့မှုရှိတဲ့အခါကျတော့ ရှိနေတဲ့သူကိုပဲ ရွေးရတာရယ်၊ နောက်တစ်ခုက နိုင်ငံရေး အမျိုးသားရေးအဖြစ်မြင်ကြတော့ အားမစိုက်နိုင်ဘူး၊ စားဝတ်နေရေးနဲ့ပဲ လုံးပမ်း နေရတော့ မသိတာပေါ့နော်။

ပထဝီအနေအထားမှာလည်း အဲ့လိုပါပဲ။ အထူးသဖြင့် အရင်ရွေးကောက်ပွဲ မတိုင်ခင်တုန်းက ပါတီကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျနော်တို့ ကြိုးစားပေးတာရှိတယ်လေ။ လူထုတွေအမြင်မှာတော့ ပါတီ စည်းလုံးညီညွတ်မှု မရှိဘူးလို့ပဲ အများအားဖြင့် မြင်ကြတယ်။ နည်းနည်းတော့ ယေဘုယျ မဆန်ဘူး။ ဒါပေမယ့် အဲ့လိုမျိုး ဆုံးဖြတ်လို့ရတယ်။ ပြောကြ ဆိုကြတာ ကျနော်တို့မြင်နေရ၊ ကြားနေရတာက ကရင်တစ်ပါတီထဲ ရှိနေရင် ဒီလိုကိစ္စ ဖြစ်စရာအကြောင်းမရှိဘူး။ ပါတီ တချို့ မဲဆန္ဒနယ် အနည်းအကျဉ်းသာ ထပ်တယ်။ မဲဆန္ဒနယ် မထပ်ဘူးဆိုပေမယ့် ကရင်ပါတီတွေ ပေါင်းစည်းလို့ မရတဲ့ အခါကျတော့ လူထုက ဒီအပေါ်မှာ ဘဝင်မကျတာလဲ ပါမှာပေါ့နော်။ အဲ့ကြောင့် ရလဒ်အနေနဲ့ ဒီလို ထွက်လာတယ်လို့ပဲ ကျနော်တော့ မြင်ပါတယ်။

ဘာလို့ NLD ကိုပဲ မဲပေးနေကြလဲဆိုရင် အဓိက ဝါဒဖြန့်မှုတွေကြောင့်။ ဘာလို့လည်းဆိုတော့ ကရင်တွေမှာက တစ်ကမ္ဘာလုံးမှာ နှစ်ပေါင်းရှည်ပြည်တွင်းစစ်ဒဏ်ကို အခံရဆုံးသူတွေက ကရင်တွေပဲ ရှိတယ်။ အဲ့လို ဝါဒဖြန့်မှုတွေက လာထိရောက်တယ်။ ဒီအကြပ်အတည်းတွေ ပဋိပက္ခတွေကနေ လွတ်မြောက်ချင်နေပြီလေ။ ကရင်ပါတီအခြေအနေကလည်း ရှေ့ပိုင်းက ပြောတဲ့ပုံစံအတိုင်း အဲ့လိုဖြစ်နေတော့ နောက်ဆုံး သူတို့မှာ ရွေးချယ်စရာ မရှိတော့တဲ့ ပုံစံမျိုးဖြစ်သွားတာပေါ့နော်။ အဲ့ဒီ အကြောင်းရင်းကြောင့်ပါမယ်လို့ ကျနော် ယူဆပါတယ်။

ကေအိုင်စီ သတင်းထောက် နန်းဝေဖြိုးဇာ
မေးသည်။

▸ စာမျက်နှာ(၉) "ပဒိုမန်းငြိမ်းမောင်" မှအဆက်

**ရွေးကောက်ပွဲလည်း ပြီးသွားပြီဆိုတော့ အဖူးအနေနဲ့ ရှေ့ဆက်ပြီး ဘာတွေလုပ်ဆောင်သွားဖို့ရှိပါလဲ။**

ကျနော်ကတော့ နိုင်ခြင်းရှုံးခြင်းကတော့ သင်္ကေတ တစ်ခုမျှသာဖြစ်တယ်။ မနိုင်လည်း ပြဿနာမရှိဘူး။ ကျနော်လုပ်နိုင်တာတွေ အများကြီးရှိသေးတယ်။ ကရင်လူငယ်တွေကို နှစ်ပေါင်း ၅၀ ကျော်လောက် ကျနော်ဖြတ်သန်းလာခဲ့တဲ့ တော်လှန်ရေးအတွေ့အကြုံတွေ အများကြီး အမွေပေးနိုင်ပါသေးတယ်။ ကရင်လူငယ်တွေကို ရှေ့ဆက်အများကြီး ထိတွေ့ဆက်ဆံပြီး သူတို့ရဲ့အမျိုးသားရေးလမ်းကြောင်း၊ အမျိုးသားအပေါ်မှာ ချစ်မြတ်နိုးတဲ့စိတ်၊ အမျိုးသားအပေါ်မှာ တာဝန်ယူတဲ့စိတ်၊ တာဝန်ခံရဲတဲ့စိတ်၊ အနစ်နာခံရဲတဲ့စိတ် ဆင်းရဲပင်ပန်းစွာနဲ့ ကိုယ်ကျိုးစွန့်တဲ့ စိတ် စတာတွေကို သူတို့နဲ့ထိတွေ့ပြီး ကျနော် လက်ဆင့်ကမ်း အမွေပေးသွားမှာပါ။

**နောက်ဆုံးအနေနဲ့ကျင်းပပြီးစီးခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲအပေါ် ဘယ်လိုမြင်ပါလဲ။**

ဒီရွေးကောက်ပွဲကတော့ ရွေးကောက်ပွဲမပြီးခင်တုန်းကမို့ ကျနော်ကပြဿနာတက်မှာစိုးလို့ မပြောတာ။ ဒီရွေးကောက်ပွဲလောက် သိက္ခာမရှိတဲ့ ရွေးကောက်ပွဲကတော့ ကျနော်ကလည်း ပထမဆုံးဝင်လာခြင်းဆိုတော့ ဒါဂုဏ်သိက္ခာမရှိတဲ့ ရွေးကောက်ပွဲလေ။ ဂုဏ်သိက္ခာမရှိတဲ့ ကော်မရှင်ပဲလေ။ ကော်မရှင်က ဘယ်သူစကားမှ နားမထောင်ဘူး။ နိုင်ငံရေးပါတီအသီးသီးက အကြံပြုခဲ့တယ်။ လူမှုအသင်းအဖွဲ့တွေက အကြံပြုခဲ့တယ်။ ဒါတွေကို နားမထောင်ဘူး။ နောက်ပြီးတော့ ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့အစည်းတွေ ပညာရှင်တွေရဲ့ စကားကို ဘာမှနားမထောင်ဘူးဆိုတော့ ဒီကော်မရှင်က ဂုဏ်သိက္ခာမရှိတဲ့ ကော်မရှင်လို့ပဲ ပြောချင်တယ်။

ဒီလိုကော်မရှင်မျိုးနဲ့ဆိုရင်တော့ ကော်မရှင်ဆိုတာက အလယ်ကနေ သမာသမတ်နဲ့ ဂုဏ်သိက္ခာရှိရှိနဲ့ တရားမျှတတဲ့ရွေးကောက်ပွဲ တစ်ခုကို ကျင်းပနိုင်ဖို့ ဦးဆောင်တယ်။ ဒါမှသာလျှင် တကယ့် စစ်မှန်တဲ့ ခေါင်းဆောင်တွေ သမာသမတ်ကျတဲ့ ခေါင်းဆောင်တွေ ပေါ်ထွက်လာမှာ ဖြစ်တယ်။ တိုင်းပြည်အပေါ် ပြည်သူအပေါ်မှာ တကယ်ကို တာဝန်ခံတဲ့ ခေါင်းဆောင်တွေကို ကျနော်တို့ရရှိမှာဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲ ကော်မရှင်မျိုးနဲ့သာဆိုရင်တော့ ဒီတိုင်းပြည်ကြီးက စကားကြီးစကားကျယ်ပြောတဲ့ အဆင့်ပဲရှိမယ်။ ဘယ်မှ ရောက်မှာ မဟုတ်ဘူး။

▸ တစ်ဘက် စာမျက်နှာမှအဆက်

ရှိတယ်။

၄။ I once caught a small barking deer.
**ယဖိႇန့ ခံၢဘၣ်အဆံၣ်ကကၠၢ်လီၤ.** တခါက ငါ ဂျီ(ချေ)ကလေးတစ်ကောင် ဖမ်းမိဖူးတယ်။
**လၢႆဒိၣ်နၤလၢ ဒဲဖိၣ်ယခဲၢ်ပံၢ်လၢလီၤ.** (အဲဒီကောင်က) သိပ်ယဉ်ပါးလာပြီး ငါသွားရာ လျှောက်လိုက်တော့တာပဲ။
One day some dogs chased it and it ran away into the jungle. **အကနံၣ်ထွံၣ်သံၣ်လၢဖၢ ကနၢ်နၢ် လီၢ်အဲၣ်အဝ့ၢ ဒဲစဲၣ်နၤဝ့ၢ လၢမံၢ်လၤကျၢ် နီၢ်လီၤ.** တနေ့မှာ ခွေးတွေလိုက်တော့ တောထဲ ဝင်ပြေးသွားပါရောကွာ။ (ခုခါမှာ **ထွံၣ်သံၣ် ကနၢ်နၢ်** လို့ပဲ သုံးတယ်မဟုတ်လား။)

၅။ Next cold-weather I hope to shoot many sambhur. **ဆၢဂီၤခါနးကၠၢ်ဒီး ယဆိၢ်ခး်စပီၢ်သံၣ် အၢအၢလီၤ.** နောက်တစ်ဆောင်းကျရင် ငါ ဆတ်တွေ ခပ်များများပစ်ဖို့ မှန်းထားတယ်။
**နကျိၢ်အီၢ မ့ၢ်ကမံၢ်မံၢ်လဲၢ.** ခင်ဗျားမှာ ဘယ်လိုသေနတ်မျိုးရှိသလဲ။
I have got a double-barrel breech loader. **ယကျိၢ်အီၢ နံၢ်ကျိၢ် လၢအဘၢဆုၢထ့လၢအလးခဲၢ် နီၢ်လီၤ.** ငါ့မှာ နောက်ကနေကျည်ထိုးရတဲ့ နှစ်လုံးပြူးတစ်လက် ရှိတယ်။
I can load my gun with ball or shot cartridges. **ယဆုၢထ့ ယကျိၢ် လၢကျိၢ်အသၢ အဖိၢ် အ့ၢလမ့ၢ်ဘၢ လၢအဆံၣ်သံၣ်လၢဖၢ ၣ်လီၤ.** ငါ့သေနတ်က ကျည်အကြီး ဒါမှမဟုတ် ကျည်သေးတွေ ထည့်လို့ရတယ်။
**ယခး ဆၢဖိၢဆၢပါ အ့ၢလမ့ၢ်ဘၢ ထိၢဖိၢလံၢ်ဖိၢ လၢယကျိၢ် ၣ်ကိၢ်မံၢ်ဒ့ၢလီၤ.** ငါ့သေနတ်နဲ့ ဘာ တောကောင်ဖြစ်ဖြစ်၊ ငှက်ပဲဖြစ်ဖြစ် ပစ်လို့ရတယ်။
**နကျိၢ်နီၢ နဘၢဖ့ၢလၢ်အပ္ၢ် ဆံၣ်အၢလဲၢ.** ခင်ဗျာ့ သေနတ် ဘယ်လောက်ပေးရသလဲ။
I bought it very cheap from a friend. **ယပ္ၢ်ဘၢ အပ္ၢ်ဘၢလၤ လၢယထံၢ်ယဝီၤကၢ် အအီၢလီၤ.** (ကိုယ့်ပြောနေကျအတိုင်း ပြောကြည့်ပါလား) ငါ့သူငယ်ချင်း တစ်ယောက်ဆီက အတော်အဖိုးချိုချိုနဲ့ ဝယ်လိုက်တာ။

၆။ I and my follower were once attacked by a wounded leopard.
**ယၢ် ဒဲယဝီၤ ဘၢဆၢလီၢ်ဝ့ၢကကၠၢ် လၢခ့ၢအဆၢဝဲၢ် ကဒုၢ်လီၤ.** တခါက ငါနဲ့ငါ့တပည့် ကျားသစ်နာ လိုက်ကိုက်တာခံရတယ်။
**ခ့ၢနီၢ မၢ်လၢ်ထံၢ်ဖါယဝီၤ ဒဲအဲၣ်အဝ့ၢလီၤ.** ကျားသစ်က ငါ့တပည့်ကို တိုက်ချလိုက်ပြီး ကိုက်တယ်။
**ယခးခ့ၢနီၢ ဒဲမၢ်ဖိၢ်ဖျၤယဝီၤ ၣ်လီၤ.** ငါ ကျားသစ်ကို ပစ်ထည့်လိုက်ပြီး ငါ့တပည့်ကို ကယ်လိုက်နိုင်တယ်။

၇။ After it has rained 'thamin' cannot run fast because their feet sink in the ground.
**ဆၢဆၢ်ဂီၢ်အလးခဲၢ် ၁မၢၣ်သံၣ်လၢဖၢ စဲ့လဖျဲၢဘၢ လၢအခၢ်သံၣ်လၢ်ဘၢ်ဝ့ၢလၢ ဖံၤဖၢ်အကျိၢ်လီၤ.** သမင်တွေဟာ မိုးရွာထားပြီးချိန်ဆိုရင် ခြေကျွံတော့ မြန်မြန် မပြေးနိုင်ဘူး။
**လၢအဆၢၢအထိနီၢ ပှတဝ့ၢဖိၢသံၣ်လၢဖၢ လီၢ်ဒုၤ အဝ့ၢသံၣ်လၢထွံၣ်လၢဖၢ ဒဲဘၢဆၢမၢ်ဝံၢဝ့ၢအၢလၤ လီၤ.** အဲဒီအချိန်မျိုးမှာ ရွာသားတွေက သူတို့ကို ခွေးနဲ့လိုက်တာ အတော်များများ သေကြရတယ်။

၈။ If you go out in the night with a bright light you can shoot animals very easily. **အ့ၢနၤၢ်ထ့လၢ မုနၢ်လခီၤ လၢမ့ၢအဆၢဖၢ်တၤ နခးဆၢဖိၢဆၢပါသံၣ်လၢဖၢ ၣ်ယီၤလၤလီၤ.** ညဘက်မှာ မီးစူးစူးနဲ့ထွက်ရင် တောကောင် ပစ်ရ တာ သိပ်လွယ်တယ်။
Because they do not understand the light and will not run away. **လၢအဝ့ၢသံၣ်လၢဖၢ လနၢ၃ၢဘၢမ့ၢအဆၢဖၢ်အကျိၢ် ကစဲၣ်ခွဲၤဝ့ၢအ့ၤ.** သူတို့က မီးရောင်အကြောင်း မသိတော့ ထွက်ပြေးကြမှာ မဟုတ်ဘူး။

၉။ When do you want to go for a shoot? **ဆၢမိလၢ်ခးနဘၢ်ဆၢ ဆံၣ်ယံၤလဲၢ.** ခင်ဗျား ဘယ်တော့ တောပစ်ထွက်ချင်သလဲ။
Tomorrow morning; wake me very early; we must cross the river before the sun rises. **ကီၤမုဆဲၢ် ဂီၢ်လခီၤ ထိၢဂဲထုၤယၢ် ဂီၢ်ဂီၢ် လၤဆံၤ, လချုၤမုမ့ၤဂဲၢထ့ဒံၤဘၢ ပကဘၢခၢ်ဂၤ ထံၢချိၤလီၤ.** နက်ဖြန်မနက်ကွာ၊ ငါ့ကိုအစောကြီးနှိုး၊ နေမထွက်ခင် မြစ်ကိုကူးရမှာ။
Tell the Thugyi to have a boat and boatmen ready. **လီၢ်ဘၢစခၢ် လၢကတဲၢ်ဝဲၢ် ချံ ဒဲပှရူၢ်တၤင်ၤ ချံသံၣ်လၢဖၢဆံၤ.** လှေတစ်စီးနဲ့ လှေသမားတစ်ယောက် အသင့်လုပ်ထားဖို့ သူကြီးကို ပြောလိုက်။
That will do; you may return to your village now. **ဘၢယူၤ, နထဲၢ်ထဲၢ် လၢနတဝ့ၢဘိၢ်နဲၢ်ယီၢ်ၣ်လီၤ.** အဲဒါပဲ။ မင်း အခုရွာကိုပြန်နိုင်ပြီ။

ကျမ်းပြုသူရဲ့အရေးအသားနဲ့ စာလုံးပေါင်း အတိုင်း လေ့ကျင့်ခန်းတွေကို ကောက်နုတ်တင်ပြပြီး ပါပြီ။ တမူခြားပြီး မိမိတို့ရဲ့ ဒေသဆိုင်ရာ အသုံးအနှုန်းတွေနဲ့ ပြန်ရေးကြည့် ပြောကြည့်ကြဖို့ တိုက်တွန်းချင်ပါတယ်။ ဒီလိုမှပဲ တချိန်ချိန်မှာ ပေါ်ထွန်းလာမယ့် နိုင်ငံတော်သစ်ကြီးထဲမှာ ဖွံ့ဖြိုးဆိုတဲ့ ကျွန်တော်တို့ ဝင့်ကြွားထယ်ဝါ ရပ်တည်နိုင်မှာ မဟုတ်လားဗျာ။

**မန်းဒိုး**
၀၉၇၉၅၁၇၃၆၃၂
samd381@gmail.com

# ဘယ်ခေတ်မဆို အမြဲရှိနေမယ့်သူဟာ ပြည်သူတွေပဲ

မောင်ကျော်စွာ

တရားဝင် ရွေးကောက်ပွဲရလဒ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) က အပြီးသတ်ကြေညာပြီးခဲ့ပြီ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီက မဲအပြတ်အသတ် (ရရှိမဲ စုစုပေါင်း ၉၂၀)နဲ့ ထပ်မံအနိုင်ရ အောင်ပွဲခံသွားပါတယ်။ မဲပေးနိုင်သူ ပြည်သူတွေရဲ့ အများစုဆန္ဒနဲ့ ရွေးကောက်ပွဲရလဒ်ဟာ တစ်ထပ်တည်းကျတယ်လို့ ယူဆရပါတယ်။ အရှုံးကြီး ရှုံးရပြန်တဲ့ ကြံ့ဖွံ့ပါတီ (USDP)ကတော့ ပုံပြင်ထဲက မြေခွေးလိုပဲ စပျစ်သီးချဉ်နေလေရဲ့။

ဒီနေရာမှာ အချက် ၃ ချက်ကို တင်ပြဆွေးနွေးချင်ပါတယ်။

ပထမအချက်က 'ဘာကြောင့် ရှုံးတယ်'။ ဒုတိယအချက်က 'ဘာကြောင့်နိုင်တယ်'။ တတိယအချက်က 'ဘယ်လို ရှေ့ဆက်ကြရမလဲ' ဆိုတဲ့ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတဲ့ အချက် ၃ ချက်ပါပဲ။

> နိုင်ငံရေးမှာ 'စင်းလုံးချော'တာကို တောင်းဆိုကြရမှာပါ။ ဒါပေမယ့် လက်တွေ့မှာတော့ နှိုင်းယှဉ်ချက်အရပဲ ဆုံးဖြတ်ရွေးချယ်ကြရမှာပဲ မဟုတ်ပါလား။ အကောက်ထဲကနေ ကွေးတာကို ရွေးရတာမျိုးပေါ့ …

## ပထမအချက် "ဘာကြောင့် ရှုံးတယ်"

ရှုံးသူ/နိုင်သူကို မဲနိုင်ပေးသူ ပြည်သူတွေက ပေးတဲ့ မဲအရေအတွက် အနည်းအများနဲ့ အဆုံးအဖြတ်ပြုတာပါ။ ပထမဆုံးအချက်ကတော့ ပြည်သူတွေရဲ့ တခဲနက်ဆန္ဒ (ဝါ) အဆုံးအဖြတ်ကို နာခံရမယ်၊ လေးစားလိုက်နာပြီး ဖြစ်မြောက်အောင် အကောင်အထည်ဖော်ရမယ်ဆိုတဲ့ အချက်ပါပဲ။ ဒုတိယအချက်ကတော့ ပြည်သူတွေရဲ့ တခဲနက်ဆန္ဒ (ဝါ) အဆုံးအဖြတ်ကို ဖျက်ဆီးတာ၊ လျစ်လျူရှုတာ၊ ပျက်ရယ်ပြုတာ၊ စော်ကားသရုပ်ဖျက်တာ မပြုသင့်ဘူး ဆိုတဲ့အချက် ဖြစ်ပါတယ်။

ပြည်သူတွေဟာ ယခုထက်ပိုပြီး အေးချမ်းသာယာတဲ့၊ ဒီမိုကရေစီ အခွင့်အရေးတွေနဲ့ တန်းတူအခွင့်အရေးတွေ တင်းပြည့်ကျပ်ပြည့်ရှိတဲ့ အခြေအနေမှာဆိုရင် ဒီထက်ပိုပြီး ရှင်းလင်းစွာ တိကျစွာ များပြားစွာ ဖော်ပြလာမှာ အသေအချာပဲလို့ ယုံကြည်ပါတယ်။ ပြည်တွင်းစစ်ကြီးရှိနေတဲ့ အခြေအနေ၊ ဒီမိုကရေစီနဲ့တန်းတူမှု စံချိန်စံနှုန်းတွေ ကင်းမဲ့လွန်းလှတဲ့ ၂၀၀၈ အခြေခံဥပဒေ၊ ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်–၁၉ ကပ်ဘေးကြီးသင့်နေတဲ့ကာလစတဲ့ မလူးသာ မလွန့်သာ ဘေးအန္တရာယ်တွေ ပြွမ်းနေတဲ့ အနေအထားကနေ ပြည်သူတွေဟာ သူတို့ဆန္ဒကို တခဲနက် ဖော်ပြခဲ့ကြတာ မဟုတ်ပါလား။

ပြည်သူတွေဟာ သူတို့ လက်တွေ့ ရင်ဆိုင်ဖြတ်သန်းခဲ့ရတဲ့ အတိတ်သမိုင်းဖြတ်သန်းမှုထဲက အတွေ့အကြုံနဲ့ သူတို့ လက်ရှိဘဝကို နှိုင်းယှဉ်ချိန်ထိုးပြီး သူတို့ ရွေးချယ်ရမယ့်ပါတီ၊ မဲပေးရမယ့် ပါတီကို စုပုံပြီး မဲထည့်ခဲ့ကြတာ ပါပဲ။ ကြံ့ဖွံ့ပါတီ ရှုံးရတာဟာ သာမန်အရှုံးမဟုတ်ပါဘူး။ နလန်မထူနိုင်တော့မယ့် အရှုံးဖြစ်ပါတယ်။ ဒီလို အရှုံးမျိုးကို ကြံ့ဖွံ့ပါတီရဲ့ အရှေ့မှာ တစည ပါတီ ကြုံခဲ့ရပြီး ဖြစ်ပါတယ်။ တစည ပါတီဟာ ဗိုလ်နေဝင်းရဲ့ တစ်လက်ကိုင်ပါတီဖြစ်တဲ့ မဆလပါတီကနေ အရေခွံလဲ အသွင်ပြောင်းလာတာပါ။

ကြံ့ဖွံ့ပါတီကလည်း ဗိုလ်သန်းရွှေရဲ့ တစ်လက်ကိုင် 'လူမှုရေးအသင်း' အမည်ခံရာနေ 'နိုင်ငံရေးပါတီ' အဖြစ် အရေခွံလဲလာတာ မဟုတ်ပါလား။ ပြည်သူတွေဟာ ဗိုလ်နေဝင်း – ဗိုလ်သန်းရွှေ စတဲ့ စစ်အာဏာရှင်တွေရဲ့ အကြမ်းဖက် ဖိနှိပ်မှုတွေကို နှစ်ပေါင်းများစွာ ရင်ဆိုင်ခဲ့ကြရတာပါ။ နည်းသဏ္ဌာန်မျိုးစုံနဲ့ ဆန့်ကျင်တွန်းလှန်ခဲ့ကြတာပါ။ ဆန္ဒပြမှု ကလေးတွေ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား သပိတ်တိုက်ပွဲတွေကနေ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးလို ပြည်သူတစ်ရပ်လုံး ပါဝင်တဲ့ လူထုလှုပ်ရှားမှုကြီး၊ စစ်အာဏာရှင်များက မတတ်သာတဲ့အဆုံး ကျင်းပပေးရတဲ့ ရွေးကောက်ပွဲတွေ စသဖြင့် တိုက်ပွဲပေါင်းစုံကို ဖြတ်သန်းခဲ့၊ ဖြတ်သန်းနေရတဲ့ ပြည်သူတွေ ဖြစ်ပါတယ်။

အဲဒီတိုက်ပွဲသဏ္ဌာန်တွေထဲကနေ အထင်အရှား မြင်ရတဲ့အချက်ကတော့ ပြည်သူတွေဟာ ဘယ်လို သဏ္ဌာန်မှာပဲဖြစ်ဖြစ် သူတို့ကို ဖိနှိပ်အကြမ်းဖက်တဲ့ အုပ်စိုးသူတွေအပေါ် ပြတ်ပြတ်သားသား ပြုမူတဲ့အချက်ပါ။ အခုလို မဲပေးခွင့်ရရှိလာတဲ့ အခါအခွင့်မှာလည်း သူတို့အပေါ် နှစ်ရှည်လများ အကြမ်းဖက် ဖိနှိပ်အုပ်စိုးခဲ့ကြသူတွေနဲ့ သူတို့ရဲ့ အဆွယ်အပွားတွေကို ပြတ်သားစွာ ဒဏ်ခတ်ခဲ့ကြတယ်။ အကြမ်းဖက်ဖိနှိပ်သူများနဲ့ ပတ်သက်မိသူ၊ ခြေရှုပ်မိသူတွေ၊ မလည်ရှုပ်လုပ်မိသူတွေလည်း ဒီပွဲမှာ (၂၀၂၀ ရွေးကောက်ပွဲမှာ) အဖျားခတ်တာ ခံသွားရတာပဲ မဟုတ်ပါလား။

အရှင်းလင်းဆုံးနဲ့ အထင်ရှားဆုံး မြင်ရတဲ့ အချက်ကတော့ ကြံ့ဖွံ့ပါတီနဲ့ စစ်အုပ်စုကနေ ပေါက်ဖွားအခြေခံလာတဲ့ ပါတီမှန်သမျှ ရှုံးနိမ့်သွားတဲ့အချက်ပါ။ ဒါဟာ သာမန်အရှုံးမဟုတ်ပါဘူး။ သူတို့အပေါ် အကြမ်းဖက် ဖိနှိပ်သူတွေအပေါ် ပြည်သူတွေက အခွင့်သာခိုက်မှာ ပြတ်ပြတ်သားသား ဒဏ်ခတ်ပညာပေးလိုက်တာပါ။ ဒါဟာ 'ဘာကြောင့် ရှုံးတယ်'ဆိုတာအပေါ် ကျနော့်အမြင်နဲ့ ယူဆသုံးသပ်ချက်ပါ။

## ဒုတိယအချက် "ဘာကြောင့်နိုင်တယ်"

သူတို့ဘက်က ရပ်တည်ဆောင်ရွက်ခဲ့ကြတယ်။ သူတို့ဆန္ဒနဲ့ သူတို့တောင်းဆိုချက်တွေကို ကိုယ်စားပြုတယ်။ ဖြစ်မြောက်အောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်အားကိုးလို့ ဖြစ်တယ်။ တချို့ကတော့ ပြည်သူတွေရဲ့ ဒီမျှော်လင့်ချက်နဲ့ အားကိုးအားထားမှုကို ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုအဖြစ် လှောင်ပြောင်နှာခေါင်းရှုံ့ကြတယ်။ 'တစ်ဦးချင်း လူပုဂ္ဂိုလ်အခန်း'ဆိုတာ အများတကာ့ အများစု ပြည်သူလူထုကြီးရဲ့ လက်ငင်းအကျိုးစီးပွား – ရေရှည် အကျိုးစီးပွားနဲ့ ဘယ်လောက်အတိုင်းအတာထိ ဆက်စပ်သလဲ၊ အကျိုးပြုသလဲ ဆိုတဲ့အချက်နဲ့တိုင်းတာကြည့်မြင်ရမှာပါ။ 'ပုဂ္ဂိုလ်ရေးအခန်း'ကို လုံးဝ ဖယ်ရှားထားတဲ့ 'ပုဂ္ဂိုလ်ရေးအခန်း' ကင်းရှင်းတဲ့ လက်တွေ့လုပ်ကိုင်ဆောင်ရွက်မှုမျိုးကို ပြည်တွင်းမှာရော အခြားပြည်ပနိုင်ငံတွေမှာပါ မတွေ့ဖူးသေးတာကို ကျနော်အလေးအနက်ဝန်ခံပါတယ်။

အနီးကပ်ဆုံး လက်တွေ့ဖြစ်တဲ့ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာပဲကြည့်ပါ။ ပညာအရည်အချင်းရှိတဲ့ လူပုဂ္ဂိုလ်တွေ – ရုပ်ရည်ရူပကာ နှစ်လိုဖွယ်ရှိသူတွေကို (သူတို့ပါတီ ကိုယ်စားလှယ်လောင်းတွေအဖြစ်) ရှေ့တန်းတင်ပြီး စည်းရုံးခဲ့ကြတာကို မြင်ကြရတာပဲလေ။

နောက်တစ်ချက်ကတော့ နှိုင်းယှဉ်ချက်အရ ဖြောင့်မတ်တည်ကြည်လို့ပါ။ နိုင်ငံရေးမှာ 'စင်းလုံးချော'တာကို တောင်းဆိုကြရမှာပါ။ ဒါပေမယ့် လက်တွေ့မှာတော့ နှိုင်းယှဉ်ချက်အရပဲ ဆုံးဖြတ်ရွေးချယ်ကြရမှာပဲ မဟုတ်ပါလား။ အကောက်ထဲကနေ ကွေးတာကို ရွေးရတာမျိုးပေါ့။

ဒီအခါမှာ ၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံကြီးထဲကနေ ပေါက်ဖွားလာတယ်။ ဖြတ်သန်းမှုနဲ့ စွန့်လွှတ် စွန့်စားမှု အတိုင်းအတာတစ်ခုထိရှိကြတဲ့ – ပြည်သူ့ဘဏ္ဍာ ဥစ္စာကို လုယူခိုးဝှက်ဖူးခြင်း မရှိတဲ့သူတွေကို ပြည်သူတွေက သူတို့ဆန္ဒတွေ ဖြစ်မြောက်အောင် စွမ်းဆောင်ပေးနိုင်မယ်လို့ မျှော်လင့်အားကိုးမှုနဲ့ အဲဒီပါတီတွေ မဲပုံအောပေးခဲ့ကြတာလို့ နားလည်မိပါတယ်။ ဒါဟာ 'ဘာကြောင့်နိုင်တယ်' ဆိုတဲ့ အချက်နဲ့ပတ်သက်လို့ ကျနော့်ရဲ့ ယေဘုယျ ရရှိချက်ပါ။ တတိယအချက်ကို သွားကြပါစို့။

## ဘယ်လို "ရှေ့ဆက်ကြရမလဲ"

ဒီအချက်က ပြည်သူတွေက တခဲနက် ရွေးချယ်အနိုင်ပေးလိုက်တဲ့ ပါတီနဲ့ ပြည်သူတွေရဲ့ လက်တွေ့ လုပ်ငန်းစဉ် ဖြစ်ပါတယ်။ မဲပေးပြီးရင် ပြည်သူတွေရဲ့ တာဝန်ပြီးသွားပြီလို့ တချို့က ပြောကြပါတယ်။ အဲဒါ မမှန်ပါဘူး။ လွဲနေပါတယ်။ သူတို့ရွေးချယ်လိုက်သူတွေ ဘယ်လို လက်တွေ့ပြုမူဆောင်ရွက်နေသလဲ၊ သူတို့ဟာ ပြည်သူတွေရဲ့ မျှော်မှန်းချက်တွေ – လိုလားချက်တွေ – ဆန္ဒတွေကို ဘယ်လိုနည်းနာတွေနဲ့ လက်တွေ့ဆောင်ရွက်နေကြသလဲ – ဘယ်လို ချို့ယွင်း တိမ်းစောင်းမှုတွေ ရှိနေသလဲ။ ဒါတွေကို မျက်ခြည်မပြတ် လေ့လာအကဲခတ်ပြီး လိုအပ်သလို ဝေဖန်ကြီးကြပ် တည့်မတ်ပေးဖို့ မဲပေးသူ ပြည်သူတွေမှာ တာဝန်ဆက်ရှိနေပါတယ်။ ဒီတာဝန်ဟာ မဲပေးတာထက် ပိုပြီး အရေးကြီးပါတယ်။

ပြည်သူတွေက မျှော်လင့်ချက်နဲ့ အားကိုးတကြီး မဲပေးရွေးချယ်ခဲ့သူတွေဟာ '၂၀၀၈ အခြေခံဥပဒေဘောင်ထဲမှာ – စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဘောင်'ထဲမှာ သမရိုးကျနည်းတွေနဲ့ လှေကြီးထိုးရိုးရိုးပဲ၊ 'လည်စင်းငုံ့ခံ – သင့်မြတ်ရန်'ဆိုပြီး 'ပြုသမျှ – နုနေ'ရင်တော့ မဲပေးသူပြည်သူတွေက လိုအပ်ရင်လိုအပ်သလို ကြိမ်တံဖျာနဲ့ အဆက်မပြတ် တို့ – တို့ ပေးနေဖို့ မလွဲမသွေ လိုအပ်ပါတယ်။ ဒါ ပြည်သူတွေရဲ့ တာဝန်ပါ။

တန်းတူရည်တူ ညှိတာနှိုင်းတာကို ပြည်သူတွေက ယေဘုယျအားဖြင့် လက်ခံပေမယ့် တဖက်သတ် အညံ့ခံ အလျှော့ပေးနေတာမျိုးကိုတော့ တာရှည်သည်းမခံနိုင်ပါဘူး။ 'ပြည်သူတွေ မနာကျင်ရတဲ့နည်း (ဝါ) ပြည်သူတွေ အထိအခိုက် အနည်းဆုံးနည်း'ဆိုတာ ကြားရတာ နားဝင်ပီယံ ရှိလှပါတယ်။ ဒါပေမယ့် ဒီကနေ့အထိ ပြည်သူတွေ ဖြတ်သန်းလာခဲ့၊ ဖြတ်သန်းနေဆဲ ဒီမိုကရေစီရရှိရေး သမိုင်းလက်တွေ့ စာမျက်နှာများမှာတော့ ပြည်သူတွေရဲ့ သွေးချွေးမျက်ရည်တွေ အသက်အိုးအိမ် စည်းစိမ်တွေ မထိခိုက်ဘဲ ရရှိလာတဲ့ အောင်ပွဲ၊ အဆင့်၊ ရလဒ်ဆိုတာ မရှိဖူးသေးပါဘူး။

ပြည်သူတွေက မျက်ခြည်မပြတ် စောင့်ကြည့်နေရမှာနဲ့ ပြတ်ပြတ်သားသား ဝေဖန်ကြီးကြပ်ရမှာက ပြည်တွင်းစစ်ကို ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေး ဘယ်လိုတည်ဆောက်မလဲ။ စစ်မှန်တဲ့ ဒီမိုကရေစီနဲ့ စစ်မှန်တဲ့ ပြည်ထောင်စုကို ဘယ်လိုနည်းလမ်းနဲ့ တည်ဆောက်မလဲ။

– ၂၁ ရာစုပင်လုံကနေတဆင့် ၂၀၀၈ အခြေခံဥပဒေကို ဘယ်လိုနည်းလမ်းနဲ့ ပြင်ဆင်မှာလဲ။

– ပြည်သူတွေရဲ့ နေ့စဉ်ဘဝ စားဝတ်နေရေးနဲ့ ကျန်းမာရေး၊ ပညာရေးကို ဘယ်လိုတည်ဆောက်မလဲ ဆိုတဲ့အချက်တွေပါပဲ။

မကြာမီ ပေါ်ပေါက်လာတော့မယ် အစိုးရနဲ့ လွှတ်တော်တွေကို ဒီအချက်တွေနဲ့ ဒေါက်ထောက်ကြည့်ပြီး ရှေ့ခရီးဆက်ကြရလိမ့်မယ်လို့ ယူဆပါတယ်။ ရွေးကောက်ပွဲအကြို မဲဆွယ်ကာလက 'အပြောအဆိုတွေ'ကို အစိုးရ ဖြစ်လာတဲ့အခါ ပြုမူဆောင်ရွက်တဲ့ 'လက်တွေ့လုပ်ရပ်'နဲ့ ချိန်ထိုးဆန်းစစ် ဝေဖန်အကဲဖြတ်ကြရမှာပါ။

**မောင်ကျော်စွာ**





၂၀၁၃ စက်တင်ဘာလမှ စတင်ထုတ်ဝေသည်

# အနာဂတ်နိုင်ငံရေးကို ဘယ်လိုလျှောက်လှမ်းကြမလဲ

S.မင်းခိုက်သူ



၂၀၂၀ ပြည့်၊ နိုဝင်ဘာ ၈ ရက်နေ့တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး အပြောင်းအလဲကို အဖြေပေးသည့် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီးကို တတိယအကြိမ်အဖြစ် ကျင်းပလို့ ပြီးစီးသွားပါပြီ။ ရွေးကောက်ပွဲ ရလဒ်ကို ပြန်လည် လေ့လာကြည့်ရာတွင် အများဆုံးမဲရရှိပြီး အစိုးရဖွဲ့နိုင်သည်အထိ အနိုင်ရရှိသော ပါတီမှာ အဲန်အယ်ဒီပါတီကြီးပင် ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အခြားပါတီများနှင့် ပါတီငယ်များမှာ (အနည်းငယ်သာ အနိုင်ရပြီး) အားလုံးနီးပါး ရှုံးနိမ့်သွားကြသည်ကို အားလုံးအသိပင် ဖြစ်သည်။

ထိုအထဲတွင် ပြည်နယ်ဒေသများ၌ တိုင်းရင်းသားပါတီများမှာ အနည်းငယ်စီ အနိုင်ရရှိသွားကြသည်ကိုလည်း အားလုံးအသိပင်ဖြစ်သည်။ ယင်းအထဲတွင် ကေပီပီပါတီသည် ၂၀၁၅ ခုကလို သံတောင်မြို့နယ်တွင် ပြည်နယ်ဒေသအတွက် တစ်နေရာရရှိခဲ့သည်။ ကျန်သော ကရင်ပါတီများမှာ တိုင်း ဒေသကြီးနှင့် ပြည်နယ်ဒေသများ၌ တစ်နေရာမှ အနိုင်မရရှိဘဲ အားလုံးရှုံးနိမ့်သွားကြသည်။ အခြားတိုင်းရင်းသား ပါတီများ အသင့်အတင့် အနိုင်ရရှိပြီး ကရင်ပါတီမှာ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် တစ်နေရာမှ အနိုင်မရရှိသဖြင့် ကရင်ပြည်သူများနှင့်အတူ များစွာ ဝမ်းနည်းမိပါသည်။

အဘယ့်ကြောင့် ကရင်ပါတီများ ရှုံးနိမ့်ရခြင်းကိုလည်း ကရင်နိုင်ငံရေးလောကနှင့် ကရင်ပြည်သူများလောကတွင် အမျိုးမျိုးဝေဖန် ပြောဆိုကြသည်ကိုလည်း အားလုံးကြားသိကြပြီးဟု ဆိုချင်ပါသည်။ စင်စစ် မည်သည့်တိုင်းရင်းသားမဆို နိုင်ငံရေးလုပ်ဆောင်ရာတွင် နှစ်မျိုးသာရှိပါသည်။

၁။ တခြားပါတီများနှင့် ပူးပေါင်းအားကိုးလျက် နိုင်ငံရေးကို လုပ်ဆောင်ခြင်း။

၂။ မိမိလူမျိုးတို့နှင့်သာ စုဖွဲ့ပြီးရပ်တည်လျက် နိုင်ငံရေးကို လုပ်ဆောင်ခြင်း တို့ပင် ဖြစ်သည်။

ယင်းသို့ နှစ်မျိုးကွဲပြား ရသည်မှာခံယူချက် တွေးခေါ်ချက်များ မတူညီသောကြောင့်ပင်ဖြစ်သည်။ နံပါတ်တစ် နိုင်ငံရေးကို လုပ်ဆောင်ရာတွင် အင်အားကြီးသော ပါတီကြီးများနှင့်သော်လည်းကောင်း မိမိတို့ နှစ်သက်သော နိုင်ငံရေးမူဝါဒရှိ နိုင်ငံရေးပါတီများနှင့် သော်လည်းကောင်း လုပ်ကြလေ့ရှိသည်ကို တွေ့ရပါသည်။ ပါတီကြီးများနှင့် နိုင်ငံရေး ပူးပေါင်းလုပ်ဆောင်ခြင်းသည် ပင်ပန်းမှုနည်းပေလိမ့်မည်။ လက်ရှိအခြေအနေအရ မိမိ၏ အရည်အချင်းများကို သိပ်ပြီးမထုတ်သုံးရဘဲ ပါတီကြီးများ၏ အရှိန်အဝါဖြင့် အောင်မြင်မှုများကို လွယ်ကူစွာရရှိနိုင်ကြောင်း တွေ့မြင်ကြရပါလိမ့်မည်။ သို့သော် ယင်းအခွင့်အရေးမျိုးသည် ရာသက်ပန် ရရှိမည်မဟုတ်ပေ။

တိုင်းရင်းသားများ၏ နိုင်ငံရေးရေချိန် မြင့်လာသည့်အခါ အရည်အချင်းပြည့်ဝသော နိုင်ငံရေးသမားသာလျှင် နေရာရရှိပါလိမ့်မည်။ အရည်အချင်း ရှိသောနိုင်ငံရေးသမား(အမတ်)များကိုသာ ရွေးချယ်ကြပါလိမ့်မည်။ ယင်းပါတီကြီးများတွင် မိမိလူမျိုးအတွက် လွတ်လပ်စွာ လုပ်ဆောင်နိုင်မှုမှာလည်း အားနည်းပေလိမ့်မည်။ အကြောင်းမှာ ပါတီကြီးများ၏ မူဝါဒအောက်တွင် ပိတ်မိပြီး မိမိလူမျိုးအတွက် ဆန္ဒရှိသည့်အတိုင်း လုပ်ဆောင်လို့ မရနိုင်ပေ။ နိုင်ငံရေးလုပ်သူတိုင်း ပို၍သိပေလိမ့်မည်။ မိမိပြောလိုသည်ကိုပင် လွတ်လပ်စွာဖြင့် ပြောဆိုလို့ မရသည်ကိုလည်း တွေ့ရသည်။ အပြောအဆိုမှားသည်နှင့် ထုတ်ပယ်ခံရသည့် သာဓက ရှိပါသည်။

နံပါတ်နှစ် နိုင်ငံရေးကို လုပ်ဆောင်ရာတွင် မိမိတို့ခြေထောက်ပေါ် ရပ်တည်ပြီး မိမိကိုကိုယ် အားကိုးလျက် လုပ်ဆောင်ရသောကြောင့် လွန်စွာ ခက်ခဲပေလိမ့်မည်။ အဖက်ဖက်က မိမိလူမျိုးကို ပြန်လည်စည်းရုံး စုစည်းရသလို ငွေကြေးများကိုလည်း များစွာထုတ်သုံးရသည်။ ယင်းသို့လုပ်ဆောင်ရာတွင် လွယ်လွယ်ကူကူဖြင့် အောင်မြင်လိမ့်မည်မဟုတ်ပေ။ အတော်ကို စွမ်းဆောင်ကြိုးစားလုပ်နိုင်မှ အောင်မြင်နိုင်ပါသည်။ ထို့ကြောင့် ယင်းနိုင်ငံရေးလုပ်ဆောင်မှု နံပါတ်နှစ်ကို လုပ်ဆောင်ကြသော ကရင်များသည် မူလပင်ကိုယ် မျိုးချစ်စိတ်ကြောင့်ဟုပဲ ဆိုဆို၊ မိမိလူမျိုးအကျိုးကို ပြည့်ဝစွာ လုပ်ဆောင်နိုင်ခြင်း မရှိသည့်တိုင်အောင် မိမိလူမျိုးအတွက် ရသင့်ရထိုက်သော အခွင့်အရေးများကို အများနည်းတူ ရရှိဖို့ရန် လုပ်ဆောင်နေကြသည်မှာ ထင်ရှားစွာတွေ့ရလေသည်။

စင်စစ် ကရင်အပါအဝင် တိုင်းရင်းသားပါတီများ ပေါ်ပေါက်လာရသည်မှာ အခြားသောပါတီကြီးများကို အားကိုးလို့မရခြင်း၊ ပါတီကြီးများ၏ တိုင်းရင်းသားအပေါ် ဆောင်ရွက်မှုများကို စိတ်တိုင်းမကျခြင်း၊ တိုင်းရင်းသားများ အခွင့်အရေး ပြည့်ဝစွာ မရရှိခြင်း၊ ဆုံးရှုံးခြင်းတို့ကြောင့် တိုင်းရင်းသားများသည် မိမိတို့ခြေထောက်ပေါ် ရပ်တည်ပြီး မိမိကိုယ်ကိုအားကိုးရန် ပေါ်ပေါက်လာရခြင်း ဖြစ်သည်ဟု နားလည်မိပါသည်။

သို့တွက်ကြောင့် ကရင်တိုင်းရင်းသား ပါတီများသည်လည်း မိမိတို့လူမျိုးအတွက် ပေါ်ပေါက်လာသော ပါတီများဖြစ်ခြင်းကြောင့် ကရင်ပြည်သူများ၏ လေးစားမှု၊ ချစ်ခင်မှုများကို ရယူနိုင်ရန် လိုအပ်သလို အင်အားကိုလည်း မဖြစ်မနေ ရယူရမည်သာ ဖြစ်သည်။ ကရင်ပြည်သူများ နှစ်သက်လိုလားသော နိုင်ငံရေး မူဝါဒများကို ချမှတ်ပြီး လုပ်ဆောင်ရမည်ဖြစ်သည်။ ကရင်ပြည်သူများ၏ အင်အားသည်သာ အဓိကလိုအပ်ချက်ပင် ဖြစ်သည်။ ကရင်ပြည်သူများ မလိုလားသော ပါတီကွဲပြားမှုကိုလည်း ပေါင်းစည်းနိုင်ရန် ပြန်လည် သုံးသပ်ရမည်ဖြစ်သည်။ ကရင်ပါတီများ ရှုံးနိမ့်ရမှုကို တင်ပြပြောဆိုမှုများစွာအနက် ယနေ့ ကရင်ပြည်သူ အများစု၏ ပြောဆိုဆွေးနွေးမှုထဲတွင် ကရင်ပါတီကွဲပြားမှုကို အများဆုံးပြောဆို ထောက်ပြလာကြသည်ကို တွေ့ရလေသည်။

တစ်ခုတည်းသော ကရင်ပါတီဖြစ်ရန်ကို လိုလားနှစ်သက်ကြသည်။ တစ်ပါတီတည်းရှိနေပါလျှင် လူငယ်များက ဝိုင်းရံရသည်မှာ ပိုမိုအဆင်ပြေစေပါသည်။ ပါတီများလျှင် ဘယ်ဟာ ဝိုင်းရံရမည်ကိုပင် ဖြစ်ကုန်ကြပြီး ကရင်ပြည်သူများကလည်း ဘယ်ပါတီကို မဲထည့်ရမည်ကိုပင် ဝေခွဲမရဖြစ်ကုန်သည်။ ပါတီပေါင်းစည်းမှုသည် လွန်စွာခက်ခဲလျက်ရှိသည်ကိုလည်း သိရှိရပါသည်။ သို့သော် ကရင်ပြည်သူများ၏ လိုလားချက်ကို မဖြည့်ဆည်းနိုင်ပါလျှင် အနာဂတ်အတွက် အလားအလာကောင်းမည် မဟုတ်ပေ။ မိမိတို့ မူဝါဒကို အသေ မဆုတ်ကိုင်ထားကြဘဲ မြန်မာ့နိုင်ငံရေး ရေချိန်မြင့်လာသည်နှင့် မိမိတို့မူဝါဒကိုလည်း တဖြည်းဖြည်းချင်း တိုးမြှင့်သွားလျှင် မဖြစ်နိုင်ဘူးလော။ အဖက်ဖက်က စဉ်းစားပြီး လုပ်ဆောင်စေချင်ပါသည်။ သို့တွက်ကြောင့် နံပါတ်တစ်အနေဖြင့် ပါတီပေါင်းစည်းရေး (တစ်ပါတီတည်း)ကို ထားရှိနိုင်ရန် ဦးစွာကြိုးစား အားထုတ်စေချင်ပါသည်။

မိမိတို့ပါတီဝင်များနှင့် ကရင်ပြည်သူများသည် ကျစ်ကျစ်လစ်လစ် ပေါင်းစည်းဖွဲ့စည်းထားနိုင်မှသာလျှင် ပါတီကြီးများကို ယှဉ်နိုင်ပါလိမ့်မည်။ ယခု ၂၀၂၀ ပြည့်၊ နိုဝင်ဘာ ၈ ရက်နေ့က ကျင်းပပြီးစီးသွားသော ရွေးကောက်ပွဲကို လေ့လာသုံးသပ်သောအားဖြင့် တစ်ဖက်ပါတီကြီး၏ လူပုဂ္ဂိုလ်အရှိန်အဝါ (သို့မဟုတ်) ပုဂ္ဂိုလ်စွဲမှုသည် လွန်စွာ အင်အားကြီးမားလှသည်ကို ခန့်မှန်းသိကြပေလိမ့်မည်။ ပါတီကြီးကို ယှဉ်ပြိုင်နိုင်ရန်မှာ တိုင်းရင်းသားပါတီအားလုံးသည် စုပြီးယှဉ်ပြိုင်ဖို့ရန်ပင် မဆိုထားနှင့်ဦး။ များစွာသော မြန်မာပါတီတို့သည်လည်း အားလုံးစုပေါင်းပြီး ယှဉ်ပြိုင်လျှင်တောင် အသင့်အတင့်သာ နိုင်ခြေရှိနိုင်လိမ့်မည်ဟု ခန့်မှန်းနိုင်ပါသည်။ အကြောင်းမှာ ပြည်သူလူထုများသည် နှစ်ပေါင်းများစွာ အကြောက်တရားကြီးက လွှမ်းမိုးခံခဲ့ကြသလို တစ်ဖက်ပါတီများ၏ အမျိုးမျိုးသော စည်းလုံးလှုံ့ဆော်မှု မှိုင်းများကို မိထားကြခြင်းကြောင့်လည်းကောင်း၊ ကရင်ပြည်သူများက အသိပညာနည်းပါးမှုနှင့် စည်းလုံးနိုင်မှုများ အားနည်းခြင်းဖြင့်လည်းကောင်း ပါတီကြီးကိုသာ ပုံအောပြီး မဲပေးလိုက်ကြသည်ကိုလည်း အားလုံးအသိပင် ဖြစ်သည်။ ကရင်အပါအဝင် တိုင်းရင်းသားပါတီများနှင့် မြန်မာ့ပါတီများရှိ ပါတီဝင်အချို့သည် လွှတ်တော်အမတ် အရည်အချင်းထက်ပင် ကျော်လွန်ပြည့်ဝသော ပညာတတ်များစွာ ရှိပါသည်။ သို့သော် ပါတီကြီး၏ လူပုဂ္ဂိုလ်အရှိန်အဝါကိုပင် မတိုးနိုင်ခဲ့ပေ။

သို့တွက်ကြောင့် ပါတီကြီးများနှင့် ယှဉ်ပြိုင်နိုင်ရန်မှာ ကရင်ပါတီကို စနစ်တကျ ပြန်လည်ဖွဲ့စည်းရပါမည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးမှ စတင်ပြီး မြို့နယ်၊ ရပ်ကွက်/ကျေးရွာ စသောအောက်ခြေအဆင့်ထိ စနစ်တကျကျစ်လစ်စွာ ပြန်လည်ဖွဲ့စည်းပြီး ပါတီဝင်များနှင့်အတူ ပြည်သူများကို များစွာ စည်းလုံးထားနိုင်ရပါမည်။ အမာခံပါတီဝင် အင်အား မရှိပါလျှင် အောင်မြင်ရန် မလွယ်ပေ။ တောင့်တင်းခိုင်မာသော ပါတီဝင်အင်အား ရှိထားရပါမည်။ ကရင်ပါတီများအားလုံး စုပေါင်းပြီး ကရင်ပြည်သူလူထု နှင့်အတူ အင်အားကြီးမားအောင် ထူထောင်ရပါမည်။ ကရင်ပြည်သူများသည် တခဲနက်နိုင်ငံရေးတွင် စိတ်ဝင်စားမှုရှိရန် စည်းလုံးလှုံ့ဆော်ပေးနိုင်ရမည်။ နိုင်ငံရေးသင်တန်းများကိုလည်း ဖွင့်လှစ်ပြီး အမျိုးသားရေး စိတ်ဓာတ်တွေကို ပြန်လည်အသက်သွင်းနိုင်ရပါမည်။

၂၀၂၀ ပြည့် ရွေးကောက်ပွဲတွင် ကရင်ပါတီများ ရရှိလိုက်သည့် အမြတ်များစွာထဲက ကရင်ပါတီများ၏ နှိုးဆော်လှုပ်ရှားပေးမှုကြောင့် ကရင်ပြည်သူလူထုသည် မိမိတို့လူမျိုးပါတီ အနိုင်ရရှိရေးအတွက် စည်းလုံးလာကြသည်။ နိုင်ငံရေးအသိ၊ အမျိုးသားရေးအသိ နိုးကြားလှုပ်ရှားလာကြသည်။ သို့သော် မိမိတို့အမျိုးသား နိုင်ငံရေးတွင် နိုးကြားရမှန်းမသိ၊ မိမိကိုယ်ကို မအားကိုးလိုသော ကရင် အများစုက ကျန်သေးသည်ကို တွေ့ရလေသည်။ ယင်းကရင်များ အကုန်ပါလာလျှင် ကရင်များ မျှော်မှန်းသော နိုင်ငံရေးသို့ တဖြည်းဖြည်း တက်လှမ်းရောက်ရှိနိုင်ပါလိမ့်မည်။

ကျွန်တော်တို့ ပန်းတနော်မြို့နယ် အခြေအနေကို အနည်းငယ်တင်ပြချင်ပါသည်။ ပန်းတနော်မြို့နယ်တွင် ကရင်လူဦးရေသည် မြန်မာလူဦးရေထက် များလှပါသည်။ ကရင်လူဦးရေမှာ ၁၃၇,၁၃၇ ရှိပြီး မြန်မာနှင့်အခြား လူဦးရေမှာ ၁၃၂,၅၃၉ ရှိပါသည်။ ကရင်လူဦးရေ ပိုများသော်လည်း ကရင်ပါတီက အရွေးခံသော အမတ်များသည် ရှုံးနိမ့်ခဲ့ရလေသည်။ စင်စစ် ကရင်လူဦးရေသုံးပုံတွင် နှစ်ပုံလောက် ကရင်အမတ်များကို မဲထည့်လိုက်ပါလျှင် ကရင်အမတ်များမှာ အသာလေး အနိုင်ရရှိနိုင်ပါသည်။ ယခုတော့ ကရင်ဦးရေ နှစ်ပုံလောက်သည် ကရင်ပါတီ အမတ်များကို မဲမထည့်ကြခြင်းကြောင့် ကရင်အမတ်များ ရှုံးနိမ့်ရခြင်း ဖြစ်သွားသည်။ စင်စစ် မြန်မာဦးရေသည် ကရင်အမတ်များကို မဲထည့်ပေးမည်မဟုတ်သော်လည်း ကရင်ဦးရေ (သို့မဟုတ်) ကရင်ပြည်သူများသည် မြန်မာအမတ်များကို မဲထည့်ပေးမည်မှာ သေချာသည်။ ယင်းအကြောင်းအရာများကိုလည်း ကရင်ပြည်သူများသည် သိရှိမှုအားနည်းပေလိမ့်မည်။

အမှန်တကယ် မည်သည့်ဒေသမဆို အခြားလူဦးရေထက် ကရင်ဦးရေများသော ဒေသသည် ကရင်ပါတီများ နိုင်ကို နိုင်ရပါမည်။

သို့တွက်ကြောင့် အဖက်ဖက်က အသိပညာပေးမှုသည် များစွာလိုအပ်ကြောင်း ဖော်ပြနေပါသည်။

ကရင်ပြည်သူလူထုများကို သာမန်နားလည်အောင် စည်းလုံးလို့မရပေ။ ထဲထဲဝင်ဝင် အသိပညာပေး စည်းရုံးနိုင်မှသာလျှင် အောင်မြင်မှုကို ရရှိမည်ဖြစ်သည်။ ပန်းဖလက်များဝေခြင်း၊ သင်တန်းပေးခြင်း၊ လိုအပ်သည်များကို ကူညီပေးခြင်း လူငယ်များပါဝင်လာအောင် စည်းလုံးပေးခြင်း စသော အမျိုးသားရေးစိတ်ဓာတ်တွေ ပြန်လည်နိုးကြားလာအောင် ကြိုးပမ်းဆောင်ရွက် နိုင်မှသာလျှင် ၂၀၂၅ ခု ရွေးကောက်ပွဲတွင် အခြေအနေကောင်းလာနိုင်ပါသည်။

S.မင်းခိုက်သူ (P.T.N)

# အပြည်ပြည်ဆိုင်ရာ

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ အပေါ်ပြောစကား

ယနေ့ နိုဝင်ဘာ ၂၅ရက်နေ့တွင် ကျရောက်သည့် 'အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့'နှင့်ပတ်သက်၍ နယ်စပ်ဒေသရှိ အလွှာအသီးသီးမှ ကရင်ခေါင်းဆောင်အချို့၏ ပြောစကားများကို စုစည်းဖော်ပြလိုက်ပါသည်။


နော်ထူးထူး


နန့်ဂျူလိုင်မိုး


စောနေဆဲ


ပဒိုနော်စီဖိုးရာစိန်


နော်ဝါးခူရှီး


နော်ကညောဖော

**ပဒိုနော်စီဖိုးရာစိန်**
**(ဒုဥက္ကဋ္ဌဟောင်း၊ KNU-ကရင်အမျိုးသား အစည်းအရုံး)**

ကျမတို့ လူမှုအသိုင်းအဝိုင်းထဲမှာ အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုက တခြားသော နိုင်ငံတွေထက်စာရင် အဲ့လောက်ထိ ဆိုးရွာတာ မရှိဘူး။ ဒါပေမယ့် မြင်တွေ့ရတာက အိမ်တွင်းအကြမ်းဖက်မှုတွေ တွေ့ရတယ်။ နောက် လူမှုအသိုင်းအဝိုင်းထဲမှာ အဓမ္မပြုကျင့်ခံရတာရှိမယ်။ နောက်ပြီး အမျိုးသမီးတွေအပေါ် လှောင်ပြောင် ပြောဆိုတာမျိုး ကိုယ်ထိလက်ရောက်မဟုတ်ဘဲနဲ့ စိတ်ပိုင်းဆိုင်ရာ အမြင်သဘောထားတွေနဲ့ အကြမ်းဖက်တာမျိုးတွေကို ဒုက္ခသည်စခန်းတွေမှာကော ဥပဒေစည်းမျဉ်းစည်းကမ်းအားနည်းပြီး အမျိုးသမီးတွေအခွင့်နေရာပေးမှု အားနည်းတဲ့ နေရာတွေမှာ ဒီလိုမျိုး အကြမ်းဖက်ခံရမှုတွေကို တွေ့ရတုန်းပဲ။

အမျိုးသမီးတွေကို ဒီရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေမျိုးက အမျိုးသမီးတွေအတွက် လုံခြုံရေးကို ထိခိုက်စေတာပဲ။ ဆိုလိုတာက အမျိုးသမီးတွေအနေနဲ့ စိုးရိမ်ကြောက်ကြရတဲ့ အခြေအနေအောက်မှာ နေနေကြရတာပဲ။ အကြမ်းဖက်မှုတစ်ရပ် ရင်ဆိုင်ခဲ့ရဖူးတာနဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှု လျော့နည်းသွားစေတဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ရှိလာတယ်။ တခါတလေ အလုပ်ထဲမှာပဲ ဖြစ်ဖြစ် နေအိမ်မှာနေပြီးပဲဖြစ်ဖြစ် ဒီလိုဖြစ်ရပ်မျိုးတစ်ခု ကြုံခဲ့ရရင် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုက မရှိတော့ဘူးဖြစ်သွားတယ်။

ကျမတို့ လူမှုအသိုင်းအဝိုင်းထဲမှာ ဒီအရပ်သားအကာကွယ်ပေးမှုနဲ့ပတ်သက်တဲ့ ဥပဒေတွေကို လူတိုင်း အသေအချာ မသိကြတာက အဓိကပြဿနာပဲ။ ဒီလို ဥပဒေကို မသိတဲ့အတွက် အမှားကျူးလွန်မှုတွေကရှိနေတာပဲ။ ဥပမာ ရိုးရိုးအရပ်သားတစ်ဦးက ဒီစည်းကမ်းဥပဒေတွေကို မသိတဲ့အခါ ဒီလိုလုပ်ရင် ဒီလို အ ရေးယူခံရနိုင်ပါလားဆိုတာမျိုးကို မသိကြဘူး။ အလားတူပဲ အမျိုးသမီးတွေအနေနဲ့ကလည်း ဒီလိုကျူးလွန်ခံရပြီးဆိုရင် ဘယ်လိုအရေးယူဆောင်ရွက်လို့ရလဲဆိုတာကို သိထားရမယ်။ ဒီလိုမျိုးနှစ်ဖက်စလုံး သိနိုင်ဖို့က အသိပညာပေးမှုတွေက အောက်ခြေအထိ ရောက်ရှိဖို့ လိုအပ်တယ်။

အရပ်သားပြည်သူတွေအနေနဲ့က ဒီအမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုနဲ့ပတ်သက်ပြီး ဥပဒေ ထုတ်ပြန်မှုတွေ ရှိနေတယ်ဆိုတာကို သိအောင် လုပ်ရမှာဖြစ်သလို ဒီဥပဒေကနေ တဆင့် အရေးယူဆောင်ရွက်နိုင်တာမျိုးကို သိလာအောင် လုပ်ဆောင်ပေးဖို့ လိုအပ်လိမ့်မယ်။ အခုတွေ့မြင်နေရတာက အမှုကိစ္စတွေကို လိုက်လံ ဖုံးအုပ်ကာကွယ်ချင်တဲ့ မှန်ကန်ဖြောင့်မတ်မှုတွေ မရှိတာပေါ့။ ဖြစ်ရပ်တစ်ခုဖြစ်လာရင် တိုက်တွန်းအားပေးမှု မလုပ်ဘဲ ဖုံးဖိပပျောက်စေချင်တာမျိုး လုပ်ချင်ကြတယ်။ ဒါကြောင့် ဒီပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို လူထုတွေ သိအောင် လုပ်ပေးရမှာဖြစ်သလို ကျောင်းစာသင်ခန်းတွေမှာလည်း ဒီအမျိုးသမီးနဲ့ပတ်သက်လို့ အကြမ်းဖက်မှု ပုံစံတွေက ဘယ်လိုရှိလဲ ဒါကကျူးလွန်ရင် ပြစ်မှုမြောက်တယ်ဆိုတာမျိုးကို ပြဋ္ဌာန်းသင်ကြားပေးဖို့လိုတယ်။

**နော်ဝါးခူရှီး**
**(ကရင်ငြိမ်းချမ်းရေးအထောက်အကူပြု ကွန်ယက် - KPSN)**

ယခုလက်ရှိအချိန်မှာဆိုရင် ဒီဒုက္ခသည်စခန်းတွေမှာဆိုလို့ရှိရင် မူးယစ်ဆေးဝါးသုံးစွဲတာတွေ ပိုများလာတယ်လို့ ကြားရတယ်။ နောက်ဒီအကြမ်းဖက်မှုတွေလည်း ရှိသေးတယ်လို့တော့ သိရတယ်။ ပြည်တွင်းဖက်မှာ ပြန်ကြည့်လိုက်ရင်လည်း ဒီဟာတွေက ရှိနေပါသေးတယ်။ အမျိုးသားတွေရဲ့ ကြီးစိုးမှုတွေ ရှိနေသေးတယ်။ အိမ်တွင်းအကြမ်းဖက်မှုပိုင်းတွေမှာတော့ တွေ့နေရသေးတယ်။ အကြမ်းမှုလို့ပြောတဲ့နေရာမှာတော့ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတစ်ခုထဲကို ဆိုလိုတာမဟုတ်ဘူးပေါ့၊ စိတ်ပိုင်းဆိုင်ရာတွေမှာလည်း ပါတာပေါ့နော်။

အကြမ်းဖက်မှုပိုင်းမှာ ပြန်ကြည့်မယ်ဆိုရင် သက်ရောက်မှုဆိုးကျိုးတွေက အမျိုးမျိုးရှိတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ပြောင်းလဲမှု အပိုင်းမှာ ပြန်ကြည့်ရင်လည်း မိန်းကလေးတွေက နောက်ကျကျန်နေတာကို တွေ့ရတယ်။ နောက်တစ်ခုက ဒီအကြမ်းဖက်မှုကြောင့် အသက်ဆုံးရှုံးသွားတဲ့အထိ ဖြစ်သွားတာတွေ အများကြီးရှိတယ်။ နောက်အကြမ်းဖက်မှုကြောင့် အိမ်ထောင်ရေး ပြိုကွဲသွားတာတို့၊ တစ်ချို့ဆိုရင် မသန်စွမ်းဖြစ်သွားတာတို့၊ တချို့အမျိုးသမီးတွေဆိုရင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ပြီး၊ မဖြစ်သင့်တဲ့ ဆုံးဖြတ်ချက်မျိုးချမိပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်တာတို့၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ပြီး စိတ်ရောဂါဝေဒနာ ခံစားရတာမျိုးတို့တွေ ရှိပါတယ်။ နောက်တစ်ခုက တိုးတက်ပြောင်းလဲမှုအပေါ် သူတို့ကအဖက်ဖက်က ထိခိုက်တာမျိုးတွေ ရှိပါတယ်။ အိမ်တွင်းရေး ပျော်ရွှင်မှုတွေ မရှိတော့တာကြောင့် သူတို့ကို အများကြီး ထိခိုက်သွားတာပေါ့။

အခုဆိုရင် ဒီကိစ္စနဲ့ပတ်သက်ပြီး ကရင်အမျိုးသမီး အစည်းအရုံးကလည်း လုပ်ဆောင်တာတွေ ရှိပါတယ်။ ဥပဒေတွေ ထိထိရောက်ရောက်ချမှတ်ဖို့၊ နောက်တစ်ခုက ကျမတို့နိုင်ငံမှာဆိုရင် အိမ်တွင်းရေးအကြမ်းဖက်မှုကို မိသားစု ပြဿနာလို မြင်ကြတယ်။ ဒီအကြမ်းဖက်မှုတွေကို ကျမတို့ ဖြစ်နေကျ ပြဿနာလိုမြင်တဲ့အပေါ်မှာ အသက်ဆုံးရှုံးရတဲ့ အမျိုးသမီးငယ်လေးတွေ အများကြီးရှိတယ်။ ဒီအကြမ်းဖက်မှုကို ကျမတို့ကမိသားစု ပြဿနာ၊ လင်မယားချင်းပြဿနာလို့ မြင်ကြပြီး ကျမတို့ ဝင်စွက်ဖက်တာမျိုးမရှိဘူး။ အဲ့အတွက်ကြောင့် အသက်ဆုံးရှုံးရတဲ့အထိ ဖြစ်သွားတယ်၊ အဲ့အတွက်ကြောင့် ဒီကိစ္စတွေကို ကျမတို့ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူရမယ်။ ဒီဥပဒေဟာဆိုရင် ဩဇာ အာဏာရှိတဲ့လူတွေအတွက် တစ်ခုထဲ မဟုတ်ဘဲနဲ့ အောက်ခြေလူတန်းစားတွေဖြစ်တဲ့ အမျိုးသမီးနှင့် ကလေးတွေအားလုံးအတွက် ထိရောက်မှုရှိနေရမယ်။

ဒီအကြမ်းဖက်မှုတွေ ပပျောက်ဖို့အတွက်ဆိုရင် ကျမတို့ ပညာပေးမှုတွေ အများကြီးလိုအပ်တယ်။ ပညာပေးတွေလုပ်တဲ့နေရာမှာလည်း အောက်ခြေအနေနဲ့ အခြေခံအထက်တန်းကျောင်းတွေမှာ စတင်ပြီး သင်ကြားပို့ချ ပေးရမယ်။ ကလေးတွေက အစ သိထားဖို့လိုအပ်ပါတယ်၊ ဒီအရာတွေက မကောင်းတဲ့အတွက်ကြောင့်မို့လို့ မပြုလုပ်မိအောင် စောင့်ထိန်းရမယ်။ နောက်ပြီးတော့ ဒီအကြမ်းဖက်မှုက ပေါ့သေးသေးကိစ္စ တစ်ခုလို သက်မှတ်မထားသင့်ဘူး။ ဒီကိစ္စက လူထုတွေအထဲမှာ ဆိုးကျိုးရှိတဲ့ ပြဿနာတစ်ရပ်ဖြစ်နေတဲ့အတွက်ကြောင့် ပညာပေး သင်တန်းတွေ အများကြီး ပို့ချဖို့ လိုတယ်၊ နောက်ပြီးတော့ဒီကိစ္စက လူထုတစ်ရပ်လုံးနဲ့ဆိုင်တဲ့ အရာဖြစ်တဲ့အတွက်ကြောင့် မလို့၊ အမျိုးသမီးဖြစ်စေ၊ အမျိုးသားများ ဖြစ်စေ အတူတကွ ပူးပေါင်းလုပ်ဆောင်ဖို့ လိုပါတယ်။ အရေးကြီးဆုံးအချက်ကတော့ ကျမတို့ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားဖို့လိုပါတယ်။

**ဒေါက်တာ စောနေဆဲ**
**(မျက်စိခွဲစိတ်ဆရာဝန်)**

ဒီအကြမ်းဖက်မှု နဲ့ပတ်သက်ပြီး အရင်က ကျနော် ဒုက္ခသည်စခန်းထဲမှာ လုပ်တုန်းက တော်တော်များများ တွေ့ရတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ LAC အဖွဲ့အစည်းတွေက ပညာပေးသင်တန်းတွေကို ပို့ချလာတဲ့ နောက်ပိုင်းမှာ တော်တော်လေးကို နည်းလာတာ တွေ့ရတယ်။ အရင်ကနဲ့အခုအချိန်မှာ ပြန်နှိုင်းယှဉ်မယ်ဆိုရင် ဒီအကြမ်းဖက်မှုတွေက အနည်းအကျဉ်းပဲ ကျန်တာကို တွေ့ရတယ်။ ပြောချင်တာကတော့ လူထုတွေက ပိုပြီးနားလည်လာတယ်၊ ပညာပေးသင်တန်းတွေ ပို့ချမှုများလာတော့ ပိုနားလည်လာတယ်လို့ ပြောလို့ရတာပေါ့။ ယခုလက်ရှိအချိန်မှာဆိုရင် တစ်ကမ္ဘာလုံးက ဒီအကြမ်းဖက်မှုကို ပိုမိုတားဆီးလာတာကြောင့် နေရာတော်တော်များများမှာ သိပ်မရှိတော့ပါဘူး၊ တကယ်လို့ရှိတယ်ဆိုပေမဲ့လည်း အနည်းအကျဉ်းပဲ ကျန်ရှိတာပါ။

ကျနော်တို့ ပြန်ကြည့်ရမယ်ဆိုရင် အရင်ကဆို မိန်းကလေးတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုက ဆိုးကျိုး သက်ရောက်မှုက ပိုများတယ်။ ဒီအိမ်တွင်းအကြမ်းဖက်မှုတို့ ရန်ဖြစ်တာတို့က ဆိုးကျိုးသက်ရောက်မှု ပိုနည်းတယ်။ မိန်းကလေးတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကတော့ ဆိုးကျိုးသက်ရောက်မှု အရမ်းများတယ်လို့တော့ ကျနော်မြင်ပါတယ်။

ဒီကိစ္စကတော့ ကျနော်တို့ပြန်ကြည့်မယ်ဆိုရင် ဒီအကြမ်းဖက်မှုတွေဟာ ကျနော်တို့ရဲ့ ပတ်ဝန်းကျင်၊ ကျနော်တို့ရဲ့ ပြည်သူလူထုတွေကြားမှာ မရှိဖို့ဆိုရင် ပထမ တစ်ချက်အနေနဲ့ အရင်တုန်းက ကျနော်တို့ ဒုက္ခသည်စခန်းထဲမှာနေတုန်းက ကျနော်တို့ စခန်းကော်မတီတွေ၊ အမျိုးသမီးအသင်းအဖွဲ့တွေ၊ လူငယ်အဖွဲ့အစည်းတွေ၊ နောက် ကျန်းမာရေးအဖွဲ့အစည်းတွေ အားလုံးနဲ့ ကျနော်တို့ ပူပေါင်း၊ ဆွေးနွေးတိုင်ပင်ပြီး ကျနော်တို့ သင်တန်းပို့ချမှုတွေ ပြုလုပ်ပေးလေ့ရှိတယ်။ ဒီလုပ်ဆောင်မှုတွေအပေါ်မှာမှ ဒီအကြမ်းဖက်မှုကြီးကို ကျနော်တို့ရဲ့ ပတ်ဝန်းကျင်မှာ၊ လူထုတွေကြားထဲမှာ မရှိတော့အောင် ကျနော်တို့အတူတကွ တိုက်ထုတ်ကြတာ ဖြစ်ပါတယ်။

**နော်ကညောဖော**
**အထွေထွေအတွင်းရေးမှူး**
**(ကရင်အမျိုးသမီးအစည်းအရုံး - KWO )**

ကျမတို့ပတ်ဝန်းကျင်မှာ အကြမ်းဖက်မှုတွေကတော့ များသောအားဖြင့် ရိုက်နှက်ထိုးကြိတ်တာတွေ အခုဆို ပိုဆိုးလာတယ် ကိုဗစ်ကြောင့်။ ဘာဖြစ်လဲဆိုတော့ သွားရလာရ၊ အလုပ်ရှာရ ခက်ခဲတယ်ဆိုတော့ အကြောင်းအမျိုးမျိုးကြောင့် စကားများကြတယ်။ လင်ယောကျ်ားတွေက သားမယားပေါ်မှာ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေများလာတယ်လို့ တွေ့ရတယ်။ ပြီးတော့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေလည်းရှိတယ်။ အဓမ္မပြုကျင့်မှုတွေ ကရင်အသိုင်းအဝိုင်းထဲမှာ မိသားစုဆွေမျိုးသားချင်း အရင်းတောင်မှ အဲဒီလိုအကြမ်းဖက်မှုတွေရှိတယ်။ ကရင်ပြည်နယ်ထဲမှာလည်း လူ့အခွင့်အရေးဆိုင်ရာ အကြမ်းဖက်မှုတွေလည်းရှိတယ်။

စာမျက်နှာ (၂၀) သို့ ▶▶▶

## အပြည်ပြည်ဆိုင်ရာ

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ အပေါ်ပြောစကား(၂)

နိုဝင်ဘာ ၂၅ရက်နေ့တွင် ကျရောက်သည့် ‘အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့’နှင့်ပတ်သက်၍ အရပ်ဖက်နှင့် နိုင်ငံရေးပါတီများမှ ကရင်ခေါင်းဆောင်အချို့၏ ပြောစကားများကို ထပ်မံ စုစည်းဖော်ပြလိုက်ပါသည်။



နော်ဆဲဆဲ



နော်သဇင်တုပ်




နော်ယုဇနဝါ



စောအယ်ကော်

### စောအယ်ကော်

**(စည်းရုံးရေးနှင့်ပြန်ကြားရေးတာဝန်ခံ၊ KYO - ကရင်လူငယ်အစည်းအရုံး)**

ကျနော်တို့ နေထိုင်တဲ့ လူမှုပတ်ဝန်းကျင်တွေထဲမှာ အရင်ကတည်းကကော အခုကော အမျိုးသမီး အကြမ်းဖက်ခံရမှုတွေ ရှိနေတယ်။ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ သော်လည်းကောင်း အိမ်တွင်းမကဘဲ လုပ်ငန်းခွင်မှာ သော်လည်းကောင်း ခွဲခြားဆက်ဆံခံနေရတဲ့ အပိုင်းတွေ ရှိနေတာပေါ့နော်။ အထူးသဖြင့် အိမ်တွင်းအကြမ်းဖက်မှုမှာတော့ တော်တော်များများ အမျိုးသမီးတွေ ခံနေရတာရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့နိုင်ငံရဲ့ ဒေသအသီးသီးမှာ သူ့ရိုးရာဓလေ့ ယုံကြည်ကိုးကွယ်မှုတွေရှိတယ်။ အဲဒါတွေကြောင့် ဥပဒေအရ တရားဝင် ပြဋ္ဌာန်းတာမဟုတ်သော်လည်း ပုံမှန်လိုမျိုး အမျိုးသမီးတွေကို ဖိနှိပ်ထားတွေရှိတယ်။

အကြမ်းဖက်ခံရတဲ့ အမျိုးသမီးတွေ အများအားဖြင့်တော့ တိုင်ကြားတာတွေမရှိဘူးလို့ စစ်တမ်းအရ ပညာရှင်တွေက ပြောဆိုကြတာပေါ့နော်။ အဓိကတော့ ရိုးရာယဉ်ကျေးမှု ဘာသာဓလေ့အရ တိုင်တာမရှိဘူး။ ပြီးတော့ ဥပဒေပိုင်းဆိုင်ရာ၊ အသိပညာပိုင်းဆိုင်ရာ ဒီနှစ်ခုက မြန်မာပြည်မှာ တော်တော်အားနည်းတယ်။ အမျိုးသမီးတွေမှာ သူတို့ ဖိနှိပ်ခံရတာတွေပြောဖို့ သူတို့မှာ အခွင့်အရေး မရှိဘူး။ ဥပဒေပိုင်းဆိုင်ရာမှာ သေသေချာချာ ပြဋ္ဌာန်းထားတာတွေ မရှိဘူး။ သီးခြားရပ်တည်ပေးတဲ့ အာမခံချက်တွေ အကာကွယ်ပေးမှုတွေ အရေးယူမှုတွေ မြန်မာပြည်မှာ အားနည်းချက်ရှိတယ်။

နောက်တစ်ခုက တိုက်ပွဲဖြစ်တဲ့တိုင်းရင်းသားဒေသတွေမှာ အကြမ်းဖက်မှု အများကြီးရှိတယ်။ လက်ရှိ ရခိုင်ဒေသမှာ အမျိုးသမီးတွေကို အဓမ္မပြုကျင့်ခံရတဲ့ကိစ္စတွေ ဒါက အစိုးရတပ်မတော်ဘက်က ကျူးလွန်တဲ့အပိုင်းတွေ။ သို့သော် သူတို့ဘက် ပြန်လည်အရေးယူတဲ့အခါမှာ ဘယ်လိုပုံစံပြစ်ဒဏ်စီရင်လဲ၊ တရားမျှတမှုရှိရဲ့လား ဘာမှ သိသာ မြင်သာမှု မရှိဘူး။ ဒီနှစ်နာမှု သူတို့တိုင်ကြားတဲ့အပိုင်းက နည်းတယ်လို့ ကျနော်တို့မြင်တယ်။ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရတဲ့အမျိုးသမီးတွေက သူတို့ဖွင့်ပြောရဲဖို့အတွက် ဓလေ့ထုံးတမ်းအရ လူမှုပတ်ဝန်းကျင်အရ ကဲ့ရဲ့ခံရမှာ စိုးရိမ်နေတာတွေရှိတာကြောင့် ဖွင့်မပြောရဲတဲ့အပိုင်းတွေ ရှိတယ်။

အကြမ်းဖက်မှုပပျောက်ဖို့အတွက်က အပိုင်း ၂ ပိုင်းခွဲပြီးပြောရမှာပေါ့။ တစ်ပိုင်းက အမျိုးသားအပါအဝင် အားလုံးပါဝင်သင့်တဲ့ အပိုင်းတစ်ပိုင်း။ နောက်တစ်ပိုင်းကတော့ အစိုးရဘက်က အကြမ်းဖက်မှု ပပျောက်ဖို့အတွက် အာမခံချက်ရှိပြီး ထိရောက်တဲ့ အကာအကွယ်ပေးတဲ့ဥပဒေတွေ ရှိဖို့လိုတယ်။ အဲဒီဘက်အပိုင်းမှာ တာဝန်ရှိတဲ့လူတွေက တာဝန်ယူပြီးတော့ အောက်ခြေအထိ အကောင်ထည်ဖော်နိုင်အောင် ကြိုးစားရတဲ့အပိုင်းဖြစ်တယ်။ အမျိုးသားထုကြီးတွေ အားလုံးပါဝင်သင့်တဲ့အပိုင်းကလည်း ဒီဟာကို သိရှိနားလည်ဖို့လိုတယ်။ ပညာပေးမှုအဆင့်တွေက ပြန်လည် မြှင့်တင်ဖို့လိုတယ်။ အသိပညာပေးမှုရရှိရင် ပူးပေါင်းပါဝင်မှုလည်း အားကောင်းလာမယ်လို့ ကျနော်ယုံကြည်တာပေါ့နော်။

အမျိုးသမီးလို့ ကျနော်တို့ပြောလိုက်လို့ရှိရင် နိုင်ငံတစ်နိုင်ငံအရသော်၎င်း ကျနော်တို့နေတဲ့ လူမှုဝန်းကျင်အရ သော်လည်းကောင်း လူ့အရင်းအမြစ်မှာ အရေးပါတဲ့ အခန်းကဏ္ဍတစ်ခုအနေနဲ့ ပါဝင်တယ်။ အမျိုးသမီးကို ကျနော်တို့ ဥပေက္ခာပြုခြင်း၊ ဖယ်ထုတ်ခြင်း၊ ဖိနှိပ်ခြင်းအားဖြင့် အကြမ်းဖက်ပြုခြင်းအားဖြင့် လူ့အရင်းအမြစ်တစ်ခုကို ဖျက်ဆီးခြင်းဖြစ်တယ် ပေါ့နော်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းမှုတွေမှာ အမျိုးသမီးပါဝင်မှု အခန်းကဏ္ဍက အရေးပါတယ်။ ဒါကြောင့် အမျိုးသမီးအပေါ် အကြမ်းဖက်မှု၊ ဖိနှိပ်မှု၊ ခွဲခြားဆက်ဆံမှုတွေကို ကျနော်တို့အားလုံးပူးပေါင်းပါဝင်ပြီး မှားနေတဲ့ အတွေးအခေါ်ဟောင်းတွေကို ပြန်လည်တိုက်ထုတ်ဖို့ လိုတယ်လို့ ကျနော် မြင်ပါတယ်။

### နော်ယုဇနဝါ

**(ဒုဥက္ကဋ္ဌ၊ ဖလုံစဝေါဒီမိုကရက်တစ်ပါတီ)**

ကျမတို့လူမှုပတ်ဝန်းကျင်မှာ အကြမ်းဖက်မှုတွေက များလာတယ်လို့တွေ့ရတယ်။ ရွှေ့ပြောင်းတွေများလာတဲ့အခါမှာ စီးပွားရေးအဆင်မပြေမှု ပြဿနာကနေစပြီး အကြမ်းဖက်မှုတွေ အများကြီးတွေ့လာရတယ်။ ကရင်ကွန်မြူနတီမှာတော့ မူးယစ်ဆေးဝါးသုံးစွဲတဲ့ မိသားစုတွေကျတော့ တော်တော်များများ ရှိမယ်ထင်တယ်။ အခုနောက်ပိုင်းမှာ လူတွေက စီးပွားရေးကြပ်တည်းလာတဲ့အချိန်မှာ အကြမ်းဖက်မှုတွေက ပိုပြီးဖြစ်လာတာကိုတွေ့ရတယ်။ ပြီးတော့ အမျိုးသမီးတွေကို ကာကွယ်နေတဲ့ ဥပဒေတွေကလည်း အမျိုးသမီးတွေကို သိပ်မကာကွယ်နိုင်ဘူးလို့ ကျမထင်တယ်။ ဘာဖြစ်လဲဆိုတော့ တချို့တွေက ပြစ်မှုဆိုင်ရာ ဥပဒေနဲ့ အရေးယူလို့မရတဲ့ဟာတွေရှိတယ်။ သူတို့ကိုယ်တိုင်က မတိုင်ရင် ပတ်ဝန်းကျင်က အရေးယူလို့ မရဘူးလေ။ ကာယကံရှင်ကိုယ်တိုင်က အမှုဖွင့်မှ လုပ်လို့ရတဲ့ဟာတွေရှိတယ်။

အဲဒါကြောင့်မို့ ဥပဒေအရ အားနည်းတယ်ပေါ့နော်။ ဆိုလိုချင်တာက မိဘက ကလေးတစ်ယောက်ကို ရိုက်တာကို တားမြစ်ချင်တာတောင်မှ ဥပဒေအရ လုပ်လို့မရဘူးပေါ့။ အကြမ်းဖက်ခံရတဲ့အမှုတွေက တချို့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေဆီမှာ တိုင်ကြားတာ တက်လာတယ်လို့ ပြောတာပဲ။

ဒါပေမယ့် ၁၀ မှုမှာဆိုရင် ၁ မှုပဲ ရောက်တယ်ပေါ့နော်။ ပြစ်မှုကြီးမှပဲ တိုင်ကြားတာရောက်တယ်လို့ တွေ့ရတယ်။ အသိပညာပေးမှုအပိုင်းတွေက အမျိုးသမီးအရေး လုပ်ဆောင်နေတဲ့ အမျိုးသမီးအဖွဲ့တွေက ရပ်ရွာတွေမှာ အသိပညာပေးနေတာ တွေ့ရတယ်။ အခုနောက်ပိုင်းတော့ အရှိန်နည်းနည်း လျော့လာတာလည်း တွေ့ရတယ်။

အကြမ်းဖက်မှုပပျောက်ဖို့က အားလုံးပါဝင်ဖို့လိုတယ်။ ဒီဥပဒေက လွှတ်တော်မှာလည်း ပြဋ္ဌာန်းပေးဖို့လိုတယ်။ အုပ်ချုပ်ရေးမှူး ပြည်ထဲရေး၊ ရပ်မိရပ်ဖတွေ အားလုံးပါဝင်ဖို့လိုတယ်။ အဲဒါမှပဲ ပပျောက်ဖို့ ကျော်လွှားနိုင်မယ်။ ရပ်ရွာ ဒေသတွေမှာ အမျိုးသားအုပ်ချုပ်ရေးမှူးထက် အမျိုးသမီးအုပ်ချုပ်ရေးမှူးတွေကပဲ ဒီအကြမ်းဖက်မှုတွေဟာ ပိုပြီး ကိုင်တွယ်တာကိုတွေ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသားတွေက အမျိုးသမီးအပေါ် သိပ်ပြီး ကိုယ်ချင်းစာမတတ်ဘူး။ သူတို့အမျိုးသားတွေ ဘက်ကပဲ ပိုပြီး ဖေးမကူညီမှု များတာကို တွေ့ရတယ်။

အမျိုးသမီးအကြမ်းဖက်မှုဥပဒေကို ပြဋ္ဌာန်းပေးဖို့ ၂၀၁၀ တုန်းက ကျမတို့စဉ်းစားခဲ့ဖူးတယ်။ အဲဒီအချိန်တုန်းက ကြံ့ခိုင်ရေးတွေက လွှတ်တော်အမတ်ပိုပြီးများတဲ့အခါကျတော့ မဖြစ်မြောက်ခဲ့ဘူး။ သူတို့က ကလေးသူငယ်များဆိုင်ရာ ဥပဒေရှိနေပြီးသား။ ဒါကို မလိုအပ်ဘူးဆိုပြီးတော့ပေါ့နော်။ တကယ်တမ်းကျတော့ နိုင်ငံတစ်နိုင်ငံမှာ စံချိန်စံညွှန်းနဲ့အညီ ဥပဒေနဲ့ပြဋ္ဌာန်းမှပဲ ကိုင်တွယ်ရတာ ပိုပြီးတော့ အဆင်ပြေတယ်။ ဥပဒေရှိရင် အမျိုးသမီးထုတွေကော၊ ကလေးတွေကော အားနည်းတဲ့သူအားလုံးအတွက် ပိုပြီး အားတစ်ခု ဖြစ်သွားစေတာပေါ့။ အကြမ်းဖက်မှုကာကွယ်တဲ့ ဥပဒေရှိရင် အနီးအနား၊ ပြင်ပမှာရှိတဲ့လူကလဲ တိုင်ကြားပြီး အရေးယူခိုင်းလို့ရတာပေါ့။ ကျမတို့က အဲဒီအထိ လိုချင်တာ။ ဘာဖြစ်လို့လဲဆိုတော့ အကြမ်းဖက်မှုဖြစ်ရင် သူတို့မိသားစုအချင်းချင်းက မတိုင်ကြဘူးလေ။ အပြင်ကနေ ကြည့်တဲ့လူတစ်ယောက်က မသက်မသာ ဖြစ်တယ်လေ။ အဲဒါကြောင့်မို့ အိမ်တွင်းအကြမ်းဖက်မှု ကာကွယ်တဲ့ ဥပဒေဟာ လိုကို လိုအပ်တယ်လို့ ပြောချင်ပါတယ်။

### နော်ဆဲဆဲ

**(အထွေထွေအတွင်းရေးမှူး၊ WLB- Women League of Burma)**

မြန်မာနိုင်ငံမှာ အမျိုးသမီးအကြမ်းဖက်မှု ဖြစ်လာရင် သူတို့အမြဲတမ်းသုံးနေတဲ့ ရာဇသတ်ကြီး ဥပဒေပေါ့။ ရာဇသတ်ကြီးအောက်ကနေသွားတဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်တဲ့အခါမှာ ကျမတို့ ကြည့်လိုက်တော့ ရာဇသတ်ကြီးမှာလည်း သေသေချာချာ၊ ကောင်းကောင်းမွန်မွန် ပြထားတာ မရှိဘူး။ ပြီးလို့ရှိရင် အမျိုးသမီး သီးသန့်ပြဋ္ဌာန်းထားတဲ့ ဥပဒေ မရှိဘူး။ အမျိုးသမီးအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်တဲ့ ဥပဒေမူကြမ်းတော့ ထွက်ရှိတာ နှစ်ပေါင်း ၇ နှစ် ကြာပြီပေါ့နော်။ ဒါပေမယ့် အဲဒီဥပဒေမူကြမ်းကလည်း ကျမတို့ အမျိုးသမီးအားလုံးကို လွှမ်းခြုံတဲ့ ဥပဒေမူကြမ်း မဟုတ်ဘူးဆိုတာ ကျမတို့ အကြိမ်ကြိမ်အခါခါ ထောက်ပြတာလည်း ရှိတာပေါ့နော်။ အထူးသဖြင့် ပဋိပက္ခဒေသမှာရှိတဲ့ အမျိုးသမီး အခြေအနေတွေကို လုံးဝကို မစဉ်းစားတာ။ ဥပဒေတစ်ခုထဲ မဟုတ်ဘူး။ အစိုးရဘက်မှာ အစီအစဉ်ဆွဲသမျှ ဥပမာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကိစ္စကိုဆွဲရင်၊ စီမံကိန်းတွေ စီမံချက်တွေကိုဆွဲရင်လည်း မစဉ်းစားရဲကြဘူး။ နောက်တခုက ၂၀၁၃ ကနေ ၂၀၂၂ နှစ်အထိ အမျိုးသမီး မဟာဗျူဟာစီမံကိန်းတစ်ခုကိုလည်း ၁၀ နှစ်တာ စီမံကိန်းချခဲ့တယ်။ ဒါပေမယ့် စစ်ပဋိပက္ခမှာရှိနေတဲ့ စစ်ပြေးရှောင်၊ ဒုက္ခသည် အမျိုးသမီးတွေကို လုံးဝ ထည့်သွင်းမစဉ်းစားထားဘူးဆိုတော့ အမျိုးသမီးအကြမ်းဖက်မှု ကာကွယ်တဲ့ကိစ္စတွေမှာ ဘယ်နေရာမှ မထည့်ထားဘူးပေါ့နော်။ အဲဒါကြောင့်မို့ ဒီနေ့ ဒီအချိန်ထိ ကျမတို့ ရင်ဆိုင်နေရတဲ့ ပြဿနာအကြီးကြီးတစ်ခုပေါ့။

ကျမတို့လိုက်ရတဲ့ အမှုတွေဟာဆိုရင် အိမ်တွင်း အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ ကလေးသက်ငယ် မုဒိမ်းမှုဆိုရင်လည်း များတယ်။ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားမှုတွေမှာလည်း

စာမျက်နှာ (၂၀) သို့ ▶▶▶

▶ စာမျက်နှာ(၁၈) "အမြင်သဘောထား" မှအဆက်

သမီး၊ မယားတွေကို ထိန်းချုပ်ပြီး အပြင်ပေးမထွက်တာမျိုး။ ပညာသင်ခွင့်လည်း မပေးဘူး။ အဲဒါလည်း အကြမ်းဖက်မှု တစ်ခုပဲ။ ရိုးရာဓလေ့ အကြမ်းဖက်မှုလည်း ရှိတယ်။ အမျိုးသမီးတွေကို အထင်သေးပြီး အဖွဲ့အစည်းထဲမှာ အလုပ်ပေးမလုပ်တာမျိုး၊ အမျိုးသမီးတွေ ဦးစီးဦးဆောင်လုပ်ဖို့အတွက် အားမပေးတာမျိုး ကျမတို့ အသိုင်းအဝိုင်းထဲမှာလည်း ရှိတယ်။

ဒီလို အကြမ်းဖက်မှုတွေကြောင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျတော့ ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရတာမျိုး ခံစားရပြီး စိတ်ပိုင်းဆိုင်ရာကျတော့ စိတ်ဒဏ်ရာရပြီး အသိစိတ်တွေကိုပါ ထိခိုက်စေတာပေါ့။ ကိုယ့်ကိုယ်ကို အားငယ်စိတ်ဝင်ပြီး ကြောက်စိတ်တွေ ဝင်လာတယ်။ အတွေးစိတ်တွေ အရမ်းများပြီး စိတ်ကျရောဂါလည်း ဖြစ်နိုင်တယ်။ အဆိုးဆုံးမှာ ကိုယ့်ကိုယ်ကိုသေကြောင်းကြံတဲ့အထိ ဖြစ်လာနိုင်တယ်။ ဒါ့အပြင်ကလေးတွေမှာ ကြောက်စိတ်တွေ လွှမ်းမိုးသွားနိုင်တယ်။ တချို့ကလေးတွေကလည်း သူတို့အိမ်ထဲမှာ အကြမ်းဖက်မှုရှိတော့ အဲဒါတွေကို အတုယူကြတော့ အဲဒီအကြမ်းဖက်မှုက အဲဒီမှာပဲ သံသရာလည်နေတယ်။

ကျမတို့ပြန်ကြည့်မယ်ဆိုရင် ဒုက္ခသည်စခန်းမှာဆိုရင် ထိုင်းနိုင်ငံရဲ့ ဥပဒေ ရှိသလို စခန်းတခုရဲ့ စည်းကမ်းချက်လည်း ရှိတယ်။ ကော်သူးလေမှာဆိုရင်လည်း ကော်သူးလေဥပဒေရှိတယ်။ ကော်သူးလေ ဥပဒေမှာတော့ သီးသန့်ကလေးငယ်တွေနဲ့ အမျိုးသမီးတွေအတွက် မရှိဘူး။ ဒါပေမယ့် အမျိုးသမီးတွေ ကာကွယ်ပေးမဲ့ ဥပဒေတော့ရှိတယ်။ အဲဒီဥပဒေအတိုင်း ဆောင်ရွက်မယ်ဆိုရင်တော့ အမျိုးသမီးတွေအတွက် အကာကွယ်တခုဖြစ်မယ်။ ဒါပေမယ့် တခါတရံမှာ အထူးသဖြင့် အရပ်သားတွေ ပြစ်မှုကျူးလွန်ရင် အရေးယူရတာ အဆင်ပြေပေမဲ့ အာဏာရှိခေါင်းဆောင်တွေပဲဖြစ်ဖြစ်၊ စစ်ခေါင်းဆောင်တွေပဲဖြစ်ဖြစ် ပြစ်မှုကျူးလွန်ခဲ့ရင် အရေးယူမှုက မရှိတော့ဘူး။ ဥပဒေစိုးမိုးမှုက မရှိတော့ဘူး။ ဒုက္ခသည်စခန်းအတွင်းမှာပဲ ဖြစ်ဖြစ် ကရင်အသိုင်းအဝိုင်းထဲမှာပဲဖြစ်ဖြစ် သူတို့ အရေးယူဆောင်ရွက်ဖို့အတွက် ခက်ခက်ခဲခဲ ပြောပေးရတယ်။ အမျိုးသမီးတစ်ယောက်ဟာ သူတို့ရဲ့ ခံစားချက်တွေကို ပြောထွက်လာဖို့အတွက် သူတို့မှာ အင်မတန်ကြိုးစားယူရတယ်။ များသောအားဖြင့် ခံစားချက်တွေ ပြောထွက်လာတဲ့ အမျိုးသမီးတွေဟာ သူတို့တကြိမ်ထဲ အကြမ်းဖက်မှုကိုခံခဲ့ရတာတော့ ဟုတ်မှာမဟုတ်ဘူး။ မခံနိုင်တော့လို့ လာပြောကြတာ။ မိသားစု စည်းလုံးရေးကို ပြိုကွဲမလား၊ မိဘက ဘယ်လိုမြင်မလဲ၊ ပတ်ဝန်းကျင်ကကော ဘယ်လိုမြင်မလဲ။ သူတို့အဖက်ဖက်ကို ကြည့်ပြီး လာပြောကြတယ်။

အကြမ်းဖက်မှု ပပျောက်ဖို့ဆိုရင် အကြမ်းဖက်မှုကျူးလွန်တာဟာ ရာဇဝတ်မှုကျူးလွန်တာနဲ့ အတူတူပဲလို့ မြင်မှ အကြမ်းဖက်မှုက ပပျောက်နိုင်မယ်။ ဥပမာ လူတစ်ယောက်က သူ့သားမယားကို ထိုးကြိတ် ရိုက်နှက်နေတယ်။ အဲဒါမိသားစု ပြဿနာလို့ပဲမြင်ရင် ဒီအကြမ်းဖက်မှုက ဘယ်တော့မှ မဆုံးနိုင်ဘူး။ လူအယောက်စီတိုင်းမှာ လူတန်စားအလွှာတိုင်းမှာ တာဝန်ရှိတယ်။ အထူးသဖြင့် တရားဥပဒေစိုးမိုးရေးနဲ့ အမျိုးသားတွေအတွက် အသိပညာပေးခြင်းပေါ့နော်၊ ဒါတွေ လုပ်ဆောင်ဖို့ လိုအပ်တယ်။

## နော်ထူးထူး

### (ဒါရိုက်တာ၊ ကရင်လူ့အခွင့်အရေးအဖွဲ့ – KHRG)

လက်ရှိ အခြေအနေထိက ကျမတို့ လူမှုအသိုင်းအဝိုင်းမှာ အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုက ရှိနေတုန်းပဲ။ နောက်ပြီး ဥပဒေအရ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်တာမျိုး မလုပ်နိုင်တာလည်း ရှိနေတုန်းပဲ။ နောက်ပြီး အမျိုးသမီးတွေက သူတို့အပေါ် ခွဲခြားဆက်ဆံတာကနေ သူတို့အပေါ် အကြမ်းဖက်တာတွေကို သူတို့အနေနဲ့ ရဲရဲဝံ့ဝံ့ ပွင့်ပွင့်လင်းလင်းနဲ့ ပြောပြလာဖို့ တောင်းဆိုလာဖို့ တိုင်တန်းဖို့ဆိုတာက သူတို့မှာ အားနည်းချက်တွေ အများကြီးရှိတယ်။ သူတို့ အားနည်းချက်ဆိုတာက ခြိမ်းခြောက်ခံရတာတွေရှိတယ်။ မိသားစုရဲ့ ဖိအားပေးမှုကြောင့် ပတ်ဝန်းကျင်ရဲ့ အသိပညာ အားနည်းမှုတွေကြောင့် အမျိုးသမီးတွေမှာ ယနေ့အချိန်ထိ အကြမ်းဖက်မှုကို ကြုံတွေ့နေရတာကို ကျမတို့ KHRG လှုပ်ရှားတဲ့ နေရာတွေမှာ မြင်တွေ့ ကြားသိနေရတုန်းပဲ။ အမျိုးသမီးတွေအတွက် အခက်အခဲတွေ အတားအဆီးတွေ စိန်ခေါ်မှုတွေ အများကြီး ရှိနေတုန်းပဲ။

ဒီလို အကြမ်ဖက်မှုခံလိုက်ရတဲ့ အမျိုးသမီးတွေမှာ သူတို့အနေနဲ့ နောက်ဆက်တွဲ ဘာကို ရင်ဆိုင်ရလဲဆိုရင် သူတို့ရဲ့ လူမှုအသိုင်းအဝိုင်းမှာ ပစ်ပယ်ခံရတာတွေ ရှိတယ်။ သူတို့အပေါ် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အားပေးတာမျိုးတွေ အရမ်းအားနည်းတယ်။ ဒီလို ပြစ်မှု ကျူးလွန်ခံလိုက်ရတဲ့ အမျိုးသမီးတွေဆိုရင်လည်း သူတို့အတွက် တရားမျှတမှု ရရှိဖို့အတွက် ကြိုးစားလုပ်ဆောင်တဲ့ နေရာမှာလည်း အဟန့်အတားတွေ အများကြီး ကြုံတွေ့နေရတယ်။ ပတ်ဝန်းကျင်ရဲ့ ပစ်ပယ်ခြင်းခံရပြီဆိုရင်လည်း သူတို့မှာ ကြောက်ရွံ့မှုကို ခံစားကြရတယ်။ တိုင်တာမျိုး လုပ်ရင်လည်း ခြိမ်းခြောက်ခံရတာမျိုးလည်း ကြုံတွေ့ကြရတယ်။ နောက်တစ်ခုက ရိုးရာဓလေ့အရ ကြုံတွေ့ရတာက မတရားကျူးလွန်ခံရပြီး အတင်းအဓမ္မ လက်ထပ်ခိုင်းခံရတာမျိုးလည်း ရှိတယ်။

ဒီအမျိုးသမီးတွေအပေါ် အကြမ်းဖက်မှု ပပျောက်ဖို့ဆိုရင် ဥပဒေတွေကို လက်ခံကျင့်သုံးဖို့ လိုတယ်။ နောက်ပြီး အမျိုးသမီးတွေအပေါ် အကာကွယ်ပေးတဲ့ ဥပဒေတွေ ပိုမိုအားကောင်းလာအောင် လုပ်ဆောင်ပေးဖို့ လိုတယ်။ မြန်မာနိုင်ငံမှာဆိုလည်း လက်ခံကျင့်သုံးမှုတွေ ရှိနေပေမယ့်လည်း အကောင်အထည်ဖော်မှုပိုင်းမှာ အားနည်းနေသေးတယ်။ အစိုးရအနေနဲ့ ဒီဥပဒေတွေကို အကောင်အထည်ဖော် လုပ်ဆောင်ဖို့ကိုလည်း တိုက်တွန်းချင်တယ်။ နောက်ပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေအတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေအရလည်း အမျိုးသမီးတွေ အမျိုးသမီးငယ်တွေအပေါ် ထိရောက်တဲ့ အကာကွယ်ပေးမှုတွေရှိဖို့ တိုက်တွန်းချင်တယ်။

## နန့်ဂျူလိုင်မိုး

### (ဥက္ကဋ္ဌ၊ ကရင်ကျောင်းသားကွန်ယက်အဖွဲ့ – KSNG)

ကျမတို့ အသိုင်းအဝိုင်းထဲမှာဆိုရင် မြင်တွေ့ရတာက အမျိုးသားတွေက အရက်သေစာ သောက်စားမူးယစ်ပြီး အိမ်ပြန်ရောက်ရင် ဇနီးသည်၊ ကလေးတွေကို အနိုင်ကျင့်တာမျိုးတွေ၊ နောက်တစ်ခုက ငွေရေး၊ ကြေးရေး အခက်အခဲ ပြဿနာတွေကြောင့် အဲ့လို မိန်းမ၊ ကလေးတွေကို ပြန်အနိုင်ကျင့်တာမျိုး ရှိတာပေါ့။ နောက်ပြီး သက်ကြီး အမျိုးသားတွေက မိန်းကလေးငယ်တွေကို အဓမ္မပြုကျင့်တာမျိုးကိုလည်း မြင်တွေ့ ကြားသိ နေရတာပဲ။

ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုမျိုးဆိုရင်တော့ အနာဒဏ်ရာ ရရှိခဲ့ရင်တောင် ပြန်ပျောက်နိုင်တယ်။ ဒါပေမဲ့ စိတ်ပိုင်းဆိုင်ရာကျတော့ တော်ရုံ မပျောက်နိုင်ဘူး။ တခါတရံမှာကျတော့လည်း ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရပေမဲ့ စိတ်ပိုင်းပါ ထိခိုက်သွားတာမျိုးလည်းရှိတယ်။ အဲ့လို အကြမ်းဖက်ခံရသူ တစ်ယောက်အနေနဲ့ သူ့ရဲ့လူမှု ပတ်ဝန်းကျင်ထဲမှာ ပူပေါင်းပါဝင်ဖို့ဆိုရင်လည်း စိတ်ပိုင်းဆိုင်ရာ အားငယ်ပြီး စိတ်ဒဏ်ရာတွေကြောင့် ရှက်ကြောက်သွားတာမျိုး ခံစားရပြီး မဝင်ဆံ့နိုင်တော့ဘူး ဖြစ်သွားမယ်။

ကျမတို့ ကရင်ဒေသတွေမှာဆိုရင် စည်းမျဉ်းစည်းကမ်း ဥပဒေတွေ လိုက်နာကျင့်သုံးမှုက တအား အားနည်းတယ်။ တချို့ကိစ္စတွေမှာ ခေါင်းဆောင်တွေ ကိုယ်တိုင် ပါဝင်ပတ်သက်တာမျိုး ဆိုရင် ခံရတဲ့ သူတွေအတွက် ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ ဥပဒေတွေ စိုးမိုးဖို့ကို လိုအပ်ပြီးတော့ လိုက်နာဆောင်ရွက်သွားဖို့ လိုလိမ့်မယ်။ စီမံအုပ်ချုပ်မှုပေးနေတဲ့ ခေါင်းဆောင်တွေကလည်း ဥပဒေစည်းမျဉ်း စည်းကမ်းအတိုင်းပဲ ရပ်တည်သွားဖို့ လိုလိမ့်မယ်။ ကိုယ်ချမှတ်ထားတဲ့ စည်းမျဉ်းဥပဒေတွေ ရှိပေမယ့် ကိုယ်တိုင် မလိုက်နာ မဆောင်ရွက်ရင် ဘာမှ အဓိပ္ပာယ်မရှိဘူး။ တခါတလေ မြင်တွေ့ဖူးတာက ခေါင်းဆောင်နဲ့ ပတ်သက်တဲ့ ဆွေမျိုးတစ်ဦးဦးက ဒီလိုမျိုး အကြမ်းဖက်မှုမျိုးကျူးလွန်မိရင် အရေးယူ ဆောင်ရွက်တာမျိုးမရှိဘဲ၊ ကင်းလွတ်ခွင့်ရနေတာမျိုးလည်း ရှိတယ်။ နောက်ပြီး ဒီအမျိုးသမီးတွေကို အကာကွယ်ပေးတဲ့ ဥပဒေတွေ ရှိနေတယ်ဆိုတာမျိုးကို ကျေးရွာတွေထဲအထိ ဆင်းပြီး အသိပညာပေး လုပ်ဆောင်ပေးတာမျိုး ဆောင်ရွက်သင့်တယ်။

ဒီနေ့ အမျိုးသမီးအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနဲ့ အခွင့်အရေး တန်းတူညီမျှမှု ရရှိရေးအတွက် ၁၆ ရက်တာ လှုပ်ရှားမှုမျိုး နေ့ရက်သတ်မှတ်ထားတဲ့အတွက် ဒါကအင်မတန်ကောင်းတယ်။ အိမ်တွင်း အကြမ်းဖက်မှုကနေစပြီး စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ လုံးဝမရှိအောင်ဆိုရင် ဒီလှုပ်ရှားမှု အစီအစဉ်ကနေ အများကြီး အကျိုးသက်ရောက်မှုရှိမယ်လို့ မြင်တယ်။ ဒီအစီအစဉ်အပေါ်မှာလည်း အားလုံးပါဝင်သွားဖို့ လိုလိမ့်မယ်။ အမျိုးသားတွေအနေနဲ့လည်း အမျိုးသမီးတွေရဲ့ အခွင့်အရေးနဲ့ တန်ဖိုးကို သိမြင်နားလည်ဖို့ ပညာပေးမှုတွေလည်း များများ လုပ်ဆောင်ပေးဖို့ လိုပါလိမ့်မယ်။

▶ စာမျက်နှာ(၁၉) "အမြင်သဘောထား" မှအဆက်

အများကြီးရှိတယ်။ အဲဒီအပြင် ဒီထက်မက အကြမ်းဖက်မှုအောက်မှာ ဓလေ့ထုံးထမ်းအရ အကြမ်းဖက်ခံရတဲ့အမျိုးသမီးတွေ ဒီနေ့ ဒီအချိန်အထိ ရှိတယ်။ တချို့ဆို ဓလေ့ထုံးထမ်းအရ စီမံဆုံးဖြတ်တာတွေ ရှိတာပေါ့နော်။ အဲဒါတွေဟာ အမျိုးသမီးတွေကို ပိုပြီး နစ်နာစရာတွေ ရှိသလို ဂုဏ်သိက္ခာအရ ပိုပြီး ထိခိုက်တာတွေ ရှိတာပေါ့နော်။ ကျမတို့ WLB က လိုက်ပါဆောင်ရွက်နေတဲ့ အမှုတော်တော်များများဆိုရင် တရားတော့ စီရင်လိုက်တယ်။ ဒါပေမယ့် တရားမျှတမှုတော့ မရဘူး။ ဥပမာ စစ်တပ်က ကျူးလွန်တဲ့အမှုတွေဆိုရင် အရေးကိုယူတာ မလုပ်ဘူး။ တော်တော်များများက ဒီလိုပြဿနာကို ငွေရေးကြေးရေးနဲ့ ဖြေရှင်းလိုက်တော့ တရားမျှတတာ၊ မမျှတာ မစဉ်းစားဘဲ ပြီးပြီဆိုပြီး အဲလိုအခြေအနေတွေ အများကြီး ကြုံတွေ့ရတာပေါ့။

အကြမ်းဖက်မှုပပျောက်ဖို့ လူတိုင်းမှာ တာဝန်ရှိတယ်။ အစိုးရစနစ်ကောင်းဖို့လည်း အရမ်းအရေးကြီးတယ်။ အစိုးရရဲ့ ဥပဒေပိုင်းဆိုင်ရာကလည်း အကြမ်းဖက်မှုပပျောက်ဖို့ တိတိကျကျ အကာအကွယ်ပေးပြီး သေချာထိရောက်တဲ့ အရေးယူမှုတွေလုပ်ဖို့လည်း အရမ်းကို အရေးကြီးတယ်ပေါ့နော်။ တစ်ဖက်မှာ လူမှုပတ်ဝန်းကျင်မှာလည်း ဒါတွေဟာ အကြမ်းဖက်မှုတွေပါဆိုပြီး အသိပညာရှိဖို့လိုသလို အကြမ်းဖက်မှုတွေက လူတွေကိုပိုပြီးတော့ ပဋိပက္ခ ဖြစ်စေတယ်ဆို တဲ့ အသိပညာကိုလည်း ဝေမျှဖို့နားလည်ဖို့ လိုပါတယ်။

အကြမ်းဖက်မှုတွေရှိနေသ၍ ကမ္ဘာပေါ်မှာ ဘယ်လိုပဲ တည်ဆောက်တည်ဆောက် ငြိမ်းချမ်းရေး ရမှာ မဟုတ်ဘူး။ အဲဒါကြောင့်မို့ ဒီလိုမျိုး ၁၆ ရက်တာ လှုပ်ရှားမှုတွေ လုပ်ရတာက အကြမ်းဖက်မှုတွေ ရပ်တန့်ဖို့၊ ပပျောက်ဖို့ တရားမျှတမှု လူမှုအသိုင်းအဝိုင်းမှာ ရရှိဖို့အတွက်ကို ကျမတို့ လုပ်ဆောင်ရတာဖြစ်တယ်။ အကြမ်းဖက်မှုတွေက ရှိနေသေးလို့၊ အကြမ်းဖက်မှု မပပျောက်သ၍ ၁၆ ရက်တာ လှုပ်ရှားမှုကို ဆက်လုပ်ရတာလည်း ဖြစ်ပါတယ်။

## နော်သဇင်တုပ်

### (တွဲဘက်အတွင်းရေးမှူး၊ KNDP- ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ)

အကြမ်းဖက်မှုပြောရင် ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာကိုပဲ အဓိက ပြောရမှာပေါ့။ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာမှာဆိုရင် လူတွေအများစုကတော့ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်တာကတော့ သိသာ ထင်ရှားတာပေါ့။ ဒါပေမယ့် ကျမတို့ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနဲ့စာရင် တစ်ခါတစ်လေ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုက ဘဝတစ်ခုလုံး လုံးဝ နင်းခြေပစ်တာမျိုးပေါ့။ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်တာက ပိုပြီးတော့မှ တစ်ဖက်သားကို အတော်ကြီးကို ထိခိုက်စေတယ်လို့ မြင်ပါတယ်။ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုလို့ပြောရင် ကျမတို့ရဲ့ စကားလုံးတွေကလည်း တဖက်သားရဲ့ စိတ်ကို ရိုက်ချိုးပစ်တာမျိုး၊ လူကြားမတိုးရဲအောင် ဖြစ်စေတာမျိုး၊ ကြမ်းတမ်းတဲ့၊ နှိမ့်ချတဲ့ စကားလုံးတွေကို သုံးတာတွေကို ပိုပြီး ပြောချင်ပါတယ်။ အကြမ်းဖက်ခံရတာတွေက နေ့စဉ်နဲ့အမျှ ကြိမ်ဖန်ပေါင်းများစွာ ဖြစ်လာရင် မကောင်းဘူး။ အပြင်လောကမှာဖြစ်ဖြစ် ကိုယ့်ရဲ့မိသားစုထဲမှာပဲဖြစ်ဖြစ် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု မြောက်နေပါလား ဆိုတာမျိုးက ကိုယ့်ကိုယ်ကို သတိထားဖို့ လိုလာပြီ။

အမျိုးသမီးအကြမ်းဖက်မှု ကာကွယ်တဲ့ ဥပဒေတွေက ကျမ မြင်တာကတော့ လူတစ်ယောက်ကို ရုပ်ခန္ဓာအားဖြင့် ပျက်စီးသွားတယ်ဆိုရင်တောင်မှ တကယ့် တကယ် ဥပဒေလမ်းကြောင်းအရ ရင်ဆိုင်ဖြေရှင်းကြတဲ့အခါမှာ တရားဥပဒေက အမျိုးသမီးဘက်မှာ မရှိတာများပါတယ်။ ဥပဒေက ဘယ်လိုပဲ သက်သေတွေ၊ သာဓကတွေနဲ့ ချပြနေပါစေ။ အမျိုးသမီးတွေအတွက် ထိရောက်တဲ့ အရေးယူတာတွေ မရှိဘူး။ တချို့ဆိုရင် အက်ဆစ်နဲ့ အပက်ခံရတာတွေ၊ ရုပ်ပျက် ဆင်းပျက် အနိုင်ကျင့်၊ နှိပ်စက်ခံရတာတွေ ရှိတယ်။ ဒါကို ဥပဒေလမ်းကြောင်းအရ ကျမတို့ကို ကာကွယ်ထားတာ အရမ်းနည်းတယ်။ ကျမတို့နိုင်ငံရေးဥပဒေကြီးက လေးစားလိုက်နာမှု မရှိတာများတယ်။ ရှိပြီးသားဥပဒေကလည်း မထိရောက်ဘူး။

ဒီ ထိခိုက်နစ်နာမှုကို ကျမတို့တိုင်ကြားတဲ့ နေရာမှာ အထမြောက်ရုံမက ကျမတို့ ဘယ်လိုပြန်ပြီးတော့ ဒီဟာကို ပြန်ပေးဆပ်မှာလဲ ဆိုတဲ့အပိုင်းတောင် မပါလာပါဘူး။ ဒီနစ်နာမှုအတွက် ဘယ်လိုပြန်ပေးဆပ်မလဲဆိုတဲ့ ဥပဒေလမ်းကြောင်းအရ ပြဋ္ဌာန်းထားတာမရှိတဲ့အပြင် ထိခိုက် နစ်နာမှုအတွက်တော့ တရားခံတစ်ယောက်အနေနဲ့ တောင်မှ သူတို့မှာ ထိရောက်တဲ့ ပြစ်မှုပြစ်ဒဏ်က မရှိနေပါဘူး။ ဒါက အတော်ကိုဆိုးရွားတဲ့ အချက်ဖြစ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာမှာတောင် ဒီလောက်ထင်သာမြင်သာ ဖြစ်နေတယ်ဆိုရင် စိတ်ဒဏ်ရာကို ကျမတို့ ဘယ်လို အရေးယူပေးမှာလဲ၊ ဘယ်လို ကုစားပေးမှာလဲ။ ဒီဟာတွေက ပိုပြီးတော့တောင် လေးနက်ပါတယ်။ ရုပ်ကြီးပဲ ထိခိုက်တာထက် စိတ်ပိုင်းဆိုင်ရာ ထိခိုက်တာကလည်း လူ့ဘဝတစ်ခုလုံး ရိုက်ချိုးပစ်တာနဲ့ အတူတူပါပဲ။

ကလေးသူငယ်တွေ သက်ငယ်မုဒိန်းဖြစ်တာ

တစ်ဘက် စာမျက်နှာသို့ ▶

# ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲ နှင့်ပတ်သက်၍ အမြင်သဘောထား

၂၀၂၀ အထွေထွေ ရွေးကောက်ပွဲပြီးဆုံးသွားပြီးနောက် ဇရာဝတီ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ် အခြေစိုက် ကရင်နိုင်ငံရေးပါတီ ၄ ပါတီက ခေါင်းဆောင်များ၏ အမြင်သဘောထား၊ ပြောဆိုမှုများကို ကေအိုင်စီသတင်းထောက် စောရှားက ဆက်သွယ်မေးမြန်းထားပါတယ်။

**မန်းထိန်ဝင်းစိန်**

**(KNP-ကရင်အမျိုးသားပါတီ၊ ဒုဥက္ကဌ)**

ကရင်ပါတီတွေ မဲရှုံးရခြင်းအကြောင်း တွက်လိုက်ရင် အခု ရန်ကုန်(တိုင်းဒေသကြီး)မှာ ရခိုင်ရေးရာအတွက် ဒေါ်ထုမေ က တစ်သီးပုဂ္ဂလအနေနဲ့ ဘာကြောင့်နိုင်လဲ။ အဲတော့ အတီး(ဦးလေး) တို့ ဇရာဝတီတိုင်းမှာ ထင်ထင်ရှားရှား ပြောလိုက်မယ်။ KNP က မန်းမင်းရဲထွေး၊ KPP (ကရင်ပြည်သူ့ပါတီ)က နမ့်ခင်အေးဦး၊ USDP (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) က စောလင်းခန့် သုံးယောက်ပေါင်းတဲ့ မဲတောင်မှ NLD က ဂါ့မိုးမြတ်မြတ်သူကို မနိုင်ဘူး။

ဂါ့မိုး အနေအထားကို ကြည့်လိုက်။ ကရင့်အာဇာနည်နေ့ကို အာဇာနည်လို့ မသုံးပါနဲ့တဲ့။ Memory Services ပဲ လုပ်ပါဆိုတော့ အာဇာနည်စောဘဦးကြီးကို သာမန်ကရင်တစ်ယောက် သေသလိုပဲ သတိရခြင်း လုပ်လိုက်တယ်။ ဘယ်လောက် နိုင်ငံရေး အဆင့်နိမ့်သလဲ။ စာကိုထုတ်တာနော်။ နောက်တစ်ခါ သူ့ရဲ့ စည်းရုံးရေး ဗီနိုင်းပိုစတာမှာ ကရင်အလံမှာ သူ့ဓာတ်ပုံရိုက် လိုက်တယ်။ ဒါ အလံတော် ဥပဒေနဲ့ မကိုက်ဘူး။ အဖြူစာတမ်းမှာ ဂါ့မိုးမြတ်မြတ်သူ နာမည်ထိုးထားတယ်။ အလံတော်ကို စော်ကားတာ။ နောက်တစ်ခါကျတော့ ပြန်ပြင်တယ်။ သူ့ပုံနဲ့ ကရင်အလံကို ခွဲထားလိုက်တယ်။ သို့သော် ကရင်အလံရဲ့အပေါ်မှာ သူ့ပါတီအလံနဲ့ သူ့ပါတီခေါင်းဆောင် ၂ ယောက်ရဲ့ပုံ။ အဲဒီလောက် ကရင်အလံတော်ကို လေးစားရမှန်း မသိတာတောင်မှ ကရင်တွေက မဲထည့်ပြီး နိုင်တယ်။ အဲဒီတော့ ကျနော်တို့ ကရင်တွေရဲ့ နိုင်ငံရေး ရေချိန် လိုသေးတယ်၊ နိမ့်ပါးသေးတယ်ဆိုတာ အဖြေပေါ်တယ်။

**မန်းသန်းဝင်းဦး**

**(KPP – ကရင်ပြည်သူ့ပါတီ၊ အကျိုးဆောင်)**

NLD ကတော့ သူတို့ရဲ့ ခေါင်းဆောင်ပုံရိပ်ရော၊ ပါတီပုံရိပ်ရော အများကြီးကောင်းတယ်ပေါ့နော်။ ဒါနဲ့ ပတ်သက်ပြီး ကျနော်တို့ မထိုးဖောက်နိုင်ဘူး။ NLD ကလည်း USDP ဟာ စစ်တပ်ရဲ့ ကျောထောက်နောက်ခံဆိုပြီး ပြောဆိုနေကြတာပေါ့နော်။ ဒါကြောင့် ကျနော်တို့ ကရင်တွေကလည်း ဘာပဲပြောပြော NLD ပဲ ကိုယ့်ရဲ့ပြိုင်ဘက်လို့ပဲ ပြန်ယှဉ်ပြိုင်တာပေါ့။ ဒါပေမယ့် တကယ့်တကယ်ရလဒ်ထွက်တဲ့အခါ ပထမ NLD၊ ဒုတိယ USDP နဲ့ ကျနော်တို့ ကရင်ပါတီက တတိယလောက် ဖြစ်နေတဲ့ဟာကို ပြန်စဉ်းစားကြည့်တဲ့အခါမှ ကိုယ့်ကရင်ရဲ့ မျိုးချစ်စိတ်ဓာတ်ဟာ တော်တော်လေး ပါးလွှာနေတာကို တွေ့နေရတာပေါ့။

ရခိုင်လိုမျိုးလို ဖြစ်စေချင်တယ်။ ရခိုင်လူမျိုးတွေက ဘယ်လိုမျိုးသွားလဲဆိုတော့ ရခိုင်လူမျိုးအတွက် ရခိုင်ရေးရာအတွက် ရခိုင်ပါတီကပဲ ဆောင်ရွက်ပေးနိုင်မယ်ဆိုတဲ့ မျိုးချစ်စိတ်ဓာတ်ကို ကျနော်တို့ကရင်မှာလည်းရှိရင် ကောင်းမယ် ထင်တယ်။ ကျန်တာကတော့ လုပ်ပြသလောက်လည်း ဘာမှအသိအမှတ်ပြုခံခဲ့ရတာ မရှိဘူး။ ကျနော်တို့ဆို ဘယ်လောက်ပဲ ကရင်ကိစ္စ လုပ်ခဲ့၊ လုပ်ခဲ့ အဲဒါကို မကျော်ဖြတ်နိုင်ဘူးဖြစ်နေတယ်။ ကျနော်တို့ ကရင်တွေဟာ ကိုယ့်လူမျိုးကို ကိုယ်သိတဲ့ မျိုးချစ်စိတ်ဓာတ်ကို တော်တော်လေး ပြန်လည်တည်ဆောက်ရမယ်လို့ မြင်တယ်။ ဒီလို ပြန်လည်တည်ဆောက်တဲ့နေရာမှာ ကျနော်တို့ပြောပြောနေတဲ့ ပညာရေးပဲ။ ကျနော်တို့ ကရင်လူမျိုးရဲ့ ပညာရေးကို ဆွဲမတင်နိုင်သရွေ့ကတော့ နောက် ၅ နှစ်၊ အနှစ် ၂၀ လည်း မရဘူးလေ။

အကျိုးအကြောင်းဆက်စပ်ပြီး စဉ်းစားချင့်ချိန်တိုးထွင်းသိမြင်နိုင်တဲ့ ပညာအခံမရှိဘဲနဲ့တော့ ဘာမှလုပ်လို့မရဘူး။ ဒါကတော့ နောက်လာမယ့်မျိုးဆက်သစ်တွေပေါ့။ မျိုးဆက်ဟောင်းတွေတော့ထားလိုက်တော့ ကျနော်အခု သွားခဲ့တယ်ဗျာ။ ရန်ကုန်တစ်တိုင်းလုံး သွားခဲ့တဲ့အခါ ကျနော်တို့မေးသမျှ ကရင်နဲ့ ပတ်သက်တဲ့ဟာတွေ ဘာတစ်ခုမှ မဖြေနိုင်တဲ့ရွာတွေ အများကြီး၊ အရိုးရှင်းဆုံး ပြောရရင် ကရင်နှစ်သစ်ကူးတောင် ဘာမှကို မသိဘူး။ အခြေအနေက အဲလိုဖြစ်နေတယ်။ ဒါတောင် ရန်ကုန်တိုင်းနော်။ ရန်ကုန်တိုင်းဆိုတာ မျက်စိကြီးနားကြီး အဲလိုထင်နေတာ ဒါပေမယ့် ဘာမှမရဘူး ဖြစ်နေတယ်။

**နန်းစေအွာ**

**(KNDP -ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၊ အမျိုးသမီးရေးရာတာဝန်ခံ)**

ကိုယ့်ကိုယ်ကို ပြန်သုံးသပ်တယ်။ ဘာလို့မဲရှုံးရလဲပေါ့နော်။ ပါတီက သက်တမ်းအားဖြင့် ၂၀၁၈ လောက်မှ ဖွဲ့စည်းပြီး သက်ရှိပေါက်ဖွားလာတာကိုး။ နောက်ပြီး Covid ကြောင့် လူထုနဲ့တွေ့ဆုံဖို့ အချိန်မလောက်ဘူး။ ကွာရန်တင်း ဝင်ရတာကလည်း အချိန်ကြန့်ကြာမှုကို ပိုဖြစ်ပေါ်ခဲ့တဲ့အတွက် ရွေးကောက်ပွဲဟာ စိန်ခေါ်မှု အများဆုံးဖြစ်တာပေါ့နော်။

အားတက်စရာတစ်ခုကတော့ မျိုးဆက်သစ်လူငယ်နဲ့ ပြည်တွင်းပြည်ပတွေရဲ့ လူထုကို ပြန်ကြည့်လိုက်တဲ့အခါမှာ နိုင်ငံရေးစိတ်တွေ နိုးကြားလာတာကို တွေ့ရတယ်။ ဒါက အမျိုးသားနိုင်ငံရေးမှာ အမြတ်ရလိုက်တာပေါ့နော်။ ငါတို့ ပါတီက ရှုံးပေမယ့် အမျိုးသားနိုင်ငံရေးမှာတော့ အနိုင်ရပါတယ်လို့ ပြောချင်ပါတယ်။ ပါတီကို ထောက်ခံအားပေးတဲ့ ကရင် အပါအဝင် ဒေသခံလူထု အားလုံးကိုလည်း ကျေးဇူးအထူးထင်ပါတယ်လို့။ ဆက်လက် အားပေးပါဦးလို့၊ နောက်ထပ်လည်း ကြိုးစားပါဦးမယ်။

ကိုယ့်ပြည်နယ်နဲ့ ကိုယ့်ပါတီက ကိုယ့်အရပ်ဒေသမှာ တစ်ခါလောက် အုပ်ချုပ်ခွင့်ရချင်လို့ ပြိုင်ခြင်းဖြစ်ပါတယ်။ ကျမတို့ ပါတီက တခြားဘာအညှိုးအတေးမှလည်း မရှိပါဘူး။ ခုက ကိုယ့်ပြည်နယ်အနေအထားနဲ့ ပါတီကို နားလည်မှု မရှိသေးတဲ့အတွက် ရှုံးတယ်ပေါ့နော်။ တခြားတိုင်းရင်းသားပါတီတွေက သူတို့ရဲ့ ပြည်နယ်တွေ အသီးသီးမှာ နိုင်ပေမယ့် ကရင်ကတော့ ဒီအတိုင်းပဲရှိနေသေးတယ်ပေါ့နော်။ လာမယ့် ၂၀၂၅ မှာ သူများပြည်နယ်တွေမှာ ဒေသခံပါတီတွေက အနိုင်ရသလို ကျမတို့ပြည်နယ်မှာလည်း ပြည်နယ်ပါတီ အနိုင်ရရှိဖို့ ပြည်နယ်သူ၊ ပြည်နယ်သားတွေ ဝန်းရံပေးကြပါလို့ ပြောချင်ပါတယ်။

**စောခင်မောင်မြင့်**

**(PSDP – ဖလုံစဝေါ်ဒီမိုကရက်တစ်ပါတီ၊ ဥက္ကဌ)**

ကရင်ပြည်နယ်ဆိုပေမယ့်လည်း ကရင်တွေအားလုံးက ကရင်ပါတီကို မဲထည့်မယ်ဆိုရင်တော့ နိုင်ခြေ ၆၀ ရာခိုင်နှုန်း လောက်ရှိပါတယ်။ ကရင်တွေ ကရင်ပါတီမှာမဲမထည့်ဘဲ အခြားပါတီနဲ့ တစ်သီးပုဂ္ဂလတွေမှာ ပါသွားမယ်ဆိုရင်တော့ ဘယ်လိုနည်းနဲ့မှ မနိုင်နိုင်ဘူးဆိုတာ မောင်ကျော်(ဦး)ပြောခဲ့ဖူးပါတယ်။ လာမယ့် ၅ နှစ် ရွေးကောက်ပွဲမှာ ကရင်တိုင်းရင်းသားတွေအားလုံး ကရင်ပါတီကို ထောက်ခံဝန်းရံဖို့ လိုလိမ့်မယ်ဆိုတဲ့ သင်ခန်းစာလေးတော့ ရလိုက်တာပေါ့။

တချို့ကလည်း NLD– အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာဝင်တဲ့ ကိုယ်စားလှယ်တွေလည်း ကရင်ပါပဲဆိုပြီး ဖြေသိမ့်တာ ရှိတာပေါ့။ ဒါပေမယ့် NLD က ကိုယ်စားလှယ်က သူတို့ပါတီရဲ့ ထိန်းချုပ်မှုအောက်မှာ နေနေရတဲ့အတွက် အမျိုးသားရေးတွေမှာ လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့်ရမှာ မဟုတ်ဘူး။ NLD က ကရင်ဆိုပေမယ့် ကရင်တို့ရဲ့ စာပေယဉ်ကျေးမှု ဓလေ့ထုံးတမ်း လုပ်ငန်းကိစ္စတွေမှာ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ခဲ့တာ တစ်ယောက်မှ အစဉ်အလာ မတွေ့ခဲ့ရဘူး။

ဒါကြောင့်မို့ ကရင်ပါတီက ကိုယ်စားလှယ်လောင်းတွေသာ အနိုင်ရမယ်ဆိုရင်တော့ ကိုယ့်ရဲ့ စာပေယဉ်ကျေးမှု၊ အမျိုးသားရေးကိစ္စတွေမှာ အထူး အလေးပေးဆောင်ရွက်နိုင်မယ်ဆိုပြီး အစကတည်းက ရည်ရွယ်ပြီး ကရင်ပါတီတွေကို တည်ထောင်ခဲ့တာပါ။ အခုတော့ စိတ်မကောင်းစရာပေါ့လေ။ ကရင်ပြည်နယ်မှာ ကရင်လူထုတွေရဲ့အသံကို လွှတ်တော်ထဲရောက်အောင် ထိထိရောက်ရောက် ဆောင်ရွက်ပေးမယ့် ကိုယ်စားလှယ်လောင်း တစ်ယောက်မှ အနိုင်မရဘူးဆိုတော့ တော်တော်လေး စိတ်မကောင်းဖြစ်ရပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကြည့်မယ်ဆိုလည်း အားရစရာ မရှိသလောက်ပါပဲ။

တစ်ခုရှိတာက မျိုးဆက်သစ်လူငယ်တွေ တော်တော်များများက ကရင်ပါတီကို ဝန်းရံထောက်ခံ အားပေးခဲ့တာက အလွန် ကျေနပ်ပါတယ်။ ပွဲကတော့ မပြီးသေးပါဘူး။ နောင် ၅ နှစ်တစ်ကြိမ်တိုင်းမှာ မျိုးဆက်သစ်လူငယ်အားနဲ့ ကရင်နိုင်ငံရေး ခရီးကို ဆက်လျှောက်ဖို့ အင်အားသစ်တစ်ခု ရှိတယ်လို့ပဲ မောင်ကျော်ကတော့ မြင်ပါတယ်။ လူငယ်ထုအတွင်းမှာ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံရေး အသိတရားတွေကို ပြန်ပြီးတော့ ဝေမျှပေးနိုင်မယ်ဆိုရင် လာမယ့် ၅ နှစ်ကာလမှာ ဒီထက် အောင်မြင်မယ်လို့ မောင်ကျော်ကတော့ ယုံကြည်တယ်။

---

▶ တစ်ဘက် စာမျက်နှာမှအဆက်

တောင်မှ ကျမတို့တိုင်ကြားတဲ့အခါမှာ စွမ်းဆောင်ရည် အားနည်းကြတယ်။ ကိုယ့်ရဲ့အနီးပတ်ဝန်းကျင် ဆွေမျိုးသားချင်းကိုယ်တိုင်တောင်မှ စွမ်းဆောင်မှု အားနည်းတယ်ဆိုရင် တရားဥပဒေခုံရုံးတို့မှာ ကျမတို့ ရင်ဆိုင်ရတဲ့အခါ ပိုပြီးတော့ အားနည်းမှာပါပဲ။ ကိုယ့် အနီးအနားကလူတွေသက်သေတွေကတောင်မှ ပူးပေါင်းမှု အားနည်းတာကို ကျမတို့ မြင်ရပါတယ်။ ဒီဥပဒေပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီးတော့ ဆုံးဖြတ်ချက်ချတဲ့ ရှေ့နေဖြစ်ဖြစ်၊ တရားသူကြီးဖြစ်ဖြစ် ရေးဆွဲထားတဲ့ လက်ရှိ ပြည့်စုံတဲ့တရားဥပဒေ လုပ်ထုံးလုပ်နည်းတွေနဲ့ မဏ္ဍိုင်ကြီးတစ်ခုလုံးကို ကျမတို့ အများကြီး ပြန်သုံးသပ်ဖို့ လိုပါမယ်။

အသိပညာပေးမှုတွေ မြို့ပေါ်တွေမှာပဲ ကျမတို့ အနည်းငယ် ပေးနိုင်ပါတယ်။ တကယ်မှာတော့ ထိရောက်မှု အတိုင်းအတာ အများကြီးလိုပါတယ်။ ဘာကြောင့်လည်းဆိုတော့ တချို့ကိစ္စတွေမှာ ကျမတို့ အသိပညာပေး လုပ်ပေမယ့် တကယ်တမ်း ကျမတို့ လုပ်ဖို့အတွက်တောင်မှ ခွင့်ပြုချက်တွေ ပူးပေါင်းဆောင်ရွက်မှုတွေပါမှ ညှိနှိုင်းဆောင်ရွက်မှုတွေ အများကြီး ရှိပါတယ်။ ကျမတို့ တွင်တွင်ကျယ်ကျယ်လုပ်ဖို့ လိုလာပါပြီ။ အကြမ်းဖက်မှုက အမျိုးသားတွေက အမျိုးသမီးတွေအပေါ်မှာ မကဘူး။ အမျိုးသားအချင်းချင်းတွေမှာလည်း ရှိလာပါတယ်။ ဒီအတွက်ကြောင့် ကျမတို့ အများကြီးကို ပြန်လည်သုံးသပ်သင့်တယ်။ မဏ္ဍိုင်ကြီးတစ်ခုလုံးကို အသေအချာ ပြန်လည်ပြင်ဆင်ဖို့အတွက် တိုင်ပင်ဆွေးနွေးသင့်ပြီလို့ ကျမ ပြောချင်ပါတယ်။

ကလေးသူငယ်နဲ့ အမျိုးသမီးအခွင့်အရေး ကာကွယ်ရေးကော်မတီက အမျိုးသားလွှတ်တော်မှာလည်းရှိတယ်။ ပြည်သူ့လွှတ်တော်မှာလည်း ရှိပါတယ်။ ကျမတို့ တော်တော်များများကိုလည်း တွေ့ဆုံသွားပါပြီ။ ဒီကော်မတီမှာ တာဝန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ကျမတို့ တင်ပြပါတယ်။ တင်ပြတဲ့အခါမှာ ရှိပြီးသားဥပဒေတွေက ဆုံးဖြတ်ချက်ချတဲ့ တရားသူကြီးတွေရဲ့ ကဏ္ဍကလည်း တော်တော် အရေးပါတဲ့ကဏ္ဍ ဖြစ်လာပါတယ်။ အမျိုးသမီး ကော်မတီအဖွဲ့ကို ကျမတွေ့ဆုံမေးမြန်းခဲ့ပါတယ်။ သူတို့လည်း အချက် တော်တော်များများ တင်ပြပါတယ်လို့ ပြောပါတယ်။ သဘောတူညီချက်တွေကိုတော့ မရရှိခဲ့ပါဘူး။ ဒီဥပဒေနဲ့ဆိုင်တဲ့ ဆုံးဖြတ်ချက်ချနိုင်တဲ့ ပုဂ္ဂိုလ်တွေက ဒါတွေက မလိုအပ်ပါဘူး။

တိုင်ကြားရေးအဆင့်တွေက တခါတခါကြရင် ဆက်ပြီးတော့သွားလို့ မရတော့ဘူး။ ကျမတို့ ကရင်ပြည်နယ်မှာလည်း သေသေချာချာ လုပ်ဖို့လိုတယ်။ ဒီဟာတွေကို ကူညီဖို့ လုပ်ဆောင်နေတဲ့ ယန္တရားတွေ အကုန်လုံးကလည်း အဆင်သင့်ဖြည့်ပေးဖို့ လိုပါတယ်။ တစ်နေရာမှာတော့ အားကောင်းပြီး တစ်နေရာမှာတော့ ပြတ်သွားတာမျိုးဆိုရင် လုပ်ရကိုင်ရတဲ့အခါ အခက်အခဲ ဖြစ်တယ်။ ခုံရုံးပေါ်ရောက်လာရင်လည်း စိန်ခေါ်မှု အများကြီးရှိပါတယ်။

အကြမ်းဖက်မှု ပပျောက်ရေးအတွက် အမျိုးသမီးရေးရာ အဖွဲ့အစည်းတွေ၊ လူမှုဝန်ထမ်းဌာနကတော့ အရမ်းအရေးကြီးတဲ့ကဏ္ဍမှာ ပါဝင်သလို၊ တရားရေးမဏ္ဍိုင်၊ လုံခြုံရေးနဲ့ပတ်သက်ပြီး ရဲတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လိုအပ်ပါတယ်။ ဓလေ့ထုံးတမ်းအရ အကြမ်းဖက်ခံရတဲ့ ကိစ္စ မှန်သမျှက ထုတ်မပြောပြကြဘဲ ကြိတ်ပြီး ဖြေရှင်းကြတဲ့အခါကျတော့ ရဲစခန်းကို လာတိုင်တဲ့အခါမှာ ရဲတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်ပေးဖို့၊ နွေးနွေးထွေးထွေး ကြိုဆိုပေးဖို့လိုပါတယ်။ လာတဲ့လူတစ်ယောက်ကို ရင်ဝကို ဆောင့်စေမယ့်စကားလုံးမျိုးနဲ့ မေးတာမျိုးထက် အားလုံး ဖေးမကူညီပြီး ပူးပေါင်းပါဝင်မှ ရမှာ ဖြစ်ပါတယ်။

# အစိုးရသစ်နှင့် အလွတ်သဘောဆွေးနွေးမည့် ညှိနှိုင်းရေးအဖွဲ့ EAOs ဖွဲ့စည်း

နိုဝင်ဘာ ၂၇ ရက်၊ ၂၀၂၀
ပြည့်နှစ်။ စအိုင်ဆူး

အပစ်ရပ်လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် အသစ်ဖွဲ့စည်းလာမည့် အစိုးရသစ်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အလွတ် သဘောတွေ့ဆုံ ဆွေးနွေးနိုင်ရန် ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းထားကြောင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ၏ ယာယီအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ယွက်စစ်က ပြောဆိုခဲ့သည်။




ယမန်နေ့က ပြုလုပ်ပြီးစီးခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) အပစ်ရပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (NCA-S EAO)၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ၏ အစည်းအဝေးပြီး ပြောကြားသည့် နိဂုံးချုပ် မိန့်ခွန်း၌ ယခုလို ထည့်သွင်းပြောဆိုခဲ့ခြင်း ဖြစ်သည်။

'အစိုးရသစ် တရားဝင် မဖွဲ့စည်းနိုင်မီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နဲ့ ပတ်သက်လို့ အလွတ်သဘော တွေ့ဆုံညှိနှိုင်းရန်အတွက် ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ၎င်းတို့၏ တာဝန်များကိုလည်း သတ်မှတ်ပေးနိုင်ခဲ့တယ်' ဟု ထည့်သွင်းပြောဆိုခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် တိုင်းရင်းသားပါတီများအပါအဝင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ၏ ၂၀၂၀ ရွေးကောက်ပွဲ အောင်မြင်မှုအပေါ် ဂုဏ်ပြု အသိအမှတ်ပြုကြောင်းနှင့် လာမည့်အနာဂတ်တွင်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အတူတကွလက်တွဲ ဖော်ဆောင်နိုင်ရန် မျှော်လင့်ကြောင်းလည်း ပြောဆိုခဲ့သည်။

ရွေးကောက်ပွဲ အနိုင်ရ NLD ပါတီမှ ခန့်အပ်မည့် သမ္မတမှတဆင့် နောက် ၅ နှစ်ကို ဦးဆောင်မည့် အစိုးရသစ်ကို ပြည်ထောင်စု လွှတ်တော် သက်တမ်းကုန်ဆုံးမည့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလကုန်ပိုင်းအတွင်း ဖွဲ့စည်းနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက် ရှိပြီး သမ္မတ၊ တိုင်းနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ် ဖြစ်လာနိုင်မည့်သူများကိုလည်း ထင်ကြေးပေး ပြောဆိုမှုများ မြင့်တက်လျက် ရှိသည်။

နိုဝင်ဘာလ ၂၅ ရက်နှင့် ၂၆ ရက်နေ့အတွင်း နှစ်ရက်တာ ပြုလုပ်ခဲ့သည့် PPST ၏ အွန်လိုင်း အစည်းအဝေးပွဲတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပုံစံကိစ္စ၊ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၃)နှင့် ကိုက်ညီသည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် ပြင်ဆင်ရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အဆင့်လိုက် လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုကိစ္စ၊ ဖက်ဒရယ်လမ်းညွှန်အခြေခံမူများ နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း အားလုံးပါဝင်လာနိုင်ရေး ကိစ္စတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့အပြင် တပ်မတော် နှင့် ရက္ခိုင့်တပ်တော်(AA) တို့အကြား ငြိမ်းချမ်းရေးအတွက် လတ်တလော အပြုသဘော ဆောင်သည့် ဆောင်ရွက်မှုများအပေါ် ကြီးမားသည့် တိုးတက်မှု တစ်ခုအနေဖြင့် ရှုမြင်ကြောင်း နှင့် အပစ်ရပ် လက်မှတ် မရေးထိုးနိုင်သေးသည့် ကျန်အဖွဲ့အစည်းတွေအကြား အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေး ဆွေးနွေးပွဲများ ဆက်လက် ပြုလုပ်သွားရန်လည်း PPST ၏ အစည်းအဝေးအပြီး ထုတ်ပြန်ချက်၌ တိုက်တွန်း တောင်းဆိုထားသည်။

NCA အပစ်ရပ် တိုင်းရင်းသား အဖွဲ့အစည်းများတွင် ကရင်အမျိုးသား အစည်းအရုံး –KNU၊ ချင်းအမျိုးသားတပ်ဦး -CNF၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး–ABSDF၊ ကရင်ငြိမ်းချမ်းရေးကောင်စီ –KNU/KNLA(PC)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် -DKBA၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် -PNLO၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ -ALP၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ -RCSS၊ မွန်ပြည်သစ်ပါတီ -NMSP နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး -LDU တို့ ဖြစ်သည်။

---

▶ ကျောဖုံး "အမျိုးသမီးအပေါ်အကြမ်းဖက်မှု" မှအဆက်

လူတိုင်းသည် မိမိတို့ လုပ်ဆောင်ချက်များအပေါ် တာဝန်ခံမှု ရှိလာစေရန် လိုအပ်ချက် များစွာ ရှိနေသေးကြောင်းလည်း KWO က ဆိုသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအပြင် မည်သည့် အကြမ်းဖက်မှုများကိုမဆို ရပ်တန့်စေရေးအတွက် အားလုံး တက်ကြွစွာ ပါဝင်ကြရန်လည်း KWO ၏ ယနေ့ ထုတ်ပြန်ချက်၌ တိုက်တွန်း တောင်းဆိုထားသည်။

အလားတူ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့နှင့် ပတ်သက်၍ ယနေ့ ထုတ်ပြန်သည့် ကရင်လူ့အခွင့်ရေးအဖွဲ့ (KHRG) ထုတ်ပြန်ချက်၌လည်း အမျိုးသမီးများအနေဖြင့် တရားမျှတမှု ရှာဖွေရာ၌ တရားစီရင်ရေး စနစ်များသည် လွတ်လပ်မှုမရှိဘဲ တာဝန်ယူမှု၊ တာဝန်ခံမှု မရှိခြင်း နှင့် အမျိုးသားများမှ ကြီးစိုးနေခြင်းများ ကြုံတွေ့နေရကြောင်း ဆိုထားသည်။

၎င်းအပြင် မြန်မာနိုင်ငံတွင် အကြမ်းဖက် ကျူးလွန်သူများ အနေဖြင့် ပြစ်မှုမှ ကင်းလွတ်ခွင့် ရနေကြသည့် အလေ့အထများကြောင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု လုပ်ရပ်များ ပိုမိုဖြစ်ပေါ်စေကြောင်းနှင့် တပ်မတော်မှ ကျူးလွန်သော ရာဇဝတ်မှုများအပေါ် ပြစ်ဒဏ် ကင်းလွတ်ခွင့်ပေးခြင်းအား အဆုံးသတ်ရန် အပြင် အရပ်ဖက် တရားရုံးများတွင် အရေးယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း KHRG မှ တိုက်တွန်း တောင်းဆိုထားသည်။

လူ့အခွင့်အရေး အဖွဲ့အစည်း အသီးသီး၏ နှစ်စဉ်ထုတ်ပြန်သည့် အစီရင်ခံစာများအရ မြန်မာနိုင်ငံ၌ အမျိုးသမီး နှင့် အမျိုးသမီးငယ်များအပေါ် အကြမ်းဖက်ခံရမှု ဖြစ်စဉ်များ နှစ်စဉ်ဖြစ်ပွားလျက်ရှိပြီး စစ်ရေး ပဋိပက္ခ ဖြစ်ပွားရာ နယ်စပ်နှင့် တိုင်းရင်းသား ဒေသများ၌ ပိုမိုခံစားကြရကြောင်း ထုတ်ပြန်ဖော်ပြကြောင်း တွေ့ရသည်။

ယနေ့ ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ကို အကြောင်းပြု၍ အကြမ်းဖက်မှု ရပ်တန့်ရေး ၁၆ ရက်တာ လှုပ်ရှားမှုကို စတင်သည့် ဖွင့်ပွဲကို ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၊ မယ်တော်ဆေးခန်းတွင် KWO မှ ဦးဆောင်၍ လူဦးရေ အကန့်အသတ်ဖြင့် ပြုလုပ်ခဲ့သည်။

ထို့အတူ KNU ထိန်းချုပ်နယ်မြေ ခရိုင် ၇ ခု၊ နယ်စပ်ဒေသနှင့် ဒုက္ခသည်စခန်း အသီးအသီးတွင်လည်း ကိုဗစ် အခြေအနေပေါ် မူတည်ပြီး အကျဉ်းရုံး ပြုလုပ် ကျင်းပမှုများလည်း ရှိကြောင်း သိရသည်။

၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် (၅၄/၁၃၄)အရ နိုဝင်ဘာလ ၂၅ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့အဖြစ် သတ်မှတ်ကြေညာခဲ့ခြင်း ဖြစ်သည်။

---

▶ ကျောဖုံး "ကရင်နှစ်သစ်ကူးနေ့" မှအဆက်

သည့် နိုင်ငံအနှံ့အပြားမှ ကရင်မျိုးနွယ်စု လူငယ်များအနေဖြင့် သတ်မှတ်ထားသည့် ကရင်မျိုးနွယ်စု ၇ စုထဲမှ မိမိတို့ယှဉ်ပြိုင်သည့် ရိုးရာ ဝတ်စုံအကြောင်းနှင့် မျိုးနွယ်စုအကြောင်း အရာများကို ရိုက်ကူးထားသည့် ပုံနှင့်တကွ စာတိုက်သို့မဟုတ် အွန်လိုင်းမှတစ်ဆင့်ပေးပို့ကာ ယှဉ်ပြိုင်ရမည်လည်း ဖြစ်သည်။

ဒီဇင်ဘာလကုန်တွင် နောက်ဆုံးထား လက်ခံသွားမည် ဖြစ်သည့် အဆိုပါပြိုင်ပွဲဝင်မှုများထဲမှ ဆုရရှိသူများကို ကရင်အမျိုးသား နှစ်သစ်ကူးနေ့တွင် ကြေငြာသွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု ၂ ဆုဖြင့်ဆုများကို အသီးသီး ချီးမြှင့်သွားမည် ဖြစ်သည်ဟု သိရသည်။

ထို့အတူ ယခုပြိုင်ပွဲကို ပြုလုပ်စီစဉ်မည့် ကရင်အမျိုးသား နှစ်သစ်ကူးကျင်းပရေး ဗဟိုကော်မတီ(မဟာရန်ကုန်) အနေဖြင့် အင်းစိန်မြို့နယ် မဟာဆေးဝက်ဘာကျောင်းတိုက်ရှိ ကရင်နှစ်သစ်ကူးပွဲတော်ကို ယခုနှစ် စည်စည်ကားကား ကျင်းပနိုင်ခြင်း မရှိတော့သည့်အတွက် လာမည့် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်နေ့ အခမ်းအနားကို အွန်လိုင်းတွင်သာ တိုက်ရိုက်ထုတ်လွှင့် တင်ဆက်သွားမည် ဖြစ်သည်ဟု သိရသည်။

ကပ်ရောဂါ အခြေအနေများကြောင့် လာမည့် ဇန်နဝါရီလ ၁၃ ရက်နေ့တွင်ကျရောက်မည့် ကရင်သက္ကရာဇ် ၂၇၆၀ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူး ပွဲတော်ကို လူစုလူဝေးဖြင့် ကျင်းပခြင်းအစား နှစ်စဉ်ကျင်းပနေကျ ကရင်လူမျိုးများနှင့် သက်ဆိုင်သည့် အခြားသော အထိမ်းအမှတ် အခမ်းအနားများ၊ ပြိုင်ပွဲများကို အွန်လိုင်းမှတစ်ဆင့် ကျင်းပမှုများ ပြုလုပ်လာခြင်းလည်း ဖြစ်သည်။

---

▶ ကျောဖုံး "နော်ချစ်ပန်းတိုင်" မှအဆက်

ခြားမှု တစ်စုံတစ်ရာ မသိရှိရသေးသလို မဖော်ထုတ်နိုင်သည့် အခြေအနေများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများမှ ထုတ်ဖော်ပြောဆိုရန် ပျက်ကွက်သည့်အတွက် လွန်စွာ စိတ်ပျက်ကြောင်းလည်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထုတ်ပြန်ချက်၏ ပြောရေးဆိုခွင့်ရှိသူ တာကပေါလူငယ်အဖွဲ့၏ အကြံပေးတာဝန်ခံ နော်ပီသလောက 'ကျမတို့ထောက်ပြချင်တာက ဘယ်သူတွေကို စစ်ဆေးထားလဲ။ ကျမတို့ သိခွင့်ရှိရမယ်လေ။ အခုတော့ ဘာမှ မသိရဘူး။ ၄ နှစ်ရှိပြီဆိုတော့ ဒီအမှုက ဒီလိုပဲ အေးသွားတာ မဟုတ်ဘဲ တရားခံကို ဆက်ရှာဖွေ ဖော်ထုတ်တာကို ကျမတို့ လိုချင်တယ်။ ဒီအမှု မဟုတ်ဘဲ တခြားအမှုလည်း ဖော်ထုတ်ဖမ်းဆီးနိုင်တာ အားနည်းတယ်။ ဒီလိုအားနည်းတာဟာ ကျမတို့ လူမှုအဖွဲ့အစည်းမှာ ကောင်းတဲ့လက္ခဏာတော့ မဟုတ်ဘူး။ ပြီးတော့ ဒီလိုပဲသွားရင် ပြည်သူလူထုအတွက် အင်မတန် စိုးရိမ်စရာ ကောင်းတယ်'ဟု ကေအိုင်စီသို့ ပြောသည်။

လက်ရှိအချိန်တွင် အဆိုပါ အမှုနှင့်ပတ်သက်၍ ထားဝယ်မြို့မ ရဲစခန်းဘက်မှ အမှုကို ဆက်လက် ဖော်ထုတ်အရေးယူနိုင်ရန် စုံစမ်းမှု ယာယီ ဆိုင်းငံ့ထားသည်ဟု ကြားသိရကြောင်း သေဆုံးသူ၏ မိသားစုဝင်ဘက်က ကေအိုင်စီသို့ ယခုလို ပြောဆိုသည်။

နော်ချစ်ပန်းတိုင်၏ဦးလေးဖြစ်သူ စောမေးလ်စံက 'ဒီလ ၁၉ ရက်နေ့မှာ ဒီအမှုနဲ့ ပတ်သက်ပြီး ကျနော်သွားမေးတော့ အမှုဖြစ်ပြီးနောက် စခန်းမှူးက ၂ ယောက် ပြောင်းသွားတယ်။ အခုလာတဲ့စခန်းမှူးက ဒီအမှုနဲ့ ပတ်သက်ပြီး ကောင်းကောင်း မသိဘူးပေါ့။ ဒီအမှုကို ကျနော် မေးလိုက်တော့ စုံထောက်မှုဆိုင်းတယ်လို့ ကျနော်ကို ပြန်ပြောတယ်။ တကယ်လို့ တိကျတဲ့သတင်း၊ ခိုင်လုံတဲ့သတင်းတွေမှ သူတို့ ပြန်ဆက်လုပ်ဖို့ ရှိတယ်။ ခက်တာက သတင်းကကိုယ်ပါသွားပေးမှ လုပ်သလိုဖြစ်တယ်။ သူတို့ဘာသူတို့ ရှာမယ့်ပုံတော့ မပေါ်ဘူး'ဟု ပြောသည်။

ထို့အပြင် ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးသည့်ကာလတွင် နော်ချစ်ပန်းတိုင် အသုံးပြုသည့် Facebook Messenger မှ ကျန်ရစ်သူမိသားစုထံ စကားပြောဆိုသကဲ့သို့ ကျင့်ဝတ်နှင့်မညီသည့် စိတ်ပျက်ဖွယ် ဆောင်ရွက်ချက်များကိုလည်း ကြုံတွေ့ရကြောင်း လူမှုအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်တွင် ထောက်ပြထားသည်။

ယင်းအမှု နှင့်ပတ်သက်၍ လက်ရှိအခြေအနေထိ အမှုဖြစ်စဉ် အခြေအနေအား စောလျင်စွာ ထုတ်ဖော်ပြောဆိုရန်၊ အမှုမှန်ပေါ်ပေါက်ရေးအတွက် အစွမ်းကုန် အားထုတ်ကြိုးပမ်း ဖော်ထုတ်ပေးရန်နှင့် ဆောင်ရွက်ချက်များအား ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအနေဖြင့် အမြန်ဆုံး ထုတ်ဖော်ပြောဆိုရန် တနင်္သာရီတိုင်း အခြေစိုက် လူမှုအဖွဲ့အစည်းများက စုပေါင်းကာ တောင်းဆိုခဲ့ကြသည်။

အသက် ၂၂ နှစ်အရွယ် နော်ချစ်ပန်းတိုင်သည် ထားဝယ်မြို့ဇာတိဖြစ်ပြီး မူလတန်းမှ ဘွဲ့ရသည်အထိ ထားဝယ်မြို့တွင် ပညာသင်ကြားခဲ့သည်။ ၂၀၁၃ မှ ၂၀၁၅ ခုနှစ်အထိ တာကပေါလူငယ်အဖွဲ့တွင် ပါဝင်ကူညီလုပ်ဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် Mines Advisory Group ၌ သေဆုံးချိန်အထိ တာဝန်ယူဆောင်ရွက်ခဲ့သည်။



၂၀၁၃ စက်တင်ဘာလမှ စတင်ထုတ်ဝေသည်



## ၂၀၂၀ ပဒိုမန်းရှာ လူငယ်ခေါင်းဆောင်ဆုအတွက် အဆိုပြုနိုင်ပြီ

နိုဝင်ဘာ ၄ ရက်၊ ၂၀၂၀ ပြည့်နှစ်
စဖန်းရှောင်း

Phan Foundation မှ နှစ်စဉ်ချီးမြှင့်သည့် ပဒိုမန်းရှာလားဖန်း လူငယ်ခေါင်းဆောင်ဆု ၂၀၂၀ ခုနှစ်အတွက် အဆိုပြု အမည်စာရင်း စတင်ပေးသွင်းနိုင်ပြီဖြစ်ကြောင်း နိုဝင်ဘာလ ၃ ရက်နေ့တွင် Phan Foundation က သတင်း ထုတ်ပြန်ကြေငြာလိုက်သည်။

ပဒိုမန်းရှာလားဖန်း လူငယ်ခေါင်းဆောင်ဆုမှာ ကရင်အမျိုးသားများ၏ ပညာရေး၊ လူ့အခွင့်အရေးနှင့် စာပေ ယဉ်ကျေးမှုဆိုင်ရာများတွင် ကိုယ်ကျိုးမငဲ့ဘဲ စွမ်းဆောင်နိုင်သူ ကရင်လူငယ်များအား Phan Foundation မှ နှစ်စဉ် ရွေးချယ်ဂုဏ်ပြုသည့် ဆုတစ်ခု ဖြစ်သည်။

'ဖန်းဖောင်ဒေးရှင်းကနေ ဒီ ပဒိုမန်းရှာ လူငယ်ခေါင်းဆောင်ဆုကို ကိုယ့်ရဲ့ လူမှုအဝန်းအဝိုင်းထဲမှာ အပြောင်းအလဲ လုပ်ဆောင်ပေးနေတဲ့ လူငယ်တွေကို အသိအမှတ်ပြုပြီးတော့ ထောက်ပံ့ပေးနိုင်ခဲ့တယ်။ ဒီလူငယ်တွေဟာဆိုရင် ထိုက်တန်တဲ့ အသိအမှတ် ပြုသင့်တဲ့အပြင် ပစ်ပယ်ခံရတဲ့ အောက်ခြေလူထု ဘဝတွေကို ကူညီပေးတဲ့နေရာမှာလည်း သူတို့လုပ်ဆောင်မှုတွေအတွက် ငွေကြေးထောက်ပံ့မှုတွေကိုလည်း ရသင့်ရထိုက်သူတွေ ဖြစ်ကြတယ်' ဟု ဖန်းဖောင်ဒေးရှင်း ဒါရိုက်တာ နန့်ဘွားဘွားဖန်းက ပြောသည်။

အဆိုပါဆုအတွက် မိမိတို့ လုပ်ဆောင်နိုင်ခဲ့သည့် အောင်မြင်မှု ရလဒ်များကို အဓိကထားကာ အသက် ၃၅ နှစ်အောက်မည်သည့်နေရာတွင် နေထိုင်သည့် ကရင်လူငယ်မဆို အဖွဲ့အစည်းမဆို လျှောက်ထားနိုင်သလို အဖွဲ့အစည်းများအနေဖြင့်လည်းဆုအတွက် မိမိတို့၏ အဖွဲ့ဝင်များကို ထောက်ခံ အဆိုပြုနိုင်သည်ဟုလည်း သိရသည်။

ပဒိုမန်းရှာလားဖန်း လူငယ်ခေါင်းဆောင်ဆု ၂၀၂၀ ခုနှစ်အတွက် ရွေးချယ်ခံရပါက ဆုအတွက် အမေရိကန် ဒေါ်လာ ၄,၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်ဟု Phan Foundation က ထုတ်ပြန်ထားပြီး အဆိုပြုလျှောက်လွှာများကို ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် နောက်ဆုံးထားကာ လက်ခံသွားမည်ဖြစ်သည်ဟု သိရသည်။

ထို့အပြင် လျှောက်လွှာများကို ကရင်၊ မြန်မာ၊ အင်္ဂလိပ်ဘာသာများဖြင့် အမည်၊ အသက်၊ မွေးသက္ကရာဇ်၊ နေရပ်နှင့် အဖွဲ့အစည်းစသည့် အချက်အလက်များဖြင့် bwabwa.phan@phanfoundation.org တွင် ပေးပို့လျှောက်ထားနိုင်ပြီး ၂၀၂၁ အစောပိုင်းတွင် အဆိုပါဆုအတွက် ရွေးချယ်ခံရသူကို ထုတ်ပြန်ကြေငြာသွားမည်ဟုလည်း Phan Foundation က ထုတ်ပြန်ထားသည်။

ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ပဒိုမန်းရှာလားဖန်းနှင့် ဇနီး နန့်ကျင်ရွှေတို့အား ရည်စူး၍ ကျန်ရစ်သူသားသမီးများမှ အဆိုပါ ဖောင်ဒေးရှင်းကို တည်ထောင်ပြီး နယ်ပယ်အသီးသီးတွင် စွမ်းဆောင်နိုင်ခဲ့သည့် ကရင်လူငယ်များကို ၂၀၀၈ ခုနှစ်မှစတင်ကာ နှစ်စဉ် ရွေးချယ်ချီးမြှင့်ခြင်းလည်း ဖြစ်သည်။

## အမည်စာရင်းချန်ထားခံရသည့် ပဒေသရာဇ်ခေတ် ကရင်ကျွဲဒုံးအက ပြန်လည်တင်သွင်းမည်

နိုဝင်ဘာ ၂၄ ရက်၊ ၂၀၂၀ ပြည့်နှစ်။ စောမြတ်ဦးသာ

ကမ္ဘာ့ကုလသမဂ္ဂ၏ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း (UNSCO)မှ အသိအမှတ်ပြုနိုင်ရန် ပြည်ထောင်စုအဆင့်တွင် ကနဦး တင်သွင်းမည့် ကရင်ဒုံးအကထဲမှ ပဒေသရာဇ်ခေတ် ကရင်ကျွဲဒုံးအက ပါဝင်လာခြင်း မရှိသည့်အတွက် ကရင်းဒုံးအက ပညာရှင်များမှ ပြန်လည်တင်သွင်းမည်ဟု သိရသည်။

ကရင်ဒုံးအက အမည်စာရင်း တင်သွင်းရန် အသက်အရွယ်အပိုင်းခြားအလိုက် ခေတ်အဆက်ဆက် ကကြိုးကဟန် တစ်ခုချင်းစီ၏ အဓိပ္ပာယ်၊ ရှေးခေတ်ဒုံးအက တေးသွားသီချင်းများနှင့် ၎င်းတို့၏ ဝတ်စားဆင်ယင်မှုများကို ပညာရှင်များ သုတေသနအဖွဲ့မှ မှတ်တမ်းပြုစုမည့် စာရင်းထဲတွင် ပဒေသရာဇ်ခေတ် ကရင်ကျွဲဒုံးအကကို ကရင်ပြည်နယ် ယဉ်ကျေးမှုဌာနမှ အမည်စာရင်း ချန်ထားသည့်အတွက် ပြန်လည် ထည့်သွင်းနိုင်အောင် ကြိုးစား ဆောင်ရွက်မည်ဟု ကရင်ရိုးရာဝတ်စုံ သမိုင်းနှင့် ပဒေသရာဇ်ခေတ် ကရင် ကျွဲဒုံးအက တာဝန်ခံ စောဝဏ္ဏထွန်းက ပြောသည်။

'ပဒေသရာဇ်ခေတ်ဒုံး၊ ကိုလိုနီခေတ်ဒုံး၊ မျက်မှောက်ခေတ်ကာလ ဒုံးအကဆိုပြီး အထောက်အထားတွေနဲ့ ပြသသွားမှာ ဖြစ်ပါတယ်။ ယဉ်ကျေးမှုဌာနကနေ အစီအစဉ် ရေးဆွဲပေးတာ ကျွဲဒုံးအက ချန်ထားခဲ့ခြင်း ခံရပါတယ်။ ဒုံးအကသမိုင်းကို ဦးခေါင်းကနေ ဖြတ်ချတော့ မျက်မှောက်ကာလ အပိုင်းလောက်ပဲ ရှိတော့တာပေါ့နော်။ အစိုးရချထားပေးတဲ့ ငွေမလောက်ရင် ပြင်ပအလှူငွေနဲ့ ကျွဲဒုံးအကကို ဆက်လုပ်သွားမယ်'ဟု နိုဝင်ဘာ ၂၃ ရက်နေ့တွင် ကေအိုင်စီသို့ ပြောသည်။

ကရင်ဒုံးအက အမည်စာရင်း တင်သွင်းရန် ပညာရှင်အဖွဲ့များမှ ကျပ်သိန်း ၆၀၀ တင်ပြထားသော်လည်း ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ကျပ်သိန်း ၃၀၀ သာ ချထားပေးပြီး ချန်ထားခံရသည့် ကျွဲဒုံးအကကိုလည်း ပြင်ပအလှူရှင်များထံ အကူအညီ တောင်းခံကာ ပြန်လည်ထည့်သွင်းမည်ဟု ကရင်ဒုံးအကပညာရှင်များနှင့် ဘဏ္ဍာရေးအဖွဲ့ တာဝန်ရှိသူများထံမှ သိရသည်။

'အစိုးရအဖွဲ့ကရော၊ KNU (ကရင်အမျိုးသား အစည်းအရုံး) ဘက်ကရော ငွေကြေးကူညီတာ ရှိပါတယ်။ ငွေကြေးကတော့ လိုအပ်နေပါတယ်။ ပြန်ရှာရအုံးမယ်။ ယူနက်စကို တင်ပြီးသွားရင် ကရင်ဒုံးအကကို သမိုင်းကျမ်းတစ်ဆူဖြစ်အောင် ဆက်လက် ဆောင်ရွက်မယ်။ စာသင်ကျောင်းမှာလည်း စာပေရော ယဉ်ကျေးမှုအပိုင်းတွေပါ မျိုးဆက်သစ်တွေ လေ့လာသင်ယူနိုင်အောင် ရည်ရွယ်ထားတာ ရှိပါတယ်'ဟု ဘဏ္ဍာရေး တာဝန်ယူထားသူ နန်းမြင့်တင်က ကေအိုင်စီသို့ ပြောသည်။

ကရင်ဒုံးအကကို UNSCO သို့ အမည်စာရင်း တင်သွင်းနိုင်ရန် ပြီးခဲ့သည့် ဇွန် ၂၆ ရက်တွင် ဖားအံမြို့ ဇွဲကပင်ခန်းမ၌ ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် အစိုးရဌာနဆိုင်ရာ ပညာရှင်များနှင့် ကရင်ဒုံးအက ပညာရှင်များက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဒုံးအက သမိုင်းကြောင်း ဖော်ထုတ်ပြသနိုင်ရန် ဖားအံ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး မြို့နယ်တွင် ကနဦး ကွင်းဆင်း သုတေသန မှတ်တမ်းများ စတင်ပြုစုကာ လာမည့်မတ်လတွင် ပြည်ထောင်စုအဆင့် အမည်စာရင်း တင်သွင်းရန် လျာထားပြီး ရွေးချယ်ခံရပါက ယူနက်စကိုအဖွဲ့ထံကို ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ ကိုယ်စားပြုအနေဖြင့် တင်သွင်းရမည်ဟု ပညာရှင်အဖွဲ့များထံမှ သိရသည်။



## ရန်ကုန်ရှိ အာလိန်ငါးဆင့်ကရင်နှစ်သစ်ကူး ယခုနှစ် မကျင်းပဖြစ်

နိုဝင်ဘာ ၁၇ ရက်၊ ၂၀၂၀ ပြည့်နှစ်
စဖန်းရှောင်း

ရန်ကုန်တိုင်း ဒေသကြီး အင်းစိန်မြို့နယ် အာလိန်ငါးဆင့် မဟာဆေးဝက်ဘာ ကျောင်းဝင်းအတွင်း နှစ်စဉ်စည်ကား သိုက်မြိုက်စွာ ကျင်းပနေကျဖြစ်သည့် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ယခုနှစ်တွင် ကျင်းပနိုင်တော့မည် မဟုတ်ကြောင်း ပွဲတော် ကျင်းပရေး တာဝန်ရှိသူများထံမှ သိရသည်။

ကရင်နှစ် ၂၇၆၀ ခုနှစ် လာမည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ ကျရောက်မည်ဖြစ်ပြီး ယခင်နှစ်များက အာလိန်ငါးဆင့် ဘုရားဝင်းအတွင်း ကျင်းပသည့် အဆိုပါ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို လူပေါင်းသောင်းနှင့်ချီကာ ပါဝင် ဆင်နွှဲကျင်းပခဲ့ခြင်း ဖြစ်သည်။



'အဓိကကတော့ ကိုဗစ်ကြောင့်ပေါ့။ ဒီပွဲဖြစ်ဖို့ကလည်း ကြိုတင်ပြင်ဆင်ရတာတွေ အများကြီးပါ။ အခုဒီကိုဗစ် အခြေအနေကြောင့်လည်း ခွင့်ပြုချက်တွေဘာတွေက လွယ်မှာ မဟုတ်ဘူး။ နောက်ပြီး အရင်လို ကရင်ပြည်သူတွေဆီကနေ တစ်အိမ်တက်ဆင်း အလှူငွေကောက်ဖို့ဆိုတာကလည်း အခုအခြေအနေနဲ့က မဖြစ်ပြန်ဘူး'ဟု ကရင်နှစ်သစ်ကူးကျင်းပရေး(ဗဟို) ရန်ကုန်မှ အထွေထွေအတွင်းရေးမှူး မန်းသန်းဝင်းဦးက ပြောသည်။

အာလိန်ငါးဆင့်တွင် ကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်မှာ ရန်ကုန်တွင်း မြို့နယ်အသီးသီးတွင် နေထိုင်ကြသည့် ကရင်လူမျိုးများ၏ နေအိမ်များအထိ ပွဲတော်ကျင်းပနိုင်ရေး အလှူငွေများ လိုက်လံကောက်ခံခဲ့ကြပြီး ကရင်ပြည်သူများထံမှရရှိသည့် အဆိုပါအလှူငွေထည့်ဝင်မှုများဖြင့် အဓိကကျင်းပ ပြုလုပ်ခဲ့ကြခြင်းလည်း ဖြစ်သည်။

လက်ရှိ အခြေအနေများကြောင့် အာလိန်ငါးဆင့် ကရင်အမျိုးသားနှစ်သစ်ကူး ပွဲတော်ကျင်းပနိုင်ခြင်းမရှိတော့ သော်လည်း အထိမ်းအမှတ်အဖြစ် နှစ်စဉ် ထုတ်ဝေသည့် ပြက္ခဒိန်များနှင့် ကရင့်ကြေးမုံမဂ္ဂဇင်းများကို ဆက်လက် ထုတ်လုပ်ဖြန့်ချိပေးသွားမည် ဖြစ်သည်ဟုလည်း မန်းသန်းဝင်းဦးက ပြောသည်။

အင်းစိန်မြို့နယ် အာလိန်ငါးဆင့် မဟာဆေးဝက်ဘာကျောင်းဝင်းအတွင်း ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ကျင်းပလာခဲ့သည်မှာ ၅၆ နှစ်ခန့် ရှိပြီဖြစ်ပြီး နှစ်စဉ် ကရင်ဒုံးအကပြိုင်ပွဲများ၊ တေးသီချင်း သီဆို ဖျော်ဖြေမှုများ၊ များပြားလှသည့် ဈေးဆိုင်တန်းများ၊ အားကစားပွဲများ၊ ရိုးရာလက်ဝှေ့ပွဲများဖြင့် စည်ကားစွာ ကျင်းပခဲ့ကြသည့် ကရင်နှစ်သစ်ကူးပွဲတော် တစ်ခုလည်း ဖြစ်သည်။

## အမျိုးသမီးအပေါ်အကြမ်းဖက်မှုရပ်တန့်ရန်လူတိုင်းမျှတသည့် ဥပဒေဆိုင်ရာတာဝန်ခံမှုရှိရမည်ဟု KWO ပြော




နိုဝင်ဘာလ ၂၅ ရက်၊ ၂၀၂၀
ပြည့်နှစ် စအိုင်ဆူး

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်စေရန် လူတိုင်း မျှတသည့် ဥပဒေဆိုင်ရာ တာဝန်ခံမှုရှိရမည် ဖြစ်ကြောင်း နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့တွင် ကရင်အမျိုးသမီး အစည်းအရုံး–KWO က ထုတ်ပြန်ပြောဆိုလိုက်သည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်ရေး ၁၆ ရက်တာလှုပ်ရှားမှုနှင့် ပတ်သက်ပြီး ယခုလို ထုတ်ပြန်လိုက်ခြင်း ဖြစ်ပြီး ဥပဒေအရ အကြမ်းဖက်မှု ကျူးလွန်သူများ၏ နောက်ခံ အခြေအနေ၊ ချမ်းသာကြွယ်ဝမှုနှင့် အာဏာအရှိန်အဝါရှိမှု အပေါ် ခွဲခြားမှုမရှိဘဲ တာဝန်ခံမှု ရှိရန် လိုအပ်ကြောင်း KWO က ဆိုသည်။

KWO အထွေထွေအတွင်းရေးမှူး နော်ကညောဖောက 'အထူးသဖြင့် အရပ်သားတွေ ပြစ်မှုကျူးလွန်ရင် အရေးယူရတာ အဆင်ပြေပေမဲ့ အာဏာရှိခေါင်းဆောင်တွေပဲဖြစ်ဖြစ်၊ စစ်ခေါင်းဆောင်တွေပဲဖြစ်ဖြစ် ပြစ်မှုကျူးလွန်ခဲ့ရင် အရေးယူခံရမှုက မရှိတော့ဘူး။ ဥပဒေစိုးမိုးမှုက မရှိတော့ဘူး။ ဒုက္ခသည်စခန်းအတွင်းမှာပဲ ဖြစ်ဖြစ်၊ ကရင်အသိုင်းအဝိုင်းထဲမှာပဲ ဖြစ်ဖြစ် သူတို့ကို အရေးယူ ဆောင်ရွက်ဖို့အတွက် ခက်ခက်ခဲခဲ ပြောပေးရတာမျိုးတွေရှိတယ်'ဟု ကေအိုင်စီ သို့ပြောသည်။

အမျိုးသမီးများ အကြမ်းဖက်ခံရမှု ဖြစ်စဉ်တချို့တွင် ပါဝင်ပတ်သက်သူများမှာ အာဏာအရှိန်အဝါ ရှိမှုကြောင့် ဥပဒေ၏ အရေးယူခံရမှုမှ ကင်းလွတ်နေကြရခြင်းကို ဆိုလိုခြင်းဖြစ်ပြီး လူသားများအနေဖြင့် ဥပဒေပြဋ္ဌာန်းမှုအောက်တွင် တာဝန်ခံမှုရှိမှသာ အာဏာအလွဲသုံးစားမှုကို ရှောင်ရှားနိုင်မည်ဖြစ်ကာ

စာမျက်နှာ (၂၂) သို့ ▶▶▶

## နော်ချစ်ပန်းတိုင် အသတ်ခံရသည့်အမှု ၄နှစ်ကြာပြီဖြစ်၍ အမှုမှန်ကြိုးစားဖော်ထုတ်ပေးရန် ဒေသခံလူမှုအဖွဲ့အစည်းများ တောင်းဆို

နိုဝင်ဘာ ၂၄ ရက်၊ ၂၀၂၀ ပြည့်နှစ်
နန်းဝေဖြိုးဇာ



တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့တွင် အသတ်ခံခဲ့ရသည့် ကရင်အမျိုးသမီးလူငယ် နော်ချစ်ပန်းတိုင် အမှုအခင်းမှာ ၄ နှစ်ကျော်ကြာလာသော်လည်း တရားခံ ဖော်ထုတ်နိုင်ခြင်းမရှိသေးသည့်အတွက် အမှုမှန်ကို ကြိုးစား ဖော်ထုတ်ပေးရန် တနင်္သာရီတိုင်းဒေသကြီးရှိ တာကပေါ်လူငယ်အဖွဲ့ အပါအဝင် လူမှုအဖွဲ့အစည်း ၁၃ ဖွဲ့က နိုဝင်ဘာလ ၂၃ ရက်နေ့တွင် သဘောထားကြေညာချက် ထုတ်ပြန် တောင်းဆိုလိုက်သည်။

နော်ချစ်ပန်းတိုင်သည် ၂၀၁၆ ခုနှစ်တွင် ထားဝယ်ဂီတအစည်းအရုံးက ဦးစီးဦးဆောင်သော ရုံပုံငွေရှာဖွေခြင်း သီချင်းဆို ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်စဉ်အတွင်း နိုဝင်ဘာလ ၁၉ ရက်၊ ည ၈း၄၅ နာရီအချိန်တွင် လူပရိသတ် ရာနှင့်ချီရှိသည့် ထားဝယ်မြို့ရှိ ရွှေဝယ်သီရိ အားကစားကွင်း ပွဲခင်း၌ လုပ်ကြံခံခဲ့ရခြင်း ဖြစ်သည်။

သို့သော် ၄ နှစ်တာ ကာလအတွင်း ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာ အစိုးရ၏ အမှုမှန်ပေါ်ပေါက်ရန်အတွက် ဆောင်ရွက်နေသည့် အခြေအနေနှင့်ပတ်သက်၍ ထူး

စာမျက်နှာ (၂၂) သို့ ▶▶▶

## ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ် ကရင်မျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှုပြိုင်ပွဲ ကျင်းပမည်

နိုဝင်ဘာလ ၂၅ ရက်၊ ၂၀၂၀
ခုနှစ်။ စဖန်းရှောင်း

ကရင်အမျိုးသား နှစ်သစ်ကူး ကျင်းပရေး ဗဟိုကော်မတီ (မဟာ ရန်ကုန်)၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအဝှမ်း ရောက်ရှိနေကြသည့် ကရင်လူမျိုးများ ပါဝင်ယှဉ်ပြိုင်နိုင်မည့် ကရင်မျိုးနွယ်စုများ၏ ရိုးရာဝတ်စားဆင်ယင်မှု ပြိုင်ပွဲ တစ်ခုကို လာမည့်ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည့် Covid-19 ကပ်ရောဂါ အခြေအနေများအရ အခမ်းအနားများ၊ ပွဲတော်များ၊ ရိုးရာပွဲတော်များ၊ နေ့ထူးနေ့မြတ်များကို လူစုလူဝေး အများအပြားဖြင့် လတ်တလော ကျင်းပနိုင်ခြင်း မရှိသေးသည့် အခြေအနေများကြောင့် ယခု ရိုးရာဝတ်စားဆင်ယင်မှု ပြိုင်ပွဲကို အွန်လိုင်းမှ တစ်ဆင့် ကျင်းပပြုသွားမည်လည်း ဖြစ်သည်။

'ကရင်အမျိုးသား နှစ်သစ်ကူးကို ပွဲအနေနဲ့ကျင်းပဖို့ အခုနှစ်က အခက်အခဲရှိတာရယ်၊ နောက်တစ်ခုက ကရင် တစ်မျိုးသားလုံး ဝတ်စုံသတ်မှတ်တာတို့ နောက်ပြီး ကိုယ့်ရဲ့မျိုးနွယ်စုဝတ်စုံ သတ်မှတ်တာတို့ကို ဆောင်ရွက်ဖို့ ရှိတဲ့အခါကျတော့ အဲဒီအတွက်စပြီးတော့ စည်းရုံးတဲ့သဘောလည်းဖြစ်တယ် 'ကရင်အမျိုးသား နှစ်သစ်ကူး ကျင်းပရေး ဗဟိုကော်မတီ (မဟာရန်ကုန်)မှ မန်းသန်းဝင်းဦးက ပြောသည်။

ထို့အပြင် အဆိုပါပြိုင်ပွဲကို ကျင်းပရခြင်းမှာ ကရင်လူမျိုးများ အနေဖြင့် မိမိတို့လူမျိုးများ၏ သမိုင်းနှင့် မျိုးနွယ်စု ဝတ်စားဆင်ယင်မှုများကို ပိုမိုစိတ်ဝင်စားလာပြီး သင့်လျော်မှန်ကန်သည့် အမျိုးကို ချစ်မြတ်နိုးသည့် စိတ်များပိုမို ကိန်းအောင်းလာစေရေး စသည့်ရည်ရွယ်ချက်များပါဝင်ကြောင်း ၎င်းက ပြောသည်။

ပြိုင်ပွဲကို ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင် လက်ခံကျင်းပပေးမည်ဖြစ်ကာ စိတ်ပါဝင်စား

စာမျက်နှာ (၂၂) သို့ ▶▶▶





## လူသားဝါဒ

အရိပ်တစ်ခုအောက်မှာ
အရိပ်ခိုတာများရင် . . .
ရှင်သန်ဖို့ မေ့နေကြတယ် ။

မိခင်သံစဉ်ကျူးလို့
အစွန်းရောက် သမုတ်ခံရတာ
ဝမ်းနည်းစရာတော့ မဟုတ်လောက်ဘူး . . . ။

ဗီဇရဲ့ ဇာတ်ကိုက
ပရိယာယ် မကြွယ်ဝတော့
အနာဂတ်ကို ဘဝနဲ့လဲကာ လဲပါစေ. . . ။

လူသားဝါဒဆိုပြီး
မှသားစကားတွေ မွေးစားထားသရွေ့
အခိုးအငွေ့က မှုန်မှိုင်းနေဦးမယ် ။

အသက်တစ်ချောင်းချင်း တူတာတောင်
ဖာပွန်ကညောမူး အသက်က
ဘာမှမဟုတ်သလို . . .
အနီမှ တန်ဖိုးရှိသလို . . .
လူသားဝါဒဆိုရင်
လူ့အသက်တစ်ချောင်းက တူတူပဲ . . . ။

အမျိုးသား သစ္စာဖြင့်
စောယောင့်သာအဲဆန်

### DVB ကရင်ဘာသာ ရုပ်သံ

DVB ရုပ်သံလိုင်းမှ အပတ်စဉ် ထုတ်လွှင့်ပေးလျက်ရှိသည့် ကရင်ဘာသာရုပ်သံ အစီအစဉ်ကို ဗုဒ္ဓဟူးနေ့ ညနေ ၅း၁၅ နာရီနှင့် ကြာသပတေးနေ့ မနက် ၇း၁၅ နာရီ အချိန်များတွင် စောင့်မျှော်ကြည့်ရှုသွားနိုင်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည် ... ။